မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၁၆၉)

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

၂၀၁၂ ခုနှစ်၊ မတ် ၁၈ရက်၊ တနင်္ဂနွေနေ့။

ထူးခြားသည့် နေ့အပူချိန်များ ၁၇-၃-၂၀၁၂		
	ချောက်မြို့	၄၄ ဒီဂရီစင်တီဂရိတ်
	မင်းဘူးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
	မြင်းခြံမြို့	၄၂ ဒီဂရီစင်တီဂရိတ်
	ဆင်ဖြူကျွန်းမြို့	၄၂ ဒီဂရီစင်တီဂရိတ်

တိမ် အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဆစ်ဒနီမြို့သို့ ရောက်ရှိကြရာ နယူးဆောက်ဝေးလ်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆစ်ဒနီမြို့မှ ဩစတြေးလျ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကင်ဘာရာမြို့ တပ်မတော်လေယာဉ်ကွင်းသို့ရောက်ရှိကြရာ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့များသည် ခေတ္တတည်းခိုမည့် ကင်ဘာရာမြို့ရှိ ဟိုင်းယပ်ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ညပိုင်းတွင်နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဩစတြေးလျနိုင်ငံရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး သံအမတ်ကြီးနှင့်သံရုံးမိသားစုဝင်များ၊ ဩစတြေးလျ နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့်တွေ့ဆုံနှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဩစတြေးလျနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



အရံဂြိုဟ်လနှင့် ဂျူပီတာဂြိုဟ်တို့ အလင်းရောင်များတောက်ပ

မိုးမြင့်လင်းလက်ရေးသည်

အာကာသအတွင်း မတ် ၁၇ ရက်က အရံဂြိုဟ်လနှင့် ဂျူပီတာဂြိုဟ်တို့သည် အလင်းရောင်များတောက်ပခဲ့ကြောင်း၊ ထိုသို့သောမြင်ကွင်းကို အာကာသ၏ အနောက်တောင်ဘက်၌ ညအချိန်တွင် ထင်ထင်ရှားရှား မြင်တွေ့ရခြင်းဖြစ်ကြောင်း နာဆာမှအာကာသသုတေသနပညာရှင်များကပြောကြားသည်။ အဆိုပါ ဂျူပီတာဂြိုဟ်နှင့် အရံဂြိုဟ်လတို့မှ အလင်းရောင်တောက်ပစွာထွက်ပေါ်မှုကို မတ် ၁၇ ရက်က နေဝင်ပြီး ၄၅ မိနစ်ခန့်အကြာတွင်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ အမေရိကန်နိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအနေဖြင့် မတ် ၁၇ ရက်ဒေသစံတော်ချိန် ည ၇ နာရီခန့်၌ ထင်ထင်ရှားရှားမြင်တွေ့ခဲ့ကြရခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မြန်မာနိုင်ငံတစ်ဝန်းကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နယ်စပ် ကုန်သွယ်ရေးစခန်းများ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ကြိုးစားနေသလို ပြည်တွင်း၌လည်း ကုန်သွယ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ တိုးတက်ဖြစ်ထွန်းစေရန်အတွက် ကုန်စည်ဒိုင်အသစ်များ တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပြည်တွင်းမှာ ကုန်ရောင်း၊ ကုန်ဝယ်ပြုလုပ်သူတွေအနေနဲ့ အဆင်ပြေစေဖို့အတွက် ကုန်စည်ဒိုင်တွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့တော့ စီစဉ်နေပါတယ်။ ဒီလိုတိုးချဲ့ဖွင့်လှစ်နိုင်ရင်တော့ ကုန်ထုတ်သူတွေ၊ ရောင်းဝယ်သူတွေနဲ့ စားသုံးသူတွေအတွက် ပိုပြီးအကျိုးရှိလာမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့၌ ကုန်စည်ဒိုင်နှစ်ခုရှိနေပြီး ယင်းတို့မှာ ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ဝါးတန်းလမ်းကုန်စည်ဒိုင်တို့ဖြစ်သည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ငရုတ်၊ ကြက်သွန်၊ ပဲ စသည့် ကုန်ပစ္စည်းမျိုးစုံကို ရောင်းဝယ်ဖောက်ကားမှုပြုလုပ်လျက်ရှိသည်။

ရန်ကုန်မြို့ ဝါးတန်းလမ်း ကုန်စည်ဒိုင်တွင်မူ ဆန်ကို အဓိကထားပြီး ရောင်းဝယ်မှုပြုလုပ်လျက်ရှိရာ လောလောဆယ်တွင် ထုတ်ကုန်ပစ္စည်းများ ရောင်းချ ဝယ်ယူသူများအတွက်

> **သတင်းမှတ်စု - အာကာဟိန်း**

အဆင်ပြေမှုရှိနေသော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းမှ ကုန်ရောင်း၊ ကုန်ဝယ်ပြုသူများအတွက် လက်လှမ်းမီရန် လိုအပ်လျက်ရှိနေဆဲဖြစ်သည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ကုန်စည်ဒိုင်သစ်တစ်ခုကို သီရိမင်္ဂလာဈေးတွင် ဖွင့်လှစ်သွားရန် စီစဉ်နေပြီဖြစ်သည်။ ထိုသို့ ကုန်စည်ဒိုင်သစ် ဖွင့်လှစ်ခြင်းကြောင့် ထုတ်လုပ်သူနှင့် ရောင်းဝယ်သူများသာမက ကုန်ဈေးနှုန်းများလည်း တည်ငြိမ်ကျဆင်းသွားရန် အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့ ကုန်စည်ဒိုင်များသို့ ဒေသထွက်ကုန်များ တင်ပို့ရောင်းချခြင်းသည် သယ်ယူခစရိတ်နှင့် ဈေးနှုန်းအတက်အကျတို့နှင့် ကြုံတွေ့နေရသည့်အပြင် အချိန်ကုန်မှုများလည်း ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်တွင်း၌ ကုန်စည်စီးဆင်းမှုလျင်မြန်စေရန် နိုင်ငံတစ်ဝန်းကုန်စည်ဒိုင်အသစ်များလည်း ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။

ထို့ကြောင့် လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်း ကုန်စည်ဒိုင် ၂၆ ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်နေပြီဖြစ်သည်။ ထိုသို့ ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့် ကုန်ပစ္စည်းများ သယ်ယူစရိတ်သက်သာပြီး ဒေသတွင်း ကုန်ရောင်းကုန်ဝယ်သူများကို အကျိုးကျေးဇူးရှိစေနိုင်ပြီး စားသုံးသူများအတွက်လည်း ဈေးနှုန်းသက်သာစေနိုင်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံနှင့်အက်မက်စ်

အက်မက်စ်သည်လည်း CLMV ကဲ့သို့ပင် အာဆီယံအဖွဲ့အစည်းမှ ပေါက်ဖွားလာသည့် ညီနောင်အဖွဲ့အစည်းဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ အာဆီယံနိုင်ငံများအတွင်း ပါဝင်သည့် အဖွဲ့ဝင်(၅)နိုင်ငံဖြင့် ဖွဲ့စည်းထားခြင်းကြောင့်ဖြစ်သည်။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။ ယင်းငါးနိုင်ငံတို့သည် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACIMECS-အက်မက်စ်)အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဖွဲ့၏ အဓိကရည်ရွယ်ချက်သည်ကား အဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်သည်။

အထူးသဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ကဏ္ဍ(၈)ရပ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းတို့မှာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများပါဝင်သည်။ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ယင်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ အရှိန်အဟုန်အားလိုနေပြီဖြစ်ကြောင်း သိရသည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အရေးပါလှသည့် တောင်-မြောက် စီးပွားရေးစင်္ကြံ၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံ၊ မဟာမဲခေါင်ဒေသခွဲအောက်ရှိ တောင်ပိုင်းစီးပွားရေးစင်္ကြံများ ထူထောင်လုပ်ကိုင်ရန်လည်း သဘောတူထားကြသည်။

(၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို မတ် ၁၃ ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည်။ ထိုထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ခဲ့သည်။ ထို့အပြင် အိမ်ရှင် လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များလည်း တက်ရောက်ခဲ့သည်။ တတိယအကြိမ်ထိပ်သီးအစည်းအဝေးမှစပြီး ယခုကဲ့သို့ နိုင်ငံ့ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသဖြင့် တစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အက်မက်စ်လုပ်ငန်းအစီအစဉ်(၂၀၁၃-၂၀၁၅)ကို အတည်ပြုကြပြီး ပုဂံကြေညာစာတမ်းနှင့် အခြားအက်မက်စ် ထိပ်သီးအစည်းအဝေးကြေညာချက်အားလုံးတွင် ချမှတ်ထားသည့် အဖွဲ့ဝင်နိုင်ငံများအကြားတည်ရှိသော အိမ်နီးချင်းကောင်းပီသမှု၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဦးတည်ချက်နှင့် ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်သွားရန် ကတိကဝတ်များ ထပ်မံဖော်ထုတ်ခဲ့ကြသည်။ အထူးသဖြင့် ဤထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံက (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံကဲ့သို့ အက်မက်စ်နှင့် CLMV ထိပ်သီးအစည်းအဝေးများကို တစ်ပြိုင်တည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိလိုက်ခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုထိပ်သီးအစည်းအဝေးများ ကျင်းပခွင့်ရရှိခြင်းသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် အိမ်ရှင်ကျင်းပခွင့်တို့နှင့်ဆက်စပ်နေခြင်းကြောင့် မြန်မာ့စီးပွားရေးတိုးတက်မှု အပြောင်းအလဲများအတွက် မောင်းနှင်အား၊ တွန်းအားများ ဖြစ်တည်လာလိမ့်မည်ဟုယုံကြည်မိပါသည်။ ။

ပြည်တွင်းသတင်း

စံပြအုပ်ချုပ်ရေးမှူးများအဖြစ် အလေးအနက်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၁၇

နေပြည်တော်ကောင်စီနယ်မြေ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်းပွဲနှင့် အုပ်ချုပ်ရေးမှူးတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၅ ရက် ညနေ ၄ နာရီက နေပြည်တော်ကောင်စီခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနား၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် **(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် နိုင်ငံ၏ အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်တွင် အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များသည် ပြည်သူများနှင့် အနီးကပ်ထိတွေ့ဆက်ဆံရသော အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်သူတို့၏ အဓိကလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ၂၀၁၂ ခုနှစ် ရပ်ကွက်များ၏ အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေပါ လုပ်ငန်းတာဝန် ၃၂ ချက်ကို သိရှိလိုက်နာပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် လုပ်ငန်းတာဝန် ၃၂ ချက်အပြင် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ပါ လုပ်ငန်းများ၊ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးမူ(၅)ချက်နှင့် လယ်ယာမြေ မှတ်ပုံတင်ရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ လောင်းကစားမှုပပျောက်ရေး၊ အရက်ပုန်းရောင်းချမှုမရှိစေရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရာဇဝတ်မှုများမဖြစ်ပွားရေးကိစ္စရပ်များကို ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပညာရေးဆိုင်ရာ ကျောင်းနေအရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေခွင့်ရရှိရေး၊ ပညာရေးကို ဆုံးခန်းတိုင်သင်ကြားနိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကလေးသူငယ်များ မွေးဖွားမှုနှုန်းလျော့နည်းကျဆင်းရေး၊ ရပ်ရွာ သာရေးနာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ အုပ်ချုပ်ရေးမှူးများဖြစ်သည်နှင့်အညီ စံပြအုပ်ချုပ်ရေးမှူးများအဖြစ် အလေးအနက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် သင်တန်းဆင်းလက်မှတ်များကို ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူးတို့က မြို့နယ်ရှစ်မြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ကိုယ်စားလှယ်များသို့ ပေးအပ်သည်။

ယင်းနောက် ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူးတို့က မြို့နယ်ရှစ်မြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ကိုယ်စားလှယ်များသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး လုပ်ငန်းတာဝန်ပေး ခန့်အပ်လွှာများကို ပေးအပ်သည်။

ထို့နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ဓမ္မစကြာဝတ်ရွတ်အသင်းများသို့ လှူဒါန်းသည့် ယောဂီဝတ်စုံ ၂၃၄ စုံကို နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်ကပေးအပ်ရာ ဓမ္မစကြာ ဝတ်ရွတ်အသင်းရှစ်သင်းတို့မှ တာဝန်ရှိသူများက လက်ခံသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စုစုပေါင်း ၂၃၈ ဦးအား စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ရက်သတ္တလေးပတ်ကြာ ပို့ချခဲ့ပြီး ရပ်ကွက်/ကျေးရွာအုပ်စုများ၌ အုပ်ချုပ်ရေးမှူးတာဝန်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်းကမ်းမဲ့စွာ ထပ်ဖန်တလဲလဲဖျက်ဆီးခံနေရသည့် ဖျာပုံမြို့အဝင်ဆိုင်းဘုတ်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနေသည့် မြို့ဖြစ်ပြီး လူနေမှုအဆင့်အတန်း မြင့်မားသည့်မြို့တစ်မြို့လည်းဖြစ်သည်။ ပင်လယ်ထွက်ပေါက်မြို့ဖြစ်သဖြင့် ပင်လယ်ထွက်ကုန်များအပြင် ရေလုပ်ငန်း၊ ဆန်စပါးလုပ်ငန်းများနှင့် စီးပွားရေးအဆင်ပြေနေကြသည်မှာ အမှန်ပင်ဖြစ်သည်။ ဖျာပုံမြို့နှင့် အခြားမြို့ကြီးများဆက်သွယ်ရာ အဝေးပြေးကားလမ်းမကြီးများပေါ်တွင် ဒေးဒရဲဘက်မှ ဖျာပုံမြို့အဝင်၊ ကျိုက်လတ်မြို့ဘက်မှ ဖျာပုံမြို့အဝင်၊ ဘိုကလေးမြို့ဘက်မှ ဖျာပုံမြို့အဝင်များတွင် ဖျာပုံမြို့မှ ကြိုဆိုပါ၏ ဆိုင်းဘုတ်များကို မြို့နယ်စည်ပင်အဖွဲ့မှ စိုက်ထူခဲ့ရာတွင် ဘိုကလေးမြို့ဘက်မှ ဖျာပုံမြို့အဝင်ဆိုင်းဘုတ်အား ယခင်အချိန်များက စည်းကမ်းမဲ့ဖျက်ဆီးနေမှုကို သတင်းမီဒီယာများတွင် ဖော်ပြခဲ့ပြီးဖြစ်သော်

လည်း ယခုအကြိမ်ထပ်မံ၍ မြို့အဝင်ဆိုင်းဘုတ်ကို ထပ်ဖန်တလဲလဲဖျက်ဆီးခံနေရသည်မှာ မြို့ဂုဏ်သိက္ခာကို ထိပါးစေသဖြင့် မြို့နေပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေရသည်။ ယခုကဲ့သို့ ရည်ရွယ်ချက်မဲ့ စည်းကမ်းမဲ့စွာ ဖျက်ဆီးနေသူများကြောင့် ခြံစည်းရိုးများ၊ ဆိုင်းဘုတ်စာလုံးများကို

ထင်သာမြင်သာ ပြုပြင်စရာ

မကြာခဏ ပြန်လည်ပြုပြင်နေရသဖြင့် မလိုအပ်ဘဲ ငွေကြေးများစွာ ကုန်ကျနေရပြီး စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် ဖျာပုံမြို့သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာနေကြရာတွင် မြင်တွေ့သွားပါက မသင့်လျော်သဖြင့် မြို့အဝင်ဆိုင်းဘုတ်စာလုံးကို ပြုပြင်ပြီးပါက ထပ်မံဖျက်ဆီးခြင်း ကင်းဝေးစေရန် မြို့နေပြည်သူများနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ (ဝ၇၁)

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ပညာရေးကင်းရှင်းကြောင်း ထောက်ခံချက်ရယူတင်ပြရန် မလိုအပ်တော့ကြောင်းအသိပေးကြေညာ

ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ နိုင်ငံကူးလက်မှတ် လျှောက်ထားရန်အတွက် "ပညာရေးကင်းရှင်းကြောင်း ထောက်ခံချက်" ပူးတွဲတင်ပြရန် သတ်မှတ်ချက်ကို ၁၈-၃-၂၀၁၃ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

ပြည်တွင်းသတင်း

ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၁၇

ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Didier Reynders ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အောင်လံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်-ရွာထောင်-ကျောက်ပတောင်း-သမ္ဘလလမ်း ကျောက်ချောလမ်းခင်းနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မတ် ၁၅ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွာမထုံးရွာ ကျေးလက်သန့်ရှင်းရေရရှိရေးအတွက် လေးလက်မ စက်ရေတွင်းတူးဖော်နေမှု၊ သမ္ဘလကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်နေမှု၊ စာသင်ခန်းများ နံရံဆေးသုတ်ခြင်း၊ ကြမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရွှေပန်းတောကျေးရွာ၌ နွေစပါး ရွှေပြည်ဧးစပါးမျိုး ၁၀ ဧက စံပြစိုက်ကွက်၊ တိုက်နယ်ဆေးရုံနှင့် ပဒဲဆည်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တုရင်အားကစားအဖွဲ့ ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် မတ် ၁၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စစ်တုရင်ပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းပါဝင်မည်ဖြစ်ရာ ပြိုင်ပွဲဝင်နိုင်ငံများ၌ မြန်မာ့ရိုးရာ စစ်တုရင်ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။ မတ် ၁၈ ရက်မှ ၂၅ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင် ဆွေးနွေးပွဲနှင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်းပြိုင်ပွဲတွင် ပါဝင်ရန် မြန်မာစစ်တုရင် အားကစားအဖွဲ့သည် မတ် ၁၇ ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။ အားကစားအဖွဲ့တွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ အမှုဆောင် ဦးတိုးနှင့် အားကစားသမားမျိုးနိုင်တို့ လိုက်ပါသွားသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဩစတြေးလျနိုင်ငံရှိ မြန်မာသံရုံးမှ သံရုံးမိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၅)ဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၅) ဆင်းပွဲ အခမ်းအနားကို မတ် ၁၅ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အဆိုပါ ကောလိပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က စံပြအရာရှိလောင်း (ရေကြောင်း) နှင့် စာပေထူးချွန် (ရေကြောင်း)ဆုရ (ရ/၂၀၈၈)ဇေဇေအောင်၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ)နှင့် စာပေထူးချွန် (အင်ဂျင်နီယာ) ဆုရ (စ/၂၁၀၁) ထက်မြက်အောင်နှင့် အကောင်းဆုံးစစ်ရေးပြဆုရ အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၇)မှ ဘရဏီတပ်ခွဲတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်က ၂၀၁၃ ခုနှစ် ပညာသင်နှစ်အထိ သင်တန်းဆင်းအရာရှိလောင်းများ အပါအဝင် ရေကြောင်းအရာရှိလောင်း ၂၂၁၂ ဦးနှင့် အင်ဂျင်နီယာ အရာရှိလောင်း ၂၁၂၈ ဦး စုစုပေါင်း အရာရှိလောင်း ၄၃၄၀ ဦးတို့ကို စွမ်းရည်ထက်မြက်သည့် နိုင်ငံတကာအဆင့်မီ ရေကြောင်းပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ခြင်းသည် အနာဂတ်နိုင်ငံတော်၏ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အခြေခံအကျဆုံး အမျိုးသားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည်များကိုအခြေပြုပြီး အရည်အချင်းပြည့်ဝ၍ ခေါင်းဆောင်မှုပေးနိုင်သည့် ရေယာဉ်မှူးကြီးများ၊ အင်ဂျင်နီယာမှူးကြီးများဖြစ်အောင် ကြိုးစားသွားကြရန်နှင့် နောင်တစ်ချိန်တွင် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်၏ ဂုဏ်သတင်းကိုမြှင့်တင်ရန် သမိုင်းပေးတာဝန်များ လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၅)တွင် ဒီပလိုမာလက်မှတ်ရ ရေကြောင်းအရာရှိလောင်း ၁၀၂ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၁၁၂ ဦး စုစုပေါင်း ၂၁၄ ဦးတို့သည် ရေကြောင်းပညာရပ်များကို နှစ်နှစ်ကြာဆည်းပူးလေ့လာသင်ယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၅)ဆင်းပွဲတွင် ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၀၀ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

ညပိုင်း

၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၆း၀၀ ညနေခင်းသတင်း
၆း၂၀ SEA Games လှုံ့ဆော်ရေးဇာတ်လမ်းတို **မျှော်လင့်ချက်**
မိုးယံဇွန်၊ ယုသန္တာတင် (ဒါရိုက်တာ-ဂျိုး)
၇း၀၀ ပြည်တွင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း
- **(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ**

နိုင်ငံတကာသတင်း

ပြည်တွင်းဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းရန် နျူကလီယားဓာတ်ပေါင်းဖို ဂျော်ဒန်၌ တည်ဆောက်မည်

အမ္မာန် မတ် ၁၇

ဂျော်ဒန်နိုင်ငံသည် လာမည့်မေလလယ်တွင် ပထမဆုံးနျူကလီးယား ဓာတ်ပေါင်းဖို တည်ဆောက်နိုင်ရေးအတွက် နည်းပညာများ လေ့လာစုစည်းလျက်ရှိကြောင်း ဂျော်ဒန်နိုင်ငံပိုင်သတင်းဌာန ပီတရာက မတ် ၁၇ ရက်၌ ထုတ်ပြန်သည်။

ဆက်လက်ပြောကြား

နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရေးအတွက် ထောက်ကူဖြည့်ဆည်းပေးနိုင်ရန် လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း ဂျော်ဒန်နျူကလီးယားစွမ်းအင်အေဂျင်စီ အကြီးအကဲ ခါလက်တူခန်က ပြောကြားသည်။ ထိုသို့ နျူကလီးယားဓာတ်ပေါင်းဖိုပြုလုပ်ရန် ရုရှား၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့က ကုမ္ပဏီများကို ကူညီပေးလျက်ရှိကြောင်း၊ လာမည့်မေလလယ်တွင် လုပ်ငန်းစတင်နိုင်ရန် မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆုံးဖြတ်ခဲ့

နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်မည့်နေရာကို ယခုမတ်လကုန်၌ အပြီးသတ်ရွေးချယ်မည်ဖြစ်ပြီး လောလောဆယ်တွင် နေရာသုံးခုမှ တစ်နေရာကို ရွေးချယ်ရန် စီစဉ်ထားသည်။ ထိုသို့ မြေနေရာရွေးချယ်မှုကို ဂျော်ဒန်အစိုးရသို့ တင်ပြအတည်ပြုချက် ရယူမည်ဖြစ်ပြီး စွမ်းအင်လိုအပ်ချက် ၉၆ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းနေရသဖြင့် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

တင်မောင်လွင် - စုစည်းသည်

တရုတ်နိုင်ငံခြားရေးဝန်ကြီးသစ် ဝမ်ယီ

တရုတ်နိုင်ငံခြားရေးဝန်ကြီး အသစ်ခန့်အပ်

ပေကျင်း မတ် ၁၇

တရုတ်ပါလီမန်က ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ဟောင်းတစ်ဦးဖြစ်သည့် ဝမ်ယီအား တရုတ်နိုင်ငံခြားရေးဝန်ကြီးအသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း မတ် ၁၆ ရက်က အမျိုးသားကွန်ဂရက်၏ ထုတ်ပြန်ချက်ကို အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လောလောဆယ် တရုတ်(တိုင်ပေ)ရေးရာခေါင်းဆောင်ဖြစ်သည့် ဝမ်သည် ၂၀၀၇ခုနှစ်ကတည်းက နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သူ ယန်ကျိချီနေရာတွင် အစားထိုးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

တင်းမာမှုအရှိန်မြင့်မား

ယန်ကျိချီကို အစိုးရကောင်စီသို့ အဆိုပြုခန့်အပ်ခဲ့ကြောင်း မတ် ၁၆ ရက်က အမျိုးသားပြည်သူ့ကွန်ဂရက်၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။ အဆိုပါ နိုင်ငံခြားရေးဝန်ကြီး ပြောင်းလဲမှုသည် အရှေ့တရုတ်ပင်လယ်အတွင်း လူနေထိုင်ခြင်းမရှိသည့် ကျွန်းများအတွက် ဂျပန်နှင့် တင်းမာမှုအရှိန်မြင့်မားချိန်တွင် ဖြစ်လာခဲ့သည်။

အသက် ၅၉ နှစ်အရွယ်ရှိ ဝမ်သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ တိုကျိုမြို့ရှိ တရုတ်သံရုံးတွင် သံတမန်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ၎င်းသည် ဂျပန်စကားပြောဆိုနိုင်သူတစ်ဦးဖြစ်သည်။ ဝမ်သည် ၂၀၀၈ ခုနှစ်က အစိုးရကောင်စီတွင် တရုတ်(တိုင်ပေ)ရေးရာခေါင်းဆောင်ဖြစ်ခဲ့သည်။

(အေပီ)

ကားတွင်တပ်ဆင်ထားသော ဝိုင်ပါလက်တံပြဿနာကြောင့် တရုတ်ဈေးကွက်မှ တိုယိုတာကားများ ပြန်ရုပ်သိမ်း

ပေကျင်း မတ် ၁၇

တရုတ်ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချထားသော ဂျပန်တိုယိုတာကားများဖြစ်သည့် အက်ဖ်ဂျေခရုဇာ တိုယိုတာကားအစီးရေ ၄၄၀၀ ခန့်ကို ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဝယ်ယူသူအရည်အသွေးစောင့်ကြည့်စစ်ဆေးအဖွဲ့က မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ မော်တော်ကားများသည် တရုတ်ဈေးကွက်သို့ ၂၀၀၇ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၃ခုနှစ် ဒီဇင်ဘာလအထိ တင်ပို့ခဲ့သော တိုယိုတာကားများဖြစ်သည်ဟု အရည်အသွေးစစ်ဆေးရေးအဖွဲ့က ၎င်းတို့၏ဝက်ဘ်ဆိုက်၌ ဖော်ပြခဲ့သည်။

တိုယိုတာကားကုမ္ပဏီအနေဖြင့် လာမည့်ဧပြီ ၁၅ရက်မတိုင်မီ ပိုမိုကောင်းမွန်သော နည်းစနစ်များ တပ်ဆင်ဖြေရှင်းပေးမည်ဖြစ်သည်။ ယခုတိုယိုတာကားများ ပြန်လည်ရုပ်သိမ်းမှုမှာ ၂၀၁၃ ခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။

ပထမအကြိမ်မှာ ယခုနှစ် ဇန်နဝါရီလတွင်ဖြစ်ပြီး ကားတွင်တပ်ဆင်ထားသော ဝိုင်ပါလက်တံပြဿနာကြောင့်ကားစီးရေ ၂၂၈၆၉ စီးကို ဈေးကွက်မှ ပြန်လည်သိမ်းဆည်းခဲ့ရသည်။ ထို့အတူ တရုတ်ဈေးကွက်မှ ဂျာမန်လုပ် ဗောက်ဝက်စ်ဂွန်ကားများတွင်လည်း ဂီယာအုံချွတ်ယွင်းမှုကြောင့် အရည်အသွေးစောင့်ကြည့်စစ်ဆေးရေးအဖွဲ့က ပြန်လည်သိမ်းဆည်းခဲ့သည်။

(ဆင်ဟွာ)

လက်ဘနွန်၌ ဆီးရီးယားဒုက္ခသည် ၃၅၇၀၀၀ ခန့် ရောက်ရှိနေ

ဘေရွတ် မတ် ၁၇

ဆီးရီးယားနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသော စစ်ဘေးဒုက္ခသည်များဦးရေသည် လက်ဘနွန်နိုင်ငံတွင် ၃၅၇၀၀၀ အထိ ရှိလာနေပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် အင်န်ဂျီအိုအဖွဲ့များမှ အပတ်စဉ်ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်ကို မတ် ၁၇ ရက်၌ ဖော်ပြသည်။

ဖော်ပြထား

လောလောဆယ်တွင် လက်ဘနွန်နိုင်ငံ ဒုက္ခသည်စခန်းများ၌ တရားဝင်မှတ်ပုံတင်ထားသော ဆီးရီးယားဒုက္ခသည်ဦးရေမှာ ၂၂၅၀၀၀ ရှိနေပြီး ကျန် ၁၃၁၀၀၀ ကျော်မှာ တရားဝင်မှတ်ပုံတင်ရန် စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း (ယူအင်န်အိတ်ချ်စီအာရ်)မှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း၌ပင် ဒုက္ခသည် ၁၂၀၀၀ ကျော် မှတ်ပုံတင် စာရင်းသွင်းနိုင်ခဲ့ပြီးဖြစ်သည်။ လက်ဘနွန်နိုင်ငံမြောက်ပိုင်းတွင် ဒုက္ခသည် ၁၀၂၅၂၇ ဦးမှတ်ပုံတင်ထားပြီး လက်ဘနွန်နိုင်ငံဘီကာရာဒေသတွင် ဒုက္ခသည် ၈၅၉၉၈ ဦးနှင့် ဘေရွတ်တွင် ၁၉၇၈၅ ဦး၊ မောင့်လက်ဘနွန်ဒေသတွင် ဒုက္ခသည် ၁၇၃၉၉ ဦးရှိနေသည်။

တောင်းခံ

ဆီးရီးယား စစ်ပြေးဒုက္ခသည်များကို အကူအညီနှင့် အထောက်အပံ့များပေးပို့ကြရန် နိုင်ငံတကာနှင့် အလှူရှင် အဖွဲ့အစည်းများသို့ ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာမဟာမင်းကြီးရုံးမှ တိုက်တွန်းဆော်ဩထားသည်။ ကုလသမဂ္ဂသို့လည်း အမေရိကန်ဒေါ်လာသန်း ၃၇၀ ခန့်ရှိ အကူအညီများရရှိရန် ယူအင်န်အိတ်ချ်စီအာရ်က တောင်းခံထားသည်။

(ဆင်ဟွာ)

ဆွစ်ဇာလန်သူ အိန္ဒိယတွင် မတရားပြုကျင့်ခံရ

နယူးဒေလီ မတ် ၁၇

ဆွစ်ဇာလန်အမျိုးသမီး ကမ္ဘာလှည့်ခရီးသည်တစ်ဦးသည် သူမ၏ခင်ပွန်းနှင့်အတူ စက်ဘီးစီးခရီးထွက်လာစဉ် အိန္ဒိယနိုင်ငံသစ်တောဧရိယာတစ်ခု၌ အိန္ဒိယနိုင်ငံသားခုနစ်ဦးမှ ရှစ်ဦးအထိပါဝင်သည့် အုပ်စုတစ်စု၏ အုပ်စုဖွဲ့မတရားပြုကျင့်မှုကို ခံခဲ့ရကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့၏ပြောကြားချက်အရ သိရသည်။

အဆိုပါ အုပ်စုဖွဲ့ဂိုဏ်းသည် အိန္ဒိယနိုင်ငံ မက်ဟာမရာဒက်ရှ်ပြည်နယ်တွင် မတ် ၁၅ ရက်ညက ဆွစ်ဇာလန်ဇနီးမောင်နှံကို တိုက်ခိုက်ပြီး အသက် ၃၉ နှစ်အရွယ်ရှိ အမျိုးသမီးကို ကိုယ်ထိလက်ရောက် အဓမ္မပြုကျင့်ခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က မတ် ၁၆ ရက်တွင် ပြောကြားသည်။

အကြမ်းဖက်သူများသည် အမျိုးသားကို ကြိုးဖြင့်ချည်နှောင်ပြီး ၎င်း၏ဇနီးကို မတရားပြုကျင့်ခဲ့ကြောင်း၊ ထို့အပြင် ရူပီး ၁၀၀၀၀ နှင့် မိုဘိုင်းဖုန်းတစ်လုံးကို လုယက်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့သို့ သူမ၏ထွက်ဆိုချက်တွင် ၎င်းတို့ဇနီးမောင်နှံသည် ဆွစ်ဇာလန်နိုင်ငံသားများဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းတို့၏ နိုင်ငံသားအဖြစ် အတည်ပြုရန် ၎င်းတို့၏နိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးသွားကြောင်း သူမက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ၎င်းတို့နှစ်ဦးကို တဲတစ်လုံးပေါ်တွင် ထားထားကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

(အေအက်ဖ်ပီ)

နိုင်ငံတကာသတင်း

ရွေးကောက်ပွဲအပြီး ကင်ညာနိုင်ငံ၏ နိုင်ငံရေးရာသီဥတု

ကင်ညာနိုင်ငံ၌ မမျှော်လင့်ဘဲ အကြမ်းဖက်မှုများပေါ်ပေါက်စေသည့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာရွေးကောက်ပွဲအပြီးတွင် ယခုကျင်းပသည့် ရွေးကောက်ပွဲမှာ ပထမဆုံးပြုလုပ်သည့် ရွေးကောက်ပွဲဖြစ်သည်။ ဤရွေးကောက်ပွဲအတွင်း ကင်ညာပြည်သူတို့က သမ္မတတစ်ဦး၊ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်အမတ်များ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် အသစ်တီထွင်ဖွဲ့စည်းသည့် ပြည်နယ်အဆင့်အမတ်များကို ရွေးချယ်ပေးရမည်ဖြစ်သည်။

တိုး

ကင်ညာသမ္မတ ကီဘာကီက ရွေးကောက်ပွဲတွင် ပြန်လည်အရွေးမခံရသော်လည်း ဝန်ကြီးချုပ်အိုဒင်ဂါက သမ္မတရွေးကောက်ပွဲ၌ ရှေ့တန်းမှ ပြေးနေသည့် ယှဉ်ပြိုင်သူတစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည်။ တကယ်တွင် ဝန်ကြီးချုပ်ရာထူးမှာ ငြိမ်းချမ်းရေးသဘောတူညီမှုရရှိအောင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ဖန်တီးပေးခဲ့သည့် ရာထူးတစ်ခုဖြစ်သည့်အတွက် နောက်နောင်တွင် ရှိတော့မည်မဟုတ်ပေ။ သို့သော် ပြီးခဲ့သည့်ရွေးကောက်ပွဲ ထမင်းလုံးတစ္ဆေသည် ကင်ညာနိုင်ငံရေးလောကကို ယခုတိုင်ခြိမ်းခြောက်လျက်ရှိနေသေးသည်ဟုဆိုရမည်ဖြစ်၏။ ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲအပြီး အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတရာထူး ယှဉ်ပြိုင်အရွေးခံသူ မစ္စတာကင်ယတ်တာအနေဖြင့် ဤရွေးကောက်ပွဲအပြီး တစ်လအကြာတွင် နိုင်ငံတကာ ပြစ်မှုတရားရုံး (အိုင်စီစီ) ၌ အမှုနှင့်ရင်ဆိုင်ရမည်မဟုတ်ပါလား။

သည်ဟိတ်မြို့ရှိ နိုင်ငံတကာ ပြစ်မှုတရားရုံး(အိုင်စီစီ)၌ စစ်ဆေးမည့် ထိုအမှုမှာ ဆွေးနွေးငြင်းခုံမှု အများဆုံးကြုံရသည့် အမှုကိစ္စဖြစ်သည်။ ထို့ကြောင့်ပင် ရွေးကောက်ပွဲ မဲဆွယ်ကာလက အလုပ်လက်မဲ့ပြဿနာ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ လူမှုဝန်ထမ်းလုပ်ငန်းတိုးမြှင့်ရေး စသည့်အကြောင်းအရာများပင်။ ဤအမှုကိစ္စကြောင့် မှေးမှိန်ကုန်သည်။ ကုန်ကုန်ပြောရလျှင် အိမ်နီးချင်းဆိုမာလီနိုင်ငံမှ အစ္စလမ္မစ်ဝါဒီတို့၏ အကြမ်းဖက်ခြိမ်းခြောက်မှုထက်ပါ အိုင်စီစီအမှုကိစ္စက လူတိုင်းပါးစပ်ဖျား ရေပန်းစားသည်ဟု ဆိုနိုင်သည်။

မည်သို့ပင်ဖြစ်စေ ကင်ညာ ရွေးကောက်ပွဲသည် ပြီးဆုံးသွားပြီဖြစ်၏။ သမ္မတရွေးကောက်ပွဲတွင် ဒုတိယဝန်ကြီးချုပ် မစ္စတာကင်ယတ်တာက ဆန္ဒမဲအားလုံး၏ ၅၀ ဒသမ ၀၇ ရာခိုင်နှုန်းရရှိကာ အနိုင်ရအောင်ပွဲခံသွားပြီဟု သိရသည်။

မဲများရေတွက်ရာတွင် စုစုပေါင်း မဲဆန္ဒ ၁၂၃၃၀၀၂၈ ပေးသည့်အနက် ကင်ယတ်တာက ၆၁၇၃၃၃၃ မဲ၊ ဝန်ကြီးချုပ်အိုဒင်ဂါက ၅၁၃၉၅၄၆ မဲ အသီးသီးရကာ ကင်ယတ်တာက မဲအပြတ်အသတ်ဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။ ထို့ကြောင့် မဲအများဆုံးရသည့်အပြင် ရမဲ ၅၀ ရာခိုင်နှုန်းကျော်သည့်အတွက် တစ်ကြိမ်တည်းဖြင့် မစ္စတာကင်ယတ်တာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံလိုက်ရသည်။

သို့သော် ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိကြောင်း မစ္စတာ ကင်ယတ်တာရော၊ မစ္စတာအိုဒင်ဂါပါ ကန့်ကွက်ထားသည်ကိုလည်း တွေ့ရသည်။ မစ္စတာ အိုဒင်ဂါ၏ လက်ထောက်တစ်ဦးကမူ ဤကိစ္စကို တရားရုံးသို့ တင်မည်ဟုပြောဆိုသည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် တင်းမာမှုများ ပေါ်ပေါက်ပြီး အကြမ်းဖက်လာသည် အထိ ကြီးထွားခဲ့သည်။ ထို့ကြောင့်ပင် ပြည်သူ ၁၀၀ ကျော် သေဆုံးပြီး ၆၀၀၀၀၀ တို့ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ အဆိုပါ အကြမ်းဖက်မှုနှင့် ဆက်စပ်လျက် မစ္စတာကင်ယတ်တာသည် နိုင်ငံတကာ ပြစ်မှုတရားရုံး (အိုင်စီစီ)တွင် ဇူလိုင်လအတွင်း တရားရင်ဆိုင်ရမည်ဖြစ်၏။

ပြီးခဲ့သည့် ရွေးကောက်ပွဲ ထမင်းလုံးတစ္ဆေသည် ကင်ညာ နိုင်ငံရေးလောကကို ယခုတိုင် ခြိမ်းခြောက်လျက်ရှိ

ခက်သည်က ကင်ညာသမ္မတ ရွေးကောက်ပွဲ၌ မစ္စတာကင်ယတ်တာ အနိုင်ရသွားသည့် ကိစ္စဖြစ်သည်။ လောလောလတ်လတ် ပြည်သူတို့၏ ရွေးချယ်တင်မြှောက်ခံရသည့် မစ္စတာကင်ယတ်တာက ရွေးကောက်ပွဲအနိုင်ရခြင်းမှာ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး၏ အောင်ပွဲဖြစ်ကြောင်း၊ ပြည်သူတို့ဘက်က တရားဥပဒေစိုးမိုးရေး လေးစားကြောင်း အထင်အရှားပြသလိုက်ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း အတိုက်အခံများနှင့်လက်တွဲပြီး နိုင်ငံတော်ကောင်းကျိုးကို သယ်ပိုးမည်ဖြစ်ကြောင်းကြေညာလိုက်သည်။ သို့သော် သူ့ပြိုင်ဘက် အိုဒင်ဂါက ရွေးကောက်ပွဲရလဒ်ကို တရားရုံး၌ ကန့်ကွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည်။

ယုံကြည်စိတ်ချရပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲ၌ ကင်ယတ်တာသည် ဆန္ဒမဲစုစုပေါင်း၏ ၅၀ ဒသမ ၇ ရာခိုင်နှုန်း ရရှိသဖြင့် တစ်ကြိမ်တည်းဖြင့် ရွေးချယ်တင်မြှောက်ခံရကြောင်း ရွေးကောက်ပွဲကော်မရှင်က မတ် ၉ ရက်တွင် ကြေညာသည်။ ရွေးကောက်ပွဲတွင် မဲပေးသူ ၈၆ ရာခိုင်နှုန်းရှိသည်။ ကင်ညာနိုင်ငံ၌ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူအများဆုံး မဲရုံသို့ လာရောက်မဲပေးသည့် သဘောဖြစ်၏။

ကင်ညာနိုင်ငံသည် အရှေ့အာဖရိက၌ စီးပွားရေးတောင့်တင်းသည့်နိုင်ငံဖြစ်ပြီး အနောက်အုပ်စု၏ အကူအညီများလည်း အဓိကရယူသည့်နိုင်ငံဖြစ်သည်။ ဇူလိုင်လတွင် အိုင်စီစီ၌ အစစ်ခံရမည့် မစ္စတာကင်ယတ်တာ သမ္မတအဖြစ် အရွေးခံရသည့်အတွက် ဥရောပသမဂ္ဂ(အီးယူ)နှင့် အမေရိကန်တို့အဖို့ နိုင်ငံရေးအရ ကသိကအောက်ဖြစ်သည့်အခြေဆိုက်ရသည်။

အာဖရိကတိုက်အတွင်း၌မူ ထိုသို့မဟုတ်ပါပေ။ အာဖရိကသမဂ္ဂ(အေယူ)သည် အိုင်စီစီက တရားစွဲသည့် ဆူဒန်သမ္မတ အိုမာအယ်ဘရှားဘက်က ရပ်တည်ခဲ့သည့် သာဓကတစ်ခုရှိခဲ့သည် မဟုတ်ပါလား။

တရုတ်အစိုးရသစ်ကြေညာ

ရှီကျင့်ဖျင်အား မတ် ၁၄ ရက်က တရုတ်သမ္မတသစ်အဖြစ် အတည်ပြုခဲ့ပြီးနောက် တရုတ်ပါလီမန်က အစိုးရအဖွဲ့သစ်ကိုလည်း သဘောတူလိုက်ပြီဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးကို ယခင်ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဝမ်ယီအား ခန့်အပ်ခဲ့သည်။

မြောက်ကိုရီးယားက တောင်ပိုင်းကျွန်းကိုတိုက်မည် ဒေသခံများ လွတ်ရာသို့ရွှေ့ရန် ဆော်ဩ

တောင်ပိုင်းကျွန်းများကို တိုက်ခိုက်မှုများဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ ဘေးကင်းရာသို့ အမြန်ဆုံးထွက်ခွာထားရန် လိုအပ်ကြောင်း မြောက်ကိုရီးယားဝါဒဖြန့်ဝက်ဘ်ဆိုက်တစ်ခုက သတိပေးထားသည်။ ၂၀၁၀ ခုနှစ်က မြောက်ပိုင်းတပ်များ တိုက်ခိုက်ခဲ့သည့် ယွန်ပြွန်းကျွန်း အပါအဝင် ကျွန်းများကို မြောက်ကိုရီးယားက တိုက်ခိုက်သွားမည်ဟု ယူရီမင့်ဇော်ကီရီအမည်ရှိ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားခြိမ်းခြောက်မှုကိုကာကွယ်ရန် အမေရိကန်ဒုံးခွင်းဒုံးများ တိုးမြှင့်တပ်ဆင်

မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကိုတုံ့ပြန်ရန် အမေရိကန်က အနောက်ပိုင်းကမ်းရိုးတန်းဒေသများတစ်လျှောက် ဒုံးပျံကာကွယ်ရေးစနစ်ကို တိုးမြှင့်ချထားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ချပ်ဟာဂဲလ်က ကြေညာသည်။ အမေရိကန်နိုင်ငံအနေဖြင့် ဒုံးပျံတိုက်ခိုက်မှုများကို ပစ်ချနိုင်သည့် ဒုံးခွင်းဒုံး ၁၄ ခု ထပ်မံတပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ကယ်လီဖိုးနီးယားနှင့် အလက်စကာတို့၌ ဒုံးခွင်းဒုံးအလုံး ၃၀အထိ တပ်ဆင်ပြီးစီးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြင့်မောင်စိုး - စုစည်းသည်။

ကလေးဘဝစိတ်ဓာတ်ကျဆင်းခဲ့သူများ ဘဝနောက်ပိုင်းတွင် ဆိုးကျိုးများရှိ

ကလေးသူငယ်အရွယ်တွင် စိတ်ကျဝေဒနာဖိစီးခဲ့သူများသည် အဝလွန်သူများ၊ ဆေးလိပ်စွဲသူများနှင့် ငြိမ်ငြိမ်ကုပ်ကုပ်ထိုင်လုပ်ရသော ရုံးဝန်ထမ်းကဲ့သို့ သက်မွေးဝမ်းကျောင်းအလုပ်ကို ရွေးချယ်လုပ်တတ်သူများ ပို၍ဖြစ်လာနိုင်ကြောင်း သုတေသနအသစ်တစ်ရပ်က တွေ့ရှိသည်။

မောင်သံဆင့် - ရေးသည်

ဘဝနောက်ပိုင်းအရွယ်တွင်လည်း နှလုံးကျန်းမာရေးဆိုးကျိုး မြင့်မားကြောင်း သုတေသနပညာရှင်များက တွေ့ရှိချက်ကို အကြံပြုတင်ပြသည်။ စိန့်လူးဝစ်ရှိ ဝါရှင်တန်ဆေးတက္ကသိုလ်ကျောင်းမှ ပညာရှင်တစ်စုက အသက် ကိုးနှစ်နှင့် ၁၆ နှစ်ကြားအရွယ် ကလေးသူငယ် ၅၀၀ ကျော်ကို အုပ်စုသုံးစုခွဲကာ စောင့်ကြည့်သုတေသနပြုသည်။

စိတ်ဓာတ်ကျဆင်းမှုရောဂါ ခံစားနေရသူကလေးငယ်များကို ပထမအုပ်စု၊ ထိုကလေးများနှင့် တစ်အူထုံ့ဆင်း မောင်နှမအရင်းဖြစ်သော်လည်း ရောဂါမရှိကြသူများကို ဒုတိယအုပ်စု၊ မိသားစုမောင်နှမအတွင်း စိတ်ကျရောဂါဖြစ်ပွားသူမရှိသည့် ရောဂါကင်းကလေးများကို တတိယအုပ်စု ခွဲခြားကာ သုတေသနပြုခဲ့ခြင်းဖြစ်သည်။

ထိုအခါတွင် အသက် ကိုးနှစ် အရွယ်တွင် စိတ်ကျဝေဒနာဖိစီးခဲ့သူ ကလေးငယ်များ၏ ၂၂ ရာခိုင်နှုန်းသည် ၁၆ နှစ်သားအရောက်တွင် အဝလွန်သူများဖြစ်လာကြောင်း တွေ့ရှိသည်။ ဒုတိယအုပ်စု မောင်နှမရင်းအုပ်စုတွင် ၁၇ ရာခိုင်နှုန်းသာ အဝလွန်ကြကြောင်းဆိုသည်။ ရောဂါကင်းအုပ်စုတွင် ၁၁ ရာခိုင်နှုန်းသာရှိသည်ဟု သုတေသနစာတမ်းဦးဆောင်ရေးသူ ပါမောက္ခ ရောဘတ်ကာနေးကဖော်ပြခဲ့သည်။

ထို့အပြင် ဆေးလိပ်သောက်သုံးခြင်းနှင့် ကိုယ်ကျင့်စရိုက်လက္ခဏာအပိုင်းကို အကဲဖြတ်ရာတွင်လည်း တူညီသောသက်ရောက်မှုရလဒ်များရှိနေသည်ကို တွေ့ရသည်။

"ရောဂါရှိကလေးငယ်အစုရဲ့ သုံးချိုးတစ်ချိုးဟာ နောက်ပိုင်းအရွယ်များမှာ အမြဲတမ်း ဆေးလိပ်သောက်သူများဖြစ်ခဲ့ပါတယ်။ ဒုတိယအစုမှာတော့ ၁၇ ရာခိုင်နှုန်းနဲ့ တတိယအုပ်စုရဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းဟာ ဆေးလိပ်သောက်ကျင့်ရှိသူများ ဖြစ်လာပါတယ်" ဟု ကာနေးကပြောကြားသည်။

ကိုယ်ကျင့်စရိုက်အမူအရာပိုင်းတွင် ကလေးအရွယ်စိတ်ဓာတ်ကျမှုဖြစ်ခဲ့ဖူးသူ လူငယ်လေးများသည် တက်ကြွလှုပ်ရှားမှုနည်းသည်။ ဒုတိယအုပ်စုတွင်တော့ အမူအရာလှုပ်ရှားမှု တက်တက်ကြွကြွရှိပြီး နောက်ဆုံးအုပ်စုကမူ တက်ကြွမှုအရှိဆုံးဖြစ်သည်ဟု စာတမ်းတွင် ဖော်ပြသည်။

သို့သော်လည်း ကလေးအရွယ် စိတ်ဓာတ်ကျဆင်းမှုဖြစ်ခဲ့ဖူးခြင်းနှင့် နောက်ပိုင်းဘဝသက်တမ်းပေါ် သက်ရောက်မှုရှိနေခြင်းကြားက အကြောင်းအကျိုးဆက်နွယ်မှုသဘောတရားကို သက်သေပြနိုင်သေးခြင်းမရှိကြောင်း သုတေသနအဖွဲ့ကဆိုသည်။

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

မန်ကျောက် { ပထမအသုတ်ဦးရာရှလေယာဉ်ခုံ (၂၀၀) အတွက် (၆) သိန်းကျပ် / ဒုတိယအသုတ် လေယာဉ်ခုံ (၁၅၀) ကိုဈေးနှုန်းထပ်မံ ထုတ်ပြန်ပါမည်။ }		ဂယာ (၉ သိန်း) / ဂယာ (ဟိုတယ်)	၁၂ သိန်း
		သီရိလင်္ကာ (၁၁ သိန်း) / တိဗက်	၁၄ သိန်း
စင်္ကာပူ + မလေးရှား (၁၁ သိန်း) / ရှူခတ်	၉ သိန်း	ဟောင်ကောင်+ကွမ်ကျိုး+မကာအို	၁၄ သိန်း
မန်ကျောက် + စင်္ကာပူ + မလေးရှား	၁၃ သိန်း	ပီကင်း+ရှန်ဟိုင်း +ကူမင်း+စုကျိုး+ဂွစ်	၁၄.၅ သိန်း
ပီနန်+လန်ကာဝီ+ Genting Highlands + KUL	၁၁.၅ သိန်း	ကိုရီးယား(ဆိုးလ်း + ဘူဆန် + ဂျေဂျူး)	၁၇ သိန်း
ဘာလီ (၁၀ သိန်း) / ကမ္ဘောဒီးယား	၆.၈ သိန်း	ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ)	၂၅ သိန်း
ဘာလီ + စင်ကာပူ + မလေးရှား	၁၅ သိန်း	ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို)	၃၅ သိန်း
ကမ္ဘောဒီးယား + ဗီယက်နမ် (ဆိုင်ဂုံ၊ ဟနွိုင်း)	၁၁.၅ သိန်း	ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ...)	၃၉ သိန်း
ချင်းမိုင် + ရွှေတြိဂံ (၆.၅ သိန်း) / မလေးရှား	၆.၈ သိန်း	နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise)	၄၀ သိန်း

သကြၤန်ခရီးစဉ် ပုံမှန်ထက် ဈေးနှုန်းအနည်းငယ်မြင့်တက်မှုကို နားလည်ပေးစေလိုပါသည်။
ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ရောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209383, 09-731 68000

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရောင်းသာ (နေ့စဉ်)
ငွေဆောင် (ဆောကြာ)
Ph:209200,430460,544383

GOLDEN STAR Travels & Tours
Mar22,Apr12
Mar22,Apr12
Mar22,Apr12
Mar22,Apr12
Apr12
Apr12
Ph: 209200, 544383, 430480, 703448, 09-5081580

ဆောင်းပါး

သမိုင်းအဆက်ဆက် ကောင်းမြတ်သောအစဉ်အလာ

သားကြီးကျော်သူရ…

အမေ စာရေးလိုက်တယ်။ နိုင်ငံတော် ကာကွယ်ရေး တာဝန်ထမ်းဆောင်ရင်း ကချင်တောင်ပြာတန်းတွေပေါ်မှာ ရောက်ရှိနေကြတဲ့ သားနဲ့တကွ စစ်သည်အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ အမေအမြဲဆုတောင်းပေးပါတယ်။ ထို့အတူ ကချင်ပြည်နယ်တစ်ဝန်းက သွေးချင်းတွေအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းကင်းကြပါစေလို့လည်း အမေမေတ္တာပို့ပါတယ်။ နှင်းဖုံးတောင်တန်းကြီးတွေနဲ့ သာယာလှပတဲ့ သွေးချင်းတို့ ဌာနေ ကချင်မြေမှာ ငြိမ်းချမ်းရေးချိုးကူသံတွေ မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာပါစေလို့လည်း ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲဆန္ဒပြုပါတယ်။

သားရေ၊ သားရဲ့အဖေ တပ်ကြပ်ကြီးဘဟိန်း ရန်သူဗကပတွေကို စစ်ဆင်ချေမှုန်းခဲ့တဲ့ မိုင်းယန်းတိုက်ပွဲမှာ ကျဆုံးသွားခဲ့တာဟာ ပြီးခဲ့တဲ့လက ၂၅ နှစ် တင်းတင်းပြည့်ခဲ့ပြီသား။ အဲဒီနေ့မှာ သံဃာတော်များကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး သားအဖေနဲ့တကွ အမိနိုင်ငံတော်အတွက် မွန်မြတ်စွာ အသက်စွန့်လှူသွားခဲ့ကြတဲ့ တပ်မတော်သားအားလုံးကို စူးရှလိုက်လှဲစွာ အမျှဝေခဲ့ပါတယ်။ ဒီကောင်းမှုကုသိုလ်အတွက် သားလည်း အခုရောက်နေတဲ့ နေရာကနေ သာဓုခေါ်ပါသား။

သားကြီးကျော်သူရ…

သားလည်းမွန်မြတ်တဲ့ တပ်မတော်သားဘဝကို ခံယူရရှိခဲ့တာဟာ အခုဆိုရင် ဆယ်စုနှစ်တစ်ခုတိုင်ခဲ့ပြီး တပ်ခွဲမှူးအဆင့်ကိုတောင် ရောက်လာခဲ့ပြီနော်။ အမေ့အနေနဲ့ကတော့ အမေ့ရဲ့တစ်ဦးတည်းသောသားကို အမေ့အရိပ်အောက်က ခွဲမထွက်သွားခဲ့စေချင်ပေမယ့် အမိနိုင်ငံတော်အတွက် မွန်မြတ်တဲ့တာဝန်ကို ထမ်းဆောင်မယ့် သားကောင်းရတနာတစ်ဦးဖြစ်လာမှာမို့ တပ်မတော်သားတစ်ဦးဘဝကို ခံယူဖို့ အမေကိုယ်တိုင် ကြည်ကြည်ဖြူဖြူသဘောတူခဲ့တာပဲ ဖြစ်ပါတယ်။ အခုဆိုရင် တပ်မတော်ရဲ့ ပျိုးထောင်လေ့ကျင့်ပေးခဲ့မှုကြောင့် သားဟာအမိနိုင်ငံတော်အတွက် အားထားရတဲ့ စစ်သည်တော်ကောင်းတစ်ဦးဖြစ်လာခဲ့ပြီမို့ အမေအတိုင်းမသိ ဂုဏ်ယူပါတယ်။ အမေမွေးရကျိုးနပ်ပါပြီ သားရယ်။ သားရဲ့အဖေကလည်း အဖေတူတဲ့ ငါ့ရဲ့သားဆိုပြီး တမလွန်ကနေ ကျေနပ်ဂုဏ်ယူနေမှာ မလွဲပါဘူး။

သားကြီးကျော်သူရ…

နိုင်ငံတော်ရဲ့ အမျိုးသားရေး လိုအပ်ချက်၊ သမိုင်းရေးလိုအပ်ချက်တို့အရ သန္ဓေတည်မွေးဖွားလာခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ လူတစ်စုရဲ့ တပ်မတော်၊ လူမျိုးတစ်မျိုးရဲ့ တပ်မတော်မဟုတ်ဘဲ အမိနိုင်ငံတော်ကို ကာကွယ်ဖို့အတွက် ပြည်ထောင်စုဖွား သွေးချင်းတွေရဲ့ ရင်သွေးရင်နှစ်များနဲ့ ဖွဲ့စည်းထူထောင်ထားတဲ့ သွေးချင်းတို့ရဲ့ တပ်မတော်၊ ပြည်ထောင်စုရဲ့ တပ်မတော်ဖြစ်တယ်။ တပ်မတော်ရဲ့ အဓိကတာဝန်ကတော့ သွေးချင်းအားလုံးပေါင်းစုပိုင်ဆိုင်တဲ့ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ပါပဲ။ မျက်မှောက်ကာလမှာတော့ တပ်မတော်ရဲ့ တာဝန်ဟာ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေး တာဝန်အပြင် အမိနိုင်ငံတော်ရဲ့ အသက်ဝိညာဉ်ပမာဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရေးပဲ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ ကျောရိုးမဏ္ဍိုင်ဖြစ်တဲ့ ဒို့တာဝန်အရေး(၃)ပါးကိုလည်း တပ်မတော်က အသက်ပေးကာကွယ်စောင့်ရှောက်သွားမှာဖြစ်တယ်။

သားကြီးကျော်သူရ…

မြန်မာ့တပ်မတော်ဟာ ခေတ်သမိုင်း အဆက်ဆက်မှ အရေးဒုက္ခကြုံလေတိုင်း အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့ ကောင်းမြတ်တဲ့အစဉ်အလာနဲ့ ပြည့်စုံတဲ့တပ်မတော်ဖြစ်တယ်။ အမိနိုင်ငံတော် နယ်ချဲ့လက်အောက်က လွတ်မြောက်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးစီးထူထောင်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ မိမိရဲ့သမိုင်းစာမျက်နှာအစမှာပဲ နယ်ချဲ့ကို တွန်းလှန်၊ ဖက်ဆစ်ကိုနှိမ်နင်းပြီး မြန်မာပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြတဲ့ အမိနိုင်ငံတော်လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူတွေနဲ့ လက်တွဲပြီးအရယူပေးနိုင်ခဲ့တယ်။ ထို့အတူ အမိနိုင်ငံတော်မှာကြီးမားသော အရေးဒုက္ခတွေပေါ်ပေါက်ပြီး နိုင်ငံ့အချုပ်အခြာအာဏာ ကွယ်ပျောက်လုနီးနီး၊ လွတ်လပ်ရေးဆုံးရှုံးလုနီးနီးအခြေအနေတွေမှာလည်း တပ်မတော်ဟာ သွေးချင်းတို့ရဲ့တပ်မတော်ပီပီ ရှေ့ကမားမားမတ်မတ်ရပ်ပြီး နိုင်ငံတော်ကို ကယ်တင်စောင့်ရှောက်ခဲ့တယ်။ ပမာအားဖြင့် ပြောရရင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး မကြာခင်မှာအရှိန်အဟုန်ပြင်းစွာလောင်ကျွမ်းခဲ့တဲ့ ပြည်တွင်း ရောင်စုံသောင်းကျန်းမှုစစ်မီးလျှံကြီးကို တပ်မတော်က မိမိမှာရှိတဲ့ တပ်ရင်း(၁၀)ရင်းအင်အားနဲ့ နိုင်နင်းအောင်ငြိမ်းသတ်ပြီး အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့တယ်။ ၁၉၅၀ ပြည့်နှစ်မှာလည်း မြန်မာ့မြေကို ကျူးကျော်လာခဲ့ကြတဲ့ ပြည်ပြေးတရုတ်ဖြူ(ကူမင်တန်)တပ်တွေကိုလည်း မြန်မာ့တပ်မတော်က တပ်မတော်သားတွေရဲ့ အသက်ပေါင်းများစွာကို စတေးပြီးတော့ အဆင့်ဆင့်သော စစ်ဆင်ရေးကြီးတွေကိုဆင်နွှဲပြီး မြန်မာ့မြေပေါ်က တိုက်ထုတ်ပစ်ခဲ့တယ်။ မြန်မာ့အချုပ်အခြာအာဏာနဲ့ မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ပေးခဲ့တယ်။

၁၉၅၈ ခုနှစ်မှာတော့ အာဏာရနိုင်ငံရေးပါတီအတွင်းမှာ ဂိုဏ်းဂဏအုပ်စုတွေကွဲ၊ ခါးပိုက်ဆောင် လက်နက်ကိုင်တပ်တွေထူထောင်နဲ့ ဖရိုဖရဲဖြစ်ပြီး တိုင်းပြည်သွေးချောင်းစီးမယ့်အရေးကိုလည်း တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူပြီး ဟန့်တားထိန်းသိမ်းပေးခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာတော့ ဖယ်ဒရယ်မူကြောင့် ပြည်ထောင်စုပြိုကွဲမယ့်အရေးအတွက်လည်း တပ်မတော်ကပဲ နိုင်ငံတော်အာဏာအရပ်ရပ်ကိုထိန်းသိမ်းပြီး နိုင်ငံတော်ကို ကာကွယ်ခဲ့ရတယ်။

၁၉၈၈ ခုနှစ်မှာ တုန်လှုပ်ဖွယ် အရေးအခင်းကြီးကြောင့် တစ်တိုင်းပြည်လုံး မင်းမဲ့စရိုက်လွှမ်းမိုးပြီး နိုင်ငံတော်ပြိုကွဲလုနီးနီးအခြေအနေမှာ တပ်မတော်ဟာနိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာယူပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုက်ရ ပြန်တယ်။ အဲ့ဒီနောက်မှာတော့ တပ်မတော်အနေနဲ့ မိမိရဲ့ ကတိအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး နိုင်ငံတော်အာဏာကို ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ဒီမိုကရေစီ အစိုးရသစ်ထံ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ စနစ်တကျ လွှဲပြောင်းပေးခဲ့တယ်။ ဒါတွေဟာ သမိုင်းစဉ်အဆက်ဆက် မြန်မာ့တပ်မတော်ရဲ့ ကောင်းမြတ်တဲ့အစဉ်အလာတွေပါပဲသား။

သားကြီးကျော်သူရ….

အစဉ်အလာကောင်း ၁၂ ရပ်နဲ့ပြည့်စုံတဲ့ မြန်မာ့တပ်မတော်က တပ်ဗိုလ်၊ တပ်သားတွေဟာ တစ်စုံတစ်ဦးရဲ့ တိုက်တွန်းချက်၊ တစ်စုံတစ်ရာအကျိုးကို မျှော်လင့်ချက်စတာတွေကြောင့် တပ်မတော်ထဲကို ရောက်လာခဲ့ကြသူတွေမဟုတ်ဘဲ အမိနိုင်ငံတော်ကာကွယ်ရေးအတွက် စွန့်လွှတ်စွန့်စားလိုစိတ်၊ အမိနိုင်ငံတော်ကို တွယ်တာမြတ်နိုးစိတ် စတဲ့ မွန်မြတ်တဲ့ စိတ်ဓာတ်များနဲ့ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်ထဲကို ဝင်ရောက်လာခဲ့ကြတဲ့ ပြည်ထောင်စုဖွား သွေးချင်းတိုင်းရင်းသားတွေပဲဖြစ်ကြပါတယ်။ တပ်မတော်သားတစ်ဦးဖြစ်လာခဲ့ပြီဆိုရင်လည်း စစ်သည်တော်ကျင့်ဝတ်(၆၀)ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာထိန်းသိမ်းကြရပြီး စစ်ဘက် ဥပဒေတွေအပြင် အရပ်ဘက်ဥပဒေတွေကိုလည်း လေးစားလိုက်နာကြရတယ်။ မွန်မြတ်ခိုင်ကျည်တဲ့ စိတ်ဓာတ်တွေနဲ့ တပ်မတော်ထဲကို ရောက်ရှိလာခဲ့ကြတဲ့ တပ်မတော်သားတွေဟာ အမိနိုင်ငံတော်အတွက်ဆိုရင် ဘာအခွင့်အရေးကိုမှ မျှော်လင့်ချက်မထားဘဲ မိမိတို့ရဲ့ ကိုယ်လက်အင်္ဂါများကိုသာမက တန်ဖိုးရှိလှတဲ့ မိမိတို့ရဲ့ အသက်ဇီဝိန်များကိုပါပေးလှူပြီး တာဝန်ထမ်းဆောင်နေကြတယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားခဲ့ကြတဲ့ တပ်မတော်သားစစ်သည်တွေဟာ "အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်းရဲ့ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်ပိုင်ရှင်များ" ပါပဲသား။

သားကြီးကျော်သူရ…

မျက်မှောက်ကာလမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ မိမိတို့ရဲ့နိုင်ငံတွေကို ပြည်တွင်း၊ ပြည်ပရန်တွေက လုံခြုံစွာကာကွယ်နိုင်ရေး၊ မိမိတို့နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ခေတ်မီဆန်းသစ်တဲ့ နည်းပညာတွေအသုံးပြုပြီး မိမိတို့နိုင်ငံရဲ့ တပ်မတော်တွေကို အင်အားတောင့်တင်းခိုင်မာတဲ့ ခေတ်မီတပ်မတော်တွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြတယ်။ အမိနိုင်ငံတော်ကို ထာဝစဉ်ကာကွယ်စောင့်ရှောက်လျက်ရှိတဲ့ မြန်မာ့တပ်မတော်ကိုလည်း သားစဉ်မြေးဆက် စွမ်းရည်ထက်မြက်သော ခိုင်မာတောင့်တင်းတဲ့ ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ သွေးချင်းပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းတည်ဆောက်သွားကြဖို့ လိုတယ်သား။ အမျိုးသားကာကွယ်ရေးအင်အားစုကြီးဖြစ်တဲ့ တပ်မတော်ရဲ့ စွမ်းရည်ထက်မြက် ခိုင်မာတောင့်တင်းမှ ဒို့တာဝန်အရေး(၃)ပါးကို ထာဝစဉ် ကာကွယ်သွားနိုင်မှာဖြစ်ပြီး ကမ္ဘာတည်သရွေ့မှာလည်း အမိနိုင်ငံတော်ကို မားမားမတ်မတ်ရှေ့ကရပ်လို့ ကာကွယ်စောင့်ရှောက်သွားနိုင်မှာဖြစ်တယ်။ အတိတ်က စွမ်းရည်ထက်မြက်တဲ့ ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့လို့ နယ်ချဲ့လက်အောက် လွယ်ကူစွာကျရောက်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရတာဟာ သမိုင်းကပေးတဲ့ အကောင်းဆုံးသင်ခန်းစာပါပဲ။

သားကြီးကျော်သူရ…

ကမ္ဘာ့နိုင်ငံအသီးသီးမှာ တပ်မတော်တွေရှိကြတဲ့အနက် မြန်မာ့တပ်မတော်ရဲ့ ထူးခြားချက်ကတော့ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်ရှိတဲ့ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုတပ်မတော်ဖြစ်ခြင်း၊ တပ်မတော်ရဲ့အသက်သွေးကြောဖြစ်တဲ့ စစ်စည်းကမ်းကို တိတိကျကျလိုက်နာတတ်ခြင်းနဲ့ အထက်အမိန့်ကို တစ်သဝေမတိမ်း ခံယူဆောင်ရွက်တတ်ခြင်းတို့ပါပဲ။ မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းတဲ့တပ်မတော်၊ အမိန့်နာခံတတ်တဲ့ တပ်မတော်ဖြစ်တဲ့အတွက် ပြည်တွင်းပြည်ပအန္တရာယ်တွေကို တွန်းလှန်ဖယ်ရှားရာမှာ ကြီးမားတဲ့အောင်မြင်မှုတွေရခဲ့တယ်ဆိုတာလည်း ဖြတ်သန်းလာခဲ့တဲ့တပ်မတော်ရဲ့သမိုင်းခရီးမှာ အထင်အရှားပဲရှိခဲ့ပါတယ်။

သားကြီးကျော်သူရ…

တပ်မတော်သားတွေဟာ ငွေကြေးလစာကို အဓိကမထားဘဲ တောအထပ်အထပ် တောင်အသွယ်သွယ်ကို ကျော်ဖြတ်ပြီး ဘာဖြစ်လို့ ပင်ပန်းကြမ်းတမ်းစွာ တာဝန်ထမ်းဆောင်နေကြပါသလဲ။ မိမိတို့ရဲ့ ချစ်သူခင်သူ၊ သား၊ သမီး၊ ဇနီးမယား၊ မိဘဆွေမျိုးတွေနဲ့ခွဲခွာပြီး ဘာ့ကြောင့် ကြမ်းတမ်းတဲ့ခရီးလမ်းမှာ လျှောက်လှမ်းနေကြပါသလဲ။ ဒီမေးခွန်းတွေရဲ့အဖြေကတော့ ရှင်းပါတယ်သားရယ်။ မြန်မာ့တပ်မတော်ရဲ့ တပ်မတော်သားအပေါင်းဟာ ပြည်ထောင်စုဖွားသွေးရင်းသားရင်းတွေပဲ ဖြစ်ကြတယ်။ ဒါ့ကြောင့် သူတို့အားလုံးဟာ သူတို့ပေါင်းစုပိုင်ဆိုင်တဲ့ အမိနိုင်ငံတော်ကာကွယ်ရေးအတွက် ပင်ပန်းဆင်းရဲကြမ်းတမ်းတဲ့ခရီးကို လျှောက်လှမ်းပြီး စွန့်လွှတ်စွန့်စား အနစ်နာခံနေကြခြင်းဖြစ်တယ်။

သားကြီးကျော်သူရ…

တပ်မတော်အနေနဲ့ တိုင်းရင်းသားတောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မလွှဲမရှောင်သာ ထိတွေ့ရင်ဆိုင်ခဲ့ရတိုင်းမှာလည်း ငါတို့သွေးချင်းညီနောင်ရင်းတွေပါလားဆိုတဲ့စိတ်အမြဲထားရှိခဲ့တယ်။ စစ်ရေးအရ လိုအပ်တဲ့ တုံ့ပြန်မှုကလွဲလို့ အငြိုးတကြီးချေမှုန်းနှိမ်နင်းတာမျိုး၊ ဓာတုလက်နက်သုံးစွဲတာမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး။ အမြင်မှန်ပြီး အလင်းရောက်လာသူတွေကို မိဘအိမ်ပြန်လာတဲ့သားသမီးလို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့တယ်။ သူတို့ရဲ့စားဝတ်နေရေးအတွက်သာမက နောင်ရေးအတွက်ပါ လိုအပ်တဲ့ အစီအမံတွေကိုစီမံဆောင်ရွက်ပေးခဲ့တယ်။ ညီနောင်သွေးရင်းအချင်းချင်း မလွှဲမရှောင်သာ ထိပ်တိုက်ရင်ဆိုင်ရတာမျိုးဖြစ်ခဲ့လို့ တပ်မတော်သားတစ်ဦးဦး ထိခိုက်ကျဆုံးသွားခဲ့ရတယ်ဆိုရင်လည်း အမိနိုင်ငံတော်အဖို့ သားကောင်းရတနာတစ်ဦးကို လက်လွှတ်ဆုံးရှုံးလိုက်ရသလို တစ်ဖက်လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးဦး အသက်စွန့်လွှတ်သွားရတယ်ဆိုရင်လည်း ပြည်ထောင်စုရဲ့ သွေးချင်းတစ်ဦးဆုံးရှုံးသွားရသလိုပါပဲသားရယ်။ တပ်မတော်အနေနဲ့ အမိနိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပ ရန်အသွယ်သွယ်က ကာကွယ်ရန်ကလွဲလို့ သွေးရင်းသားရင်း ညီနောင်အချင်းချင်းတိုက်ခိုက်ရတာကို လုံးဝမလိုလားပါဘူး။ ဒါ့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် တည်ဆောက်ရာမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ မျက်မှောက်ကာလမှာ ငြိမ်းချမ်းရေးအတွက် တပ်မတော်က စိတ်ကောင်းစေတနာမှန်စွာနဲ့ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အသက်ကို စွန့်လွှတ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရတဲ့ တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုပြီးလိုလားပါတယ်သားရယ်။ ထာဝရငြိမ်းချမ်းရေးရရှိတဲ့အထိ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ နိုင်ငံတော်နဲ့အတူ လက်တွဲပြီး တပ်မတော်က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သားကြီးကျော်သူရ…

သားတို့ရောက်နေတဲ့ ကချင်တောင်ပြာတန်းတစ်နေရာကနေ သားရေးပို့လိုက်တဲ့စာကို အမေဖတ်လိုက်ရတော့ အမေအတိုင်းမသိ ဝမ်းသာကြည်နူးဂုဏ်ယူမိခဲ့ပါတယ်။ သားရဲ့စာထဲမှာ "ပြီးခဲ့တဲ့လက သားဦးဆောင်တဲ့ တပ်ခွဲဟာ မရမ်းဆိုတဲ့ကချင်တောင်ခြေရွာလေးဆီ ရောက်ရှိခဲ့ကြပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲ့ဒီနေ့က အဲဒီရွာလေးမှာ ရိုးရာမနောပွဲကျင်းပဖို့ ပြင်ဆင်နေကြတယ်အမေ။ သားတို့တပ်ခွဲလည်း အဲဒီရွာမှာတစ်ထောက်နားဖို့ စခန်းချခဲ့ကြပါတယ်။ သားအပါအဝင် သားတို့တပ်ခွဲက စစ်သည်တွေရဲ့ ချွေးနဲ့စာငွေတွေကို စုပေါင်းပြီးတော့လည်း မနောပွဲမှာလိုရာသုံးဖို့အတွက် ရွာလူကြီးဆီမှာ လှူဒါန်းခဲ့ကြပါတယ်။ အေးမြတဲ့ဆောင်းညရဲ့ အဲဒီရွာလေးက မနောပွဲမှာသားအပါအဝင် တပ်ခွဲကစစ်သည်တွေလည်း ရွာသူရွာသားတွေနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ အဲဒီအချိန်မှာပဲ ရွာတောင်ပိုင်းက မီးလျှံတွေထိုးတက်လာတာကို မြင်လိုက်ရပြီး. . "မီးလောင်နေတယ်၊ မီးလောင်နေတယ်" ဆိုတဲ့ အော်ဟစ်သံတွေ ဆူညံစွာ ထွက်ပေါ်လာခဲ့ပါတယ်။

သားလည်း တပ်ခွဲစစ်သည်တွေနဲ့အတူ မီးလောင်နေတဲ့ ရွာတောင်ပိုင်းဆီ အပြေးတက်ခဲ့ကြပါတယ်။ မီးလောင်နေတဲ့နေရာရောက်တော့ ရိုးရာခြေတံရှည်နှစ်ထပ်အိမ်တစ်ခုလုံးဟာ အရှိန်ပြင်းပြင်းနဲ့ မီးစွဲလောင်နေပါပြီ။ "အောက်ထပ်မှာ အနူး(အမေ)ရှိနေတယ်။ ကယ်ကြပါဦး. . . ကယ်ကြပါဦး. . . "မီးလောင်ကျွမ်းနေတဲ့ အဲ့ဒီအိမ်ရဲ့အောက်ထပ်မှာ အသက် ၇၀ ကျော်အရွယ် အမေအိုတစ်ဦးကျန်ရှိနေပြီး မီးဟာအမေအိုထွန်းထားတဲ့ ရေနံဆီမီးအိမ်လဲကျရာကတစ်ဆင့် ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိခဲ့ရပါတယ်။ မီးအရှိန်ပြင်းနေပြီမို့ ရွာသူရွာသားတွေက အမေအိုကိုကယ်တင်ဖို့ မဝံ့မရဲဖြစ်နေခဲ့ကြပါတယ်။ သားကတော့ အကြာကြီးစဉ်းစားမနေတော့ဘဲ အမေအိုကို ရအောင် ကယ်တင်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး သားရဲ့ Equipment နဲ့သေနတ်ကို တပ်ခွဲအရာခံဗိုလ် ဆရာကြီးရွှေဌေးဆီ အပ်လိုက်ပါတယ်။ ပြီးတော့ မီးလောင်နေတဲ့ အိမ်အောက်ထပ်ကို တစ်ဟုန်ထိုးပြေးဝင်ခဲ့ပါတယ်။ အထဲမှာတော့ မီးလောင်ထားတဲ့ ဒဏ်ရာနဲ့အမေအိုဟာလဲကျသတိလစ်နေပါပြီ။ သားလည်းအမေအိုကို အလျင်အမြန်ပွေ့ချီလိုက်ပြီး မီးလျှံတွေကြားကနေ အပြင်ဘက်ကိုအတင်းဖောက်ထွက်ခဲ့ပါတယ်။ အပြင်ဘက်ကိုရောက်လုနီးနီးမှာ မီးစွဲလောင်နေတဲ့ သစ်သားတန်းတစ်ခုက နှလုံးသားနေရာတည့်တည့်သားရဲ့ ရင်ဘတ်ပေါ်ကို အရှိန်နဲ့ပြုတ်ကျလာပြီး အမေအိုကိုဖက်ရင်း သားသတိလစ်သွားခဲ့ပါတယ်။ သားသတိရလာတဲ့အချိန်မှာတော့ သားတို့စခန်းချတဲ့နေရာက သားအိပ်ရာပေါ်မှာ ဆေးမှူး ဗိုလ်ကြီးအာကာနဲ့ စစ်သည်တွေက သားကိုစိုးရိမ်တကြီး ဝိုင်းဝန်းကြည့်ရှုနေကြတာကို တွေ့လိုက်ရပြီး မီးဟပ်ထားတဲ့ဒဏ်ရာတွေရထားတဲ့ အမေအိုတစ်ဦးကို ပါးပြင်မှာမျက်ရည်စတွေနဲ့ မြင်လိုက်ရပါတယ်။ အဲ့ဒီအမေအိုကတော့ မီးလောင်နေတဲ့အိမ်ထဲက သားပွေ့ချီ ဆွဲထုတ်ကယ်တင်ခဲ့တဲ့ အမေအို ဒေါ်မထုလွမ်ပါ။ အမေအို ဒေါ်မထုလွမ်က "အနူးမှာ သားဗိုလ်ကြီးပေးတဲ့ အသက်ပဲရှိပါတော့တယ်။ ဘုရားသခင်ကသားဗိုလ်ကြီးကို စောင့်ရှောက်ပါစေ၊ သားဗိုလ်ကြီးကလည်း အနူးတို့ကချင်ဒေသရဲ့ အကျိုးကိုအများကြီး ဆောင်ရွက်နိုင်ပါစေ" လို့ ကချင်သံဝဲဝဲ၊ မျက်ရည်လေးစမ်းစမ်းနဲ့ဆုပေးရှာပါတယ်။ သားလည်း တပ်ခွဲဆေးမှူးရဲ့ကုသပေးမှုနဲ့ စစ်သည်တွေရဲ့ဂရုစိုက်ပြုစုပေးမှုတို့ကြောင့် ရက်အနည်းငယ်အတွင်းမှာပဲမီးလောင်ဒဏ်ရာတွေသက်သာပြီး နေကောင်းသွားခဲ့ပါတယ်။ ဒါပေမယ့် အမေရယ် သားရဲ့နှလုံးသားနေရာတည့်တည့်က မီးလောင်ဒဏ်ရာကတော့ အညိုအမည်းစွဲပြီး အနာရွတ်အဖြစ်ထင်ကျန်နေခဲ့ပါတယ်။ ဒါပေမယ့်လည်းပဲ သားဂုဏ်ယူကျေနပ်ပါတယ်အမေ။ သားရဲ့ နှလုံးသားနေရာက ဒီဒဏ်ရာအနာရွတ်ကို ကချင်မြေက ပေးတဲ့ တစ်သက်တာအမှတ်တရ လက်ဆောင်အဖြစ် သား အမြဲတန်ဖိုးထားသွားမှာပါအမေ" ဆိုပြီး သားရေးထားခဲ့တယ်နော်။ သားရဲ့စာပါ အကြောင်းအရာတွေကို ဖတ်ပြီး မျက်ရည်လည်တဲ့အထိ အမေကျေနပ်ဂုဏ်ယူမိပါတယ်သားရယ်။ တပ်မတော်သားတစ်ဦးဖြစ်တဲ့ သားရဲ့လုပ်ဆောင်ချက်ဟာ တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်ပေးရာရောက်သလို သွေးချင်းပြည်သူတွေအပေါ်ထားရှိတဲ့ တပ်မတော်ရဲ့စေတနာအမှန်ကိုလည်း ထင်ဟပ်ဖော်ကျူးရာရောက်ပါတယ်။ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် တပ်မတော်သားတွေရဲ့ ကျင့်ဝတ် ၁၀ ပါးအနက် တစ်ပါးဖြစ်တဲ့ "ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပါ" ဆိုတဲ့ ကျင့်ဝတ်နဲ့အညီ သားဆောင်ရွက်ခဲ့တာလည်းဖြစ်ပါတယ်။ အမေ့နည်းတူ သားရဲ့အဖေတပ်ကြပ်ကြီးဘဟိန်းကလည်း တမလွန်ကနေ ကျေနပ်ဂုဏ်ယူနေမှာ မလွဲပါဘူးသားရယ်။

သားရေ၊ သား အခုရောက်နေတဲ့ ကချင်မြေဟာ သဘာဝသယံဇာတပစ္စည်းတွေ သဘာဝတောတောင်ရေမြေအလှအပတွေနဲ့ ပြည့်စုံကြွယ်ဝပြီး မိခင်ဧရာဝတီ စတင်စီးဆင်းခဲ့တဲ့မြေ၊ မလိခမြစ်ဆုံအလှတွေနဲ့ ရှုမငြီးဖွယ်တင့်တယ်တဲ့ မြန်မာ့သွေးချင်းတို့ရဲ့မြေပါ။ သမိုင်းအဆက်ဆက်မှာ ကောင်းမြတ်တဲ့အစဉ်အလာနဲ့ ပြည့်စုံခဲ့တဲ့ မြန်မာ့တပ်မတော်ရဲ့ တပ်ဗိုလ်တစ်ဦးဖြစ်နေတဲ့ သားအနေနဲ့ သွေးချင်းတို့ရဲ့ ကချင်မြေမှာတာဝန်အရ ရောက်နေစဉ်အခိုက်မှာ စစ်သည်တော်ကျင့်ဝတ်နဲ့အညီ နေထိုင်လို့ ကချင်သွေးချင်းတို့ရဲ့ ဘာသာအယူဝါဒ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို လေးစားလိုက်နာပြီး လိုအပ်လာရင် သွေးချင်းတို့ရဲ့ ကချင်မြေအတွက် အသက်ပေးဆောင်ရွက်သွားနိုင်ပါစေလို့ အမေတိုက်တွန်းလိုက်ပါတယ်။ "ခေတ်သမိုင်းအဆက်ဆက်မှာ အမိနိုင်ငံတော်အတွက် မွန်မြတ်စွာအသက်စွန့်လှူသွားခဲ့ကြတဲ့တပ်မတော်သားအပေါင်းကို (၆၈)နှစ်မြောက် တပ်မတော်နေ့အခါသမယမှာ လှိုက်လှဲစွာ ဦးညွှတ်အလေးပြုလိုက်ပါတယ်" သားနဲ့တကွ စစ်သည်အားလုံး ကျန်းမာရွှင်လန်းကြပါစေ။

သတိရစွာဖြင့်

အမေ။

ကျော်မင်းခေါင်

ဆောင်းပါး

နိုင်ငံတကာအဆင့် ပညာရှင်များမွေးထုတ်ပေးမည့် အဆင့်မြင့်တက္ကသိုလ်များ

ပွင့်လင်းလာသည့် နိုင်ငံရေးအခင်းအကျင်းတို့ကြောင့် ပေါ်ပေါက်လာတော့မည့် အလုပ်အကိုင်အခွင့်အလမ်းများစွာတို့အတွက် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်ဝသည့်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ကာ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်ကစတင်ကာ အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်သည်။

အမေး/အရေး - မြတ်မွန်ထွေး(မြန်မာ့အလင်း)
ဓာတ်ပုံ - နန္ဒာဝင်း

မြန်မာနိုင်ငံတွင် နည်းပညာတက္ကသိုလ်ပေါင်း ၃၃ ခုနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်း ၂၅ ခုရှိသည့်အနက် ရန်ကုန်နှင့် မန္တလေးတို့ရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ကို (Centre of Excellence) များအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ကာ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေပြီဖြစ်သည်။ အဆိုပါ တက္ကသိုလ်များတွင် သင်ကြားပို့ချနေသည့် ဆရာ ဆရာမများ အပါအဝင် သင်ထောက်ကူပစ္စည်းများနှင့် သင်ရိုးညွှန်းတမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုတို့ကို သိလိုသဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်အား မြန်မာ့အလင်းသတင်းအဖွဲ့မှ ဤသို့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး။ ။ရန်ကုန်နဲ့ မန္တလေး နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေကို အဆင့်မြင့်တက္ကသိုလ် (Centre of Excellence) တွေအဖြစ် မြှင့်တင်ရာမှာ သင်ထောက်ကူပစ္စည်းတွေ ဖြည့်ဆည်းပေးခြင်းနဲ့ အရည်အချင်းပြည့် ဆရာ ဆရာမတွေ ခန့်အပ်ခြင်းတို့နဲ့ ပတ်သက်ပြီး ဘယ်အတိုင်းအတာအထိ ဆောင်ရွက်ထားလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ။အဆင့်မြင့်နည်းပညာတက္ကသိုလ်များတွင် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာမှာ သုတေသနလုပ်ငန်းများ တိုးတက်နိုင်ရေးကိုပါ ရည်ရွယ်ချက်ထားရှိဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်ကချမှတ်ပေးတဲ့ ဘတ်ဂျက်အပြင် နိုင်ငံတကာပံ့ပိုးကူညီမှုများနဲ့ သင်ထောက်ကူနဲ့ သုတေသနလုပ်ငန်းသုံးဓာတ်ခွဲခန်းပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘတ်ဂျက်မှာ အဆင့်မြင့်နည်းပညာတက္ကသိုလ်နှစ်ခုအတွက် နည်းပညာဘာသာရပ်ဆိုင်ရာ စာအုပ်များအတွက် ကျပ်သိန်းပေါင်း ၆၀၀ ကျော် သုံးစွဲခဲ့ပြီး သင်ထောက်ကူပစ္စည်းများအတွက် ကျပ်သိန်းပေါင်း ၂၃၀၀ ကျော် သုံးစွဲခဲ့ပါတယ်။ ဒါ့အပြင် သုတေသနလုပ်ငန်းရန်ပုံငွေအဖြစ် ကျပ်သိန်း ၁၀၀ ကျော် ကျခံသုံးစွဲခွင့်ပြုခဲ့ပါတယ်။ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဌာနအသီးသီးအတွက် ဂျပန်နိုင်ငံတိုကျိုတက္ကသိုလ်မှ နည်းပညာဆိုင်ရာ Software ငါးနှစ်လိုင်စင် ၄၀ ခုနှင့် ဂျပန်အစိုးရ JAIF အစီအစဉ်နဲ့ ဓာတ်ခွဲခန်းသုံးပစ္စည်း သုံးနိုင်ရေးညှိနှိုင်းဆောင်ရွက်နေပါတယ်။ ဆရာ ဆရာမများကို (လက်ရှိမှာတော့) ရန်ကုန်နည်းပညာတက္ကသိုလ်ဝန်ထမ်းများအပြင် နိုင်ငံခြားပညာသင်ပြီးဆုံး၍ ပြန်လည်ရောက်ရှိလာသော ဆရာ ဆရာမများအား ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သို့ ဦးစားပေးတာဝန်ချထားပြီး ဖြည့်တင်းလျက်ရှိပါတယ်။ အရည်အသွေးအနေနဲ့ကတော့ သုတေသနအခြေပြုတက္ကသိုလ်များဖြစ်တာနှင့်အညီ သုတေသနလုပ်ငန်းများဆောင်ရွက်၍ စာတမ်းများရေးသားနိုင်မှု၊ နိုင်ငံတကာသုတေသနဂျာနယ်များတွင် ထည့်သွင်းဖော်ပြခံရမှုတို့ကို Criteteria အဖြစ် သတ်မှတ်စဉ်းစားသွားမှာ ဖြစ်ပါတယ်။ FDI Project တွေမှာ Capacity Building Program တွေကို နိုင်ငံတော်တော်များများကို လျာထားဦးစားပေး တင်ပြထားပြီး Academic Exchange Program၊ Research Collaboration Program များနဲ့ ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်များတွင် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့် စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူနှစ်ဦးလျှင် ကွန်ပျူတာတစ်လုံးနှုန်းဖြင့် လက်တွေ့စက်ခန်းအသုံးပြုချိန် တစ်ပတ်လျှင် ၁၅ နာရီခန့် လေ့ကျင့်သင်ကြားပေးခြင်း၊ စက်ခန်းနှင့် စာသင်ခန်းများအား နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးခြင်း၊ မြန်နှုန်းမြင့် Internet Access ကိုလည်း Fibre Cable၊ Wifi စနစ်များဖြင့် ရရှိအောင်စီစဉ်ထားခြင်း၊ Lab ပစ္စည်းများ ဖြည့်ဆည်း၍လက်တွေ့သင်ကြားပေးခြင်းနှင့် စာသင်ခန်းများတွင် 4 Skills Facilities များ ရရှိစေရန်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အရည်အချင်းပြည့် ဆရာ/ဆရာမများ ခန့်အပ်ခြင်းနဲ့ စပ်လျဉ်းပြီး အတွေ့အကြုံရှိသော ဆရာ၊ ဆရာမများ ဖြည့်ဆည်းပေးထားပြီး ကျောင်းသား ကျောင်းသူ ၂၀၀ အား Section ငါးခုခွဲ၍ စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား ၄၀ ဖြင့် သင်ကြား ပေးလျက်ရှိပါတယ်။

မေး။ ။အဆင့်မြင့်တက္ကသိုလ်တွေရဲ့ သင်ရိုးညွှန်းတမ်းတွေကိုလည်း နိုင်ငံတကာအဆင့်မီအောင် ရေးဆွဲမယ်လို့သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း သိလိုပါတယ်။

ဖြေ။ ။အဆင့်မြင့်တက္ကသိုလ်များရဲ့ သင်ရိုးညွှန်းတမ်းတွေကို နိုင်ငံတကာအဆင့်မီအောင် ရေးဆွဲပေးရာတွင်လည်း နိုင်ငံတကာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများအားလေ့လာ၍ လုပ်ငန်းခွင်၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန် ဘာသာရပ်အဖွဲ့များမှ ပြုစုထားပြီး ယင်းသင်ရိုးညွှန်းတမ်းများအား စတင်သင်ကြားလျက်ရှိပါတယ်။ တက္ကသိုလ်စာကြည့်တိုက်တွင် ယင်းသင်ရိုးညွှန်းတမ်းမှ စာအုပ်များပြည့်စုံစွာ ထားရှိပေးထားပါတယ်။ နိုင်ငံတကာ သုတေသနအခြေပြုတက္ကသိုလ်များရှိ စာကြည့်တိုက်များတွင် အသုံးပြုနေသော Online Digital Library စနစ်အတိုင်း ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘွဲ့လွန်သင်တန်းများဖြစ်တဲ့ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများနဲ့ ပါရဂူဘွဲ့သင်တန်းများအတွက်လည်း Curriculum နှင့် Syllabus များကို နိုင်ငံတကာရှိ ဘွဲ့လွန်သင်တန်းများနှင့် နှိုင်းယှဉ်ရေးသားပြုစုထားပြီး သင်ကြားတဲ့ ဘာသာရပ်အရေအတွက်နဲ့ Credit Hour တွေကိုလည်း ညှိနှိုင်းရေးဆွဲထားပြီးဖြစ်ပါတယ်။ ဘွဲ့လွန်သင်တန်းတွေရဲ့ အရေးကြီးတဲ့ အချက်ကတော့ Curriculum ဟာ Methodology နဲ့ Technology တွေရဲ့ ခေတ်အလိုက်ပြောင်းလဲမှုနှင့်လိုက်ပါပြီး သုတေသနတွေ ဆောင်ရွက်နိုင်ဖို့ ဖြစ်တယ်။ တစ်ဖက်ကလည်း နိုင်ငံရဲ့ Technology ဆိုင်ရာ အရေးကြီးတဲ့ပြဿနာတွေရှိတဲ့ Field တွေကို သုတေသနပြုနိုင်ဖို့လည်း လိုပါတယ်။ ဒါ့အပြင် အားလုံးကို ထိုက်သင့်သည့်အားလျော်စွာ Technology Plat Form Level တစ်ခုထိ တင်ပေးလိုက်နိုင်ဖို့လည်း လိုပါတယ်။ ဒါတွေကို ချင့်ချိန်ပြီး နိုင်ငံတကာဘွဲ့လွန်ပညာရေးနှင့်အတူ လိုက်ပါနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

မေး။ ။သင်ကြားမှုစနစ်နဲ့ စာမေးပွဲ စစ်ဆေးမှုနည်းစနစ်တွေကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။တစ်နှစ်လျှင် Semester I နှင့် Semester II ဟူ၍ Semester (၂)ခုခွဲထားပါတယ်။ Semester -Wise စာမေးပွဲများမှာ ဘာသာရပ်အလိုက် အောင်မှတ် (Theory၊ Tutorial Test နဲ့ Practical သည် ၅၀ မှတ် ဖြစ်ပါတယ်။ ကျရှုံးတဲ့ ဘာသာရပ်များအတွက် Re-exam ဖြေဆိုခွင့်ပြုမှာဖြစ်ပါတယ်။ Moderation မရှိပါဘူး။ အကယ်၍ အတန်းတင်စာမေးပွဲကျရှုံးခဲ့ပါက Internal Repeater တစ်နှစ်ပြန်နေခွင့်ပြုမှာဖြစ်ပြီး ထပ်မံကျရှုံးခဲ့ပါက External ကျောင်းသားအနေဖြင့်သာ နောက်ထပ်တစ်နှစ် စာမေးပွဲဖြေဆိုခွင့်ပြုမှာ ဖြစ်ပါတယ်။ External ကျောင်းသား အနေဖြင့် ထပ်မံကျရှုံးပါက တက္ကသိုလ်မှ အပြီးအပိုင် ထွက်ရမှာဖြစ်ပါတယ်။ အဆင့်မြင့်တက္ကသိုလ်များ၏ သင်ကြားမှုနည်းစနစ်အနေဖြင့် စာသင်နှစ် တစ်နှစ်လျှင် Seminar (၂)ခုနဲ့ အခြေခံဘွဲ့တစ်ခုရရှိဖို့ ကွန်ပျူတာတက္ကသိုလ်များအတွက် ငါးနှစ်နှင့် နည်းပညာတက္ကသိုလ်အတွက် ခြောက်နှစ်သင်ကြားရန် သတ်မှတ်ထားပါတယ်။ စာမေးပွဲ စစ်ဆေးမှုပုံစံအနေဖြင့်လည်း ရေးဖြေစာမေးပွဲစစ်ဆေးမှု (Written Exam)၊ လက်တွေ့စာမေးပွဲ စစ်ဆေးမှု (Pract- ical Exam)နှင့် စာသင်နှစ်အပြီးမှာ Project တင်သွင်းခြင်းများနဲ့ စစ်ဆေးသွားမှာ ဖြစ်ပါတယ်။

မေး။ ။အင်ဂျင်နီယာပညာရေးစနစ်ကို နိုင်ငံတကာအဆင့်ထိ မြှင့်တင်ဆောင်ရွက်သွားမယ့်အစီအစဉ်နဲ့ ပတ်သက်ပြီးတော့လည်း ဘယ်လိုမြှင့်တင်သွားမယ်ဆိုတာ သိပါရစေ။

ဖြေ။ ။နိုင်ငံတကာအဆင့်အထိ မြှင့်တင်ဆောင်ရွက်ဖို့ဆိုတာ ဘက်ပေါင်းစုံက လိုအပ်ပါတယ်။ ပထမ Capacity Enhancement ပေါ့၊ ဆရာ၊ ဆရာမတွေ အရေအတွက်အရရော၊ အရည်အသွေးအရပါ လုံလောက်ဖို့ လိုပါတယ်။ နောက်ခေတ်မီတဲ့ ဓာတ်ခွဲခန်းပစ္စည်းတွေနဲ့ သက်ဆိုင်ရာ သင်တန်းအလိုက်၊ ဘာသာရပ်အလိုက်၊ စာသင်နှစ်အလိုက်၊ လိုက်ဖက်အောင် ဖြည့်ဆည်းကျွမ်းကျင်အောင် သင်ကြားပေးနိုင်ဖို့ လိုပါတယ်။ သင်ရိုးညွှန်းတမ်းများမှာ နိုင်ငံတကာတက္ကသိုလ်များကဲ့သို့ပင်ဖြစ်ပြီး လက်တွေ့လုပ်ဆောင်နိုင်မှုအပိုင်းအတွက်ကတော့ လိုအပ်ချက်တွေကို အခြား ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်၍ အကောင်းဆုံးပံ့ပိုးပေးနိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒေါက်တာ အောင်ကျော်မြတ် ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန

မေး။ ။အနယ်နယ်အရပ်ရပ်က ရောက်လာမယ့် ကျောင်းသား ကျောင်းသူတွေအတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ပေးထားပါသလဲ။ ဥပမာ အဆောင်၊ ဖယ်ရီ၊ စသည့်ဖြင့် ....။

အဖြေ။ ။ယခု ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်တွင် ဘွဲ့ကြိုကျောင်းသားများအတွက် ကျောင်းဆောင်နေထိုင်ခွင့်၊ ဖယ်ရီစသည်ဖြင့် စီစဉ်ထားချက်မရှိသေးပါဘူး။ ရန်ကုန်နည်းပညာတက္ကသိုလ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင် နေထိုင်ကြသော ဘွဲ့လွန်သင်တန်းများ (မဟာဘွဲ့၊ ပါရဂူဘွဲ့)နှင့် ဝန်ထမ်းသင်တန်းသားများအတွက် ကျောင်းဆောင်နေထိုင်ခွင့်ပြုပြီး မန္တလေးနည်းပညာတက္ကသိုလ်တွင်မူ ဘွဲ့လွန်သင်တန်းတက်ရောက်လျက်ရှိသော ဝန်ထမ်းသင်တန်းသားများကိုသာ အဆောင်နေထိုင်ခွင့်ပြုထားပါတယ်။ အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်တွေမှာတော့ ကျောင်းသား ကျောင်းသူများအတွက် လောလောဆယ် အဆောင်စီစဉ်ပေးထားခြင်း မရှိသေးပါဘူး။

မေး။ ။အဆင့်မြင့်အင်ဂျင်နီယာနဲ့ ကွန်ပျူတာပညာရပ်များ သင်ယူမှုနဲ့ ပတ်သက်ပြီး နှစ်အလိုက်ကုန်ကျဖွယ်ရှိတဲ့ စရိတ်စကတွေကိုလည်း ပြောပြပေးပါ။

ဖြေ။ ။အဆင့်မြင့်နည်းပညာတက္ကသိုလ်တွေမှာ ကျောင်းလခတစ်လလျှင် ၅၀၀၀ ကျပ်ဖြစ်ပြီး ပြဋ္ဌာန်းစာအုပ်ဖိုး အပါအဝင် အခြားစုစုပေါင်း တစ်နှစ်ကုန်ကျစရိတ် ကျပ် ၁၈၉၆၀၀ ကုန်ကျမှာ ဖြစ်ပါတယ်။ အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်တွေမှာ ကျောင်းလခတစ်လလျှင် ကျပ် ၅၀၀၀ ဖြစ်ပြီး သင်တန်းနှစ် တစ်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်ဖိုးမှာ ပျမ်းမျှ ကျပ် ၅၀၀၀၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။

မေး။ ။စာမေးပွဲရမှတ် ၄၅၀ နဲ့ အထက်ရရှိတဲ့ ကျောင်းသား ကျောင်းသူ ၂၅၀ အထိ လက်ခံမယ်ဆိုတာ သိရပါတယ်။ ဝင်ခွင့်လျှောက်ထားသူဦးရေ ပြည့်မပြည့် သိရှိလိုပါတယ်။

ဖြေ။ ။လက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှာ ယောကျ်ားလေး ၁၁၆ ဦးနှင့် မိန်းကလေး ၁၂၁ ဦး စုစုပေါင်း ၂၃၇ ဦးရှိပြီး မန္တလေးနည်းပညာတက္ကသိုလ်တွင် လက်ရှိ ယောကျ်ားလေး ၁၂၅ ဦးနှင့် မိန်းကလေး ၁၃၂ ဦး စုစုပေါင်း ၂၅၇ ဦး ရှိပါတယ်။အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်များတွင် စာမေးပွဲရမှတ် ၄၅၀ နှင့်အထက်ရရှိသော ကျောင်းသား ကျောင်းသူ ၂၀၀ အထိ လက်ခံရာမှာ မန္တလေးကွန်ပျူတာတက္ကသိုလ်မှာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၃ ဦး ဝင်ခွင့်ရရှိခဲ့ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်း) တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၁ ဦး ဝင်ခွင့်ရရှိခဲ့တဲ့အတွက် သတ်မှတ်ချက် ပြည့်မီမှုရှိပါတယ်။

ပြည်တွင်းသတင်း

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း စီးပွားဖြစ်ထုတ်လုပ်ရေး လေ့လာရန်ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Hon Murray Mc Cully နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများသည် နယူးဇီလန်နိုင်ငံသို့ ရောက်ရှိနေစဉ် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် လန်ဂမ်ဟိုတယ် Aucklander Boardroom ၌ နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Hon Murray Mc Cully နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ဖြစ်ထွန်းရေးနှင့် အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် အော့ကလန်မြို့ရှိ ဖွန်တဲရား ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr.Theo Spiering နှင့်တွေ့ဆုံ၍ ကုမ္ပဏီ၏ နို့နှင့် နို့ထွက်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုအခြေအနေများနှင့် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး Fonterra Company ၏ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ပြီး နို့မှုန့်၊ ထောပတ်၊ ဒိန်ခဲနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်ကို လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်နှင့် ဒေါက်တာကံဇော်တို့ အော့ကလန်မြို့ရှိ ဖွန်တဲရား ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr.Theo Spiering နှင့်တွေ့ဆုံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးမှစ၍ နို့နှင့်နို့ထွက်ပစ္စည်း စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအထိ နည်းစဉ်နှင့် လုပ်ငန်းအရွယ်အစား ဖြစ်နိုင်ခြေလေ့လာချက် ပြုလုပ်ရေး အစီအစဉ်များကို အသေးစိတ်လေ့လာဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ထို့အတူ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် မတ် ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် Department of the Prime Minister and Cabinet မှ Policy Advisor Mr.Andrew Annakin နှင့် The University of Auckland, Department of Economic မှ Professor Mr. Basil Sharp တို့နှင့်တွေ့ဆုံ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနည်းပညာများ အကူအညီပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ကုမ္ပဏီများ၏မျိုးစေ့ထုတ်စိုက်ကွင်းများသို့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ တောင်သူဦးကြီးများ လာရောက်လေ့လာ

ရန်ကုန် မတ် ၁၇

နိုင်ငံတော်၏လယ်ယာကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်ကို ၂၀၀၈ ခုနှစ် ကတည်းက စတင်တည်ထောင်ပေးခဲ့သည်။

အဆိုပါ အထူးဇုန်ကို ဇုန်နှစ်ဇုန် သတ်မှတ်ထားရာ အထူးဇုန် (၁)၌ လုပ်ကွက်ခြောက်ကွက်၊အထူးဇုန်(၂)၌ လုပ်ကွက်(၁၂) ကွက် ဖော်ထုတ်၍ စုစုပေါင်း ၉၃၂၅ ဧကကို ကုမ္ပဏီ ၁၆ ခုက ခေတ်မီစက်မှုလယ်ယာစနစ်ဖြင့် ပုလဲသွယ်စပ်မျိုး စပါးများကို တစ်ဆက်တစ်စပ်တည်း အောင်မြင်စွာ စိုက်ပျိုးလျက်ရှိသည်။

ထို့ပြင် ၂၀၁၂- ၂၀၁၃ ခုနှစ် နွေစပါးရာသီတွင် ဒဂုံအင်တာနေရှင်နယ်၊ ဆန်းမွန်းစတား၊ ရွှေနဂါးမင်း၊ ဂရင်းအေးရှားနှင့် ပင်လယ်ကိုးသွယ် ကုမ္ပဏီတို့က ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ ၅၄၁ ဧက ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

အဆိုပါအထူးဇုန်သို့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ အင်အား ၂၀၀ ခန့်ရှိ တောင်သူဦးကြီးများသည် မတ် ၁၅ ရက် နံနက် ၇ နာရီတွင် လာရောက်လေ့လာကြသည်။

ရှေးဦးစွာ လေ့လာရေးအဖွဲ့ဝင်တောင်သူဦးကြီးများသည် အထူးဇုန်(၂)ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ အထူးအထွက်တိုး ပုလဲသွယ်(၃) စပ်မျိုးစပါးမျိုးစေ့ထုတ် ဧက ၁၁၀ စိုက်ကွင်းသို့ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်သန်းဦးက ယခုနှစ်ရာသီအတွင်း တောင်သူများအား ဖြန့်ဖြူးပေးရန် စိုက်ပျိုးထားရှိမှုနှင့် လာမည့်နှစ်တွင် တောင်သူများနှင့် အကျိုးတူဆောင်ရွက်ရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်နှင့် လေ့လာရေးအဖွဲ့ဝင်တောင်သူဦးကြီးများ အထူးဇုန်(၂)ရှိ အထူးအထွက်တိုး ပုလဲသွယ်(၃) စပ်မျိုးစပါးမျိုးစေ့ထုတ် ဧက ၁၁၀ စိုက်ကွင်း၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်တောင်သူဦးကြီးများသည် အထူးအထွက်တိုးပုလဲသွယ်(၃)စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၁၀ စိုက်ကွင်းအတွင်း အဖိုလိုင်းနှင့် အမလိုင်း ဝတ်မှုန်ကူးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ရွှေနဂါးမင်းကုမ္ပဏီ၏ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၅၀ စိုက်ခင်းအတွင်း ဝတ်မှုန်ကူးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Green Asia Co., Ltd. ၏ ခေတ်မီစံပြစက်မှု လယ်ယာစိုက်ပျိုးရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံတကာတွင် ၁၂ လ ရာသီပတ်လုံး စပါးစိုက်ပျိုးနိုင်ရုံမက နေရာလွတ်မကျန်ပင် စိုက်ပျိုးနေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သမားရိုးကျ စိုက်ပျိုး၍မရကြောင်း၊ စက်မှုလယ်ယာစနစ်ဖြင့်ပင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူများ စားဝတ်နေရေးကောင်းမှ တိုင်းပြည်ဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ စပ်ကူးမပ်ကူးကာလတွင် စိန်ခေါ်မှုများရှိသော်လည်း တောင်သူများ၏ လယ်ယာလုပ်ငန်းများကိုအစ၊ အလယ်၊ အဆုံး ဆောင်ရွက်ပေးပြီး ဈေးကွက်ရောက်သည်အထိပင် ပို့ပေးရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဆန်တန်ချိန် ၁ ဒသမ ၄ သန်းအထိ ပို့နိုင်ပြီဖြစ်၍ ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကာ အတွေ့အကြုံများကိုရယူ၍ ဈေးကွက်ကို လေ့လာသွားရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပုလဲသွယ်အထွက်တိုး စပ်မျိုးစပါးဈေးကွက်ကို စတင်ထိုးဖောက်ရာတွင် စပါးကိုပင် Export ပေးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှစ၍ Export ပေးခဲ့ခြင်းမရှိကြောင်း၊ ယခု ဆန်ဈေးကွက်ရရှိပြီဖြစ်၍ ပုလဲသွယ်အထွက်တိုးစပ်မျိုးစပါးအစား ဆန်များကို ပြည်ပသို့ တင်ပို့ခွင့်ရရှိလာပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် Green Asia Co., Ltd. ၏ မျိုးစေ့သန့်စင်စက်နှင့် လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လေ့လာရေးအဖွဲ့ဝင် တောင်သူဦးကြီးများသည် စက်မှုလယ်ယာဦးစီးဌာနနှင့် နှစ်(၃၀) B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် ရွှာသာကြီးရှိ ဂွတ်ဘရားသား(စ်) လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး တပ်ဆင်ထားသည့် လယ်ယာသုံး စက်ကိရိယာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာတက္ကသိုလ်ကွန်ရက် (UniNet) စတင်

ရန်ကုန် မတ် ၁၇

သိပ္ပံနှင့်နည်းပညာတက္ကသိုလ်ကွန်ရက်(UniNet)စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာတက္ကသိုလ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်တို့က သိပ္ပံနှင့်နည်းပညာတက္ကသိုလ်ကွန်ရက်(UniNet)စတင်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)တို့ ကွန်ရက်ချိတ်ဆက်၍Video Conference ဆောင်ရွက်မှုကို ရှင်းလင်းပြသကြသည်။

ထို့နောက် အဆင့်မြင့် နည်းပညာတက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးညီလှငယ်က အမှာစကား ပြောကြားသည်။

ယင်းနောက် Masaachusetts Institute of Technology (MIT) မှ Professor Carl V. Thompson က Materials for Micro and Nano-systems ခေါင်းစဉ်ကို ဆွေးနွေးဟောပြောသည်။

သိပ္ပံနှင့်နည်းပညာတက္ကသိုလ်ကွန်ရက် (UniNet) အသုံးပြု၍ ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)တို့အကြား Wireless Network ချိတ်ဆက်ထားကာ Online Courses များ သင်ယူနိုင်မည်ဖြစ်ပြီး Video Conferencing ကို အသုံးပြု၍ နည်းပညာများဖလှယ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

(၆၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စီမံကိန်းနယ်မြေအတွင်းရှိကျေးရွာများသို့ကွင်းဆင်းသွားရောက်လေ့လာ ဒေသခံပြည်သူများ၏လိုအပ်ချက်များနှင့် လိုလားချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၁၇

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မဟာဇောတိကရာမ ကျောင်းတိုက်သို့ သွားရောက်၍ ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒနှင့် တိုင်းဒေသကြီး၊ မြို့နယ်သံဃနာယက ဆရာတော်များအား ဖူးမြော်ကြည်ညို ကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် မဟာလယ်တီ ကျောင်းတိုက်သို့ သွားရောက်၍ မဟာလယ်တီ ဒသမ ပဓာန နာယက ဆရာတော်ဘဒ္ဒန္တကုန္ဒဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်ပရိဝုဏ်အတွင်းရှိ မဟာလယ်တီ ကျောက်စာတိုင်နှင့် သာသနိကမှတ်တမ်းမှတ်ရာ အဆောက်အအုံများကို ဖူးမြော် ကြည်ညိုလေ့လာရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးတို့က ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေသို့ သွားရောက်ခဲ့ရာ စီမံကိန်းနေရာမှ ပြောင်းရွှေ့လာကြသည့် ဝက်မွေးနှင့် ကံတောကျေးရွာသစ်များသို့ ရောက်ရှိကြပြီး ကျေးရွာသစ်များသို့ ပြောင်းရွှေ့မှုအခြေအနေ၊ နေအိမ်အဆောက်အအုံ၊ လမ်း၊ ရေ၊ မီး စီစဉ်ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ကံတောရွာသစ် မီးသတ်အဆောက်အအုံခန်းမ၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ၊ စီစဉ်ဆောင်ရွက်ပေးရန်ရှိသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆည်တည်းနှင့် ဇီးတောကျေးရွာသစ်များသို့ ဆက်လက်သွားရောက်ကာ ကျေးရွာသစ် တည်ဆောက်ထားရှိမှု အခြေအနေနှင့် အိမ်များ၊ လမ်းများ၊ ရေ၊ မီး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဆည်တည်းကျေးရွာသစ် မီးသတ်ရုံအဆောက်အအုံ၌ ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်၏ရေရှည်အကျိုးစီးပွား၊ ပြည်သူလူထု၏အကျိုးစီးပွားအတွက် အပြုသဘောဆောင်သည့် အမြင်ဖြင့် ကျေးရွာလူထု၏လိုအပ်ချက်၊ လိုလားချက်များကို မိမိတို့အဖွဲ့အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားသည် တိုင်းပြည်၏ အကျိုးစီးပွားဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အလျောက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း နယ်မြေအတွင်းရှိ ကျေးရွာများတွင် နေထိုင်ကြသော မိမိတို့၏ညီအစ်ကို မောင်နှမများအနေဖြင့် နေရေး၊ ထိုင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ယခင်က ထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလိုသည့် ဆန္ဒရှိပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အဖွဲ့အနေဖြင့် ယခုလို လာရောက်ခဲ့ပြီး လက်တွေ့ကျကျ ပေါင်းစပ်ညှိနှိုင်းရန်ဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဆည်တည်းရွာသစ်မှ ဦးတင်ဆန်း၊ ဦးမျိုးလှိုင်၊ ဦးအောင်လွင်၊ ဒေါ်ပို၊ ဇီးတောကျေးရွာသစ်မှ ဦးစိန်မောင်း၊ ဦးဝင်း၊ ဒေါ်မိုးမိုးဆန်း၊ ဦးရဲမြင့် စသည့် ဒေသခံတောင်သူများက လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များက မှတ်သားရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆည်တည်း၊ ဇီးတောရွာသစ်နှင့် ဝက်မွေး၊ ကံတောရွာသစ်များအတွက် မီးသတ်ယာဉ်တစ်စီးစီနှင့် မီးသတ်တပ်ဖွဲ့ဝင်များရရှိရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် မလွတ်ကင်းသည့်လယ်မြေ၊ ယာမြေများနှင့်စပ်လျဉ်း၍ မြေလျော်ကြေးငွေ ပေးအပ်လျက်ရှိသည့် ဆားလင်းကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ငွေသာခန်းမသို့ ရောက်ရှိ၍ မြေလျော်ကြေးငွေ ပေးအပ်ထုတ်ယူနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး မှားယွင်းမှုမရှိရန်၊ ကြန့်ကြာမှုမရှိရန်နှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

မတ် ၁၆ ရက်တွင် မြေယာလျော်ကြေးငွေကျပ် ၂၂၄၆ သိန်းကျော်အား ဖောင်းကတာ ကျေးရွာအုပ်စုမှ တောင်သူ ၆၉ ဦးကို ပေးအပ်နိုင်ခဲ့ပြီး နောင်ရက်များတွင်လည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

ထို့အပြင် တောင်သူများ၏ ရရှိငွေများကို လုံခြုံစွာ သိမ်းဆည်းအပ်နှံနိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ရိုးမဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲတို့ကို တစ်ပါတည်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း တည်ထားကိုးကွယ်တော်မူသည့် တောင်ကြား စကြာတောရ စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ တည်ဆောက်ထားသည့် မိုးကြိုး ဆာလ်ဖျူရစ် အက်ဆစ်စက်ရုံသို့ရောက်ရှိရာ စက်ရုံမှူး ဦးခင်အောင်က စက်ရုံ၏ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာများ၊ စက်ရုံ၏အက်ဆစ်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းထိခိုက်မှုမရှိစေရန် စက်ရုံဝန်းကျင်အတွင်း သစ်ပင်များ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု၊ ဒေသအကျိုးပြု ဆောင်ရွက်ပေးမှုဆိုင်ရာများ ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုးရှိ သီတဂူ အာယုဒါနဆေးရုံတော်တွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူတော်မူလျက်ရှိကြသည့် ရဟန်းသံဃာနှင့် ရှင်သာမဏေများအား သွားရောက် တွေ့ဆုံအားပေးကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❀ ကျော့ဖုံးမှ

အသင်းလိုက် တန်းခုန်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ရရှိခဲ့သည့် ကမ္ဘောဒီးယားအသင်းမှ မာကာရာဖက်က "အတွေ့အကြုံသစ်တွေရသလို ပျော်လည်းပျော်ပါတယ်။ ဒီခရီးက မြန်မာနိုင်ငံကို ပထဆုံးရောက်ဖူးတဲ့ခရီးပါ။ ဒါပေမယ့် ပျော်ပါတယ်။ အခုလို ငွေတံဆိပ်ရတဲ့အတွက် ပိုပြီးတော့ ပျော်ရပါတယ်။ ကျွန်တော် မဲပေါက်တဲ့မြင်းနဲ့ နည်းနည်းစိမ်းပေမယ့် အချိန်ကြာလာတာနဲ့အမျှ ရင်းနှီးလာပါတယ်။ သူက နည်းနည်းမြန်ပေမယ့် ထိန်းချုပ်ရလွယ်ပါတယ်။ ဒီမြင်းကွင်းကို အလွန်သဘောကျတယ်။ မြေသားနူးညံ့တဲ့အတွက် စီးရတာ ပိုကောင်းသလို မြင်းလည်းသက်သာတယ်။ လာမယ့် နေပြည်တော် ဆီးဂိမ်းမှာ ရွှေယူဖို့ ကျွန်တော်တို့ ပြန်လာခဲ့ပါမယ်"ဟု ပြောကြားခဲ့သည်။ မာကာရာဖက်သည် မလေးဖြူ အမည်ရှိ မြင်းဖြင့် ပြိုင်ပွဲဝင်ဆုရခဲ့သူဖြစ်သည်။ ၎င်း၏တွဲဖက်အသင်းဖော်ဆိုချာဖိုယန်ကလည်း အလွန်ပျော်ပါသည်ဟုသာ တိုတိုတုတ်တုတ် ဖြေပါသည်။ အသင်းလိုက် အလှစီးပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ရခဲ့သူ အင်ဒိုနီးရှား မြင်းစီးကစားသမား အဒ်ဟီတာအန်ဒရာနှင့်လည်း တွေ့ဆုံစပ်စုခွင့် ရရှိခဲ့ပါသည်။ ၎င်းသည် အလှစီးပြိုင်ပွဲတွင် ငွေလာမေမြင်းဖြင့် ပြိုင်ခဲ့ပြီး ၎င်း၏တွဲဖက်မီနာယန်အယ်လ်ဖဲရိုက နတ်သမီးမြင်းဖြင့် ပြိုင်ခဲ့သည်။ အန်ဒရာသည် ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေး တံဆိပ်ရရှိခဲ့သူဟုလည်း သိရသည်။ ၎င်းက "ဒီကိုရောက်တော့ အလွန်ကို စိတ်လှုပ်ရှားမိပါတယ်။ ကျွန်မရတဲ့ မြင်းနဲ့က စိမ်းနေသေးတော့ ပထမမှာ အခက်အခဲရှိခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အသားကျလာပါတယ်။ ကျွန်မတို့နိုင်ငံအတွက် အခုလို ရွှေတံဆိပ်ယူပေးနိုင်လို့ ဂုဏ်ယူမဆုံးပါဘူး။ အလွန်လည်း ဝမ်းသာပါတယ်။ ဒီလို အဆင့်မီ မြင်းကွင်းတစ်ကွင်းကို တွေ့ရမယ်လို့ထင်မထားခဲ့ပါဘူး။ အထင်နဲ့အမြင် တခြားစီဖြစ်နေတော့ အံ့ဩမိပါတယ်။

"နေပြည်တော် ဆီးဂိမ်းမှာ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ပြီး အဓိကပြိုင်ဘက်ကတော့ ထိုင်းဖြစ်မယ်ထင်ပါတယ်"ဟု ပြောခဲ့သည်။ ၎င်းသည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သော တစ်ဦးချင်း အလှစီးပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သူ အမျိုးသမီး မြင်းစီးသမားဖြစ်သည်။

အင်ဒိုနီးရှားမြင်းစီးကစားသမားအနားသို့ ရောက်ရှိနေသော အင်ဒိုနီးရှားမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ Irvan Gading တို့ ဇနီးမောင်နှံနှင့်လည်း အန်ဒရာက မိတ်ဆက်ပေးသဖြင့် မေးမြန်းစပ်စုခွင့် ရလိုက်ပါသေးသည်။ မစ္စတာအာဗန်မှာ မြန်မာမြင်းစီးကွင်းကို အလွန်ကျေနပ်အားရလျက်ရှိသူဖြစ်သည်။ "အလွန်အံ့အားသင့်ရပါတယ်။ ဒီလိုဖြစ်လာမယ်လို့ ကျွန်တော်လုံးဝထင်မထားဘူး။ ကွင်းက အသစ်ဖြစ်ပေမယ့် အလွန်ကောင်းတာတွေ့ရတယ်"ဟု ဆိုသည်။ ဘေးတွင်ရပ်နေသူ ၎င်း၏ဇနီးက "ဒီမှာ ရာသီဥတုအလွန်ပူတဲ့အတွက် မြင်းတွေသိပ်ပင်ပန်းပါတယ်။ ဒီလိုရက်ဆက်ကစားရတော့ ပိုပင်ပန်းတာပေါ့။

"ဒါပေမယ့် မြန်မာ မြင်းတွေရဲ့ ခံနိုင်ရည်စွမ်းအားကို အံ့အားသင့်ရပါတယ်။ အာဆီယံ နိုင်ငံတွေ အချင်းချင်း သူ့နိုင်ငံ ကိုယ့်နိုင်ငံမခွဲဘဲ မိသားစုလို ဒီလိုလုပ်သွားရင် ကျွန်မတို့ဒေသတွင်း မြင်းစီးအားကစား ဒီထက်မက ပိုအောင်မြင်လာမယ်ထင်ပါတယ်" ဟု ဖြည့်စွက်ပြောသည်။ ယခုပြိုင်ပွဲတွင် ခရီးရှည်တာဝေးပြိုင်ပွဲ၌ မလေးရှားနိုင်ငံမှ အက်ဘ်ဒူဟာလ်လအေလီဟမ်မှာ မြတ်လေးငုံမြင်းဖြင့် ပထမရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်း၏ကိုယ်စား မလေးရှားအသင်းအဖွဲ့ခေါင်းဆောင် ကာမယ်လ်အကီဖန်းက "အလီဟမ်က မလေးရှားနိုင်ငံရဲ့ နံပါတ်တစ် ကစားသမားပါ။ သူက ပြင်သစ်မှာ သွားရောက်လေ့ကျင့်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒီပွဲကို ရွှေတံဆိပ်မှန်းပြီး လာခဲ့တာပါ။ ဒါပေမယ့် ဒီမှာပြိုင်တဲ့ မလေးရှားအသင်းက လူဟောင်းတွေမပါဘူး။ လူသစ်တွေချည်းပါ။ ကျွန်တော်တို့နိုင်ငံမှာ ဒီကစားနည်းကခေတ်စားပါတယ်။ ဩစတြေးလျ၊ နယူးဇီလန်၊ အာဂျင်တီးနား၊ ယူကေနဲ့ ပြင်သစ်လူမျိုးနည်းပြတွေနဲ့ လေ့ကျင့်နေပါတယ်"ဟု အားရဖွယ်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသို့ ပထမဆုံး အကြိမ် ရောက်ဖူးပေမယ့်ပျော်ပါကြောင်း၊ အချို့အရာတွေ ဖြည့်စွက်လိုက်လျှင် နိုင်ငံတကာအဆင့်မီ မြင်းစီးအားကစားကွင်းဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောဆိုခဲ့ပါသည်။ ထိုင်းနိုင်ငံအတွက် ရွှေနှင့်ငွေဆုများရရှိအောင် စွမ်းဆောင်ပေးခဲ့သူ နဂန်ကာမိုလ်စီရိကတော့ သူ့နိုင်ငံအပြန်ခရီးတွင် ဆုတံဆိပ်တွေနှင့်အတူ ပြန်ခွင့်ရ၍ အတိုင်းမသိ ဝမ်းသာကြောင်း ပြောသည်။ သူကဆက်လက်၍ "ဒီက စီစဉ်သူတွေအနေနဲ့ နည်းစနစ်ပိုင်းတွေ ကောင်းပါတယ်။ ဒါပေမယ့် အတွေ့အကြုံတော့ နည်းနည်းလိုသေးတယ်ထင်တယ်။ မြင်းကို မြင်းဇောင်းကနေ ထုတ်တာ ကြန့်ကြာမှုမရှိအောင် လုပ်တာမျိုးတို့ပေါ့။ ဒါပေမယ့် စီမံဆောင်ရွက်မှုတွေဟာ အံ့ဩလောက်အောင် ကောင်းမွန်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ရွှေတံဆိပ်မရပေမယ့် မြန်မာအသင်းစိတ်မပျက်သင့်ပါဘူး။ ဒီပွဲဟာ ကွင်းနဲ့ မြင်းတွေနဲ့ ရင်းနှီးမှုရအောင်စမ်းသပ်ပြီး ပြိုင်တဲ့ပွဲပါ။ ဘယ်သူမှ တကယ်ပြိုင်မယ့်သူတွေကို မလွှတ်ကြပါဘူး။ ကျွန်တော်ဆိုလည်း နေပြည်တော်ဆီးဂိမ်းမှာ ပြိုင်မှာမဟုတ်ပါဘူး"ဟု ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။ သေချာသည်ကတော့ မြန်မာနိုင်ငံကို လာရောက်ရသည့်အတွက် သူတို့အားလုံး ပျော်ခဲ့ကြပြီး အောင်မြင်မှုများကြောင့် ပိုပြီးတော့ ပျော်နေကြခြင်းပင်ဖြစ်သည်။

စာမေးပွဲနားရက်အတွင်း ပုဏ္ဏားကျွန်းအထက မီးလောင်မှုဖြစ်ပွား စာဖြေကျောင်းသားများ ဆက်လက်ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးထား

ပုဏ္ဏားကျွန်း မတ် ၁၇

မတ် ၁၆ ရက် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်က ပုဏ္ဏားကျွန်း အထက (ပင်မ) နှစ်ထပ်ဆောင်မီးလောင်ကျွမ်းခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်အဖွဲ့သည် နာရီပိုင်းအတွင်း လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်မှာ ပင်မကျောင်းဆောင်၏ အနောက်ဘက်အစွန်ဆုံးစာသင်ခန်း အောက်ထပ် ကျောင်းသုံးပရိဘောဂအပျက်အစီးများနှင့် သစ်တို၊ သစ်စများ ထားသည့်နေရာမှ စတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပြည်သူလူထု၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၃ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ပျက်စီး

မီးလောင်ကျွမ်းမှုကြောင့် ပေ ၄၀× ၂၄ ပေ စာသင်ခန်း အထက်/အောက် နှစ်ခန်းနှင့် ပေ ၃၀× ၂၄ ပေ စာသင်ခန်းအထက်/အောက်နှစ်ခန်း စုစုပေါင်း စာသင်ခန်းလေးခန်း မီးလောင်ပျက်စီးသွားခဲ့သည်။

ပုဏ္ဏားကျွန်းအထကတွင် စိတ်ကြိုက်မြန်မာစာဖြေဆိုမည့် တက္ကသိုလ်ဝင်တန်းကျောင်းသားများမရှိသဖြင့် စာမေးပွဲနားရက် (စနေ၊ တနင်္ဂနွေ) နှစ်ရက်အတွင်း စာဖြေကျောင်းသားများ ငြိမ်းချမ်းစွာ ဆက်လက်ဖြေဆိုနိုင်ရန် စာရေးခုံနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်။

နှစ်ပေါင်း ၆၀ ခန့်ကြာ နိုင်ငံ့သားကောင်းရတနာများစွာကို မွေးထုတ်ပေးခဲ့သော မိခင်ကျောင်းတော်ကြီး ယခုကဲ့သို့ မီးလောင်မှုဒဏ်ခံရခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများအနေဖြင့် ဝမ်းနည်းကြေကွဲမှုများ ခံစားကြရကြောင်း မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို သက်ဆိုင်ရာမှ ပြည်သူနှင့် ပူးပေါင်းဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ညသူ)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြစ်ကြီးနားတက္ကသိုလ် သုံးထပ်စာသင်ဆောင်များ ဖွင့်ပွဲကျင်းပ

မြစ်ကြီးနား မတ် ၁၇

မြစ်ကြီးနားတက္ကသိုလ်၌ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သော သုံးထပ်စာသင်ဆောင်များဖြစ်သည့် မလိဇ္ဇပ် ဆောင်(၁)နှင့် မလိဇ္ဇပ်ဆောင်(၂) ဖွင့်ပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါစာသင်ဆောင်ရှေ့၌ ကျင်းပရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက စာသင်ဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စာသင်ဆောင်သစ် ကမ္ပည်းမော်ကွန်းကို ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တက္ကသိုလ်ရှင်းလင်းဆောင်အတွင်း စာသင်ဆောင်များကို တာဝန်ယူဆောက်လုပ်ပေးခဲ့သည့် မြန်မာမိတ်ကာဟုမ်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးညွှန့်ဝေက စာသင်ဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ခံ ပါမောက္ခချုပ်ထံ လွှဲပြောင်းပေးအပ်ပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ရာ တာဝန်ခံ ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြား၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါစာသင်ဆောင်များသည် အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေ၊ အမြင့် ၃၈ ပေရှိ သုံးထပ်စာသင်ဆောင်ဖြစ်ပြီး စာသင်ဆောင်တစ်ဆောင်တွင် ၁၂ ခန်းပါရှိကာ စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား ကျောင်းသူ ၁၂၀ ပညာသင်ကြားနိုင်ပြီး ငွေကျပ်သန်းပေါင်း ၁၁၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုးဃ်းကျ (မြစ်ကြီးနား)

တိမ်ကောမှု မြန်ဆန်လာသည့် မြစ်ကြီးရော

ဝိုင်းမော် မတ် ၁၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုရွာနှင့် မြစ်ကြီးနားမြို့ကြားတွင် ရှိသော ဧရာဝတီမြစ်ရေစီးလမ်းကြောင်းများသည် တိမ်ကော ပျက်စီးမှု မြန်ဆန်လာပြီး သဲသောင်ခုံများ ထွန်းကာ ချောင်းရိုးသဖွယ် ဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့အနီးက ဧရာဝတီမြစ်ဟာ အရင်ကနဲ့မတူဘူး၊ သဲသောင်ခုံတွေထွန်းပြီး တိမ်ကော ပျက်စီးမှုတွေ မြန်ဆန်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီနေရာက မြစ်ဆုံနဲ့လည်း သိပ်မဝေးလှဘူး၊ ဒေသခံတွေကလည်း မြစ်ရေကျချိန်ရောက်တဲ့အခါမှာ ဧရာဝတီမြစ်စပ်က သဲသောင်ခုံတွေကို ဘုတ်တိုင်တွေမှတ်ပြီး ဝင်းခြံတွေခတ်ပြီး နှစ်စဉ် အခင်းကွက်လုပ်တာတွေများလာတယ်။ အဲဒီလို လူတွေက စည်းကမ်းမရှိဘဲ လောဘတက်ပြီး ဧရာဝတီမြစ်ရေစီးကြောင်း နယ်နိမိတ်တွေကို အလုအယက်အခင်းတွေ လုပ်လာကြတဲ့အခါမှာ မြစ်ရေစီးကြောင်းဟာလည်း တိမ်ကောမှုတွေ မြန်ဆန်လာတယ်။ နောက်ပြီးတော့ မြစ်အနီးမှာရှိတဲ့ တောတောင်က ကမ်းပါးမြေတွေဟာလည်း မိုးရာသီရောက်လို့ ပြိုကျပြီး မြစ်အတွင်းကို စီးမျောမှုတွေ ရှိလာတယ်။ အဲဒီလိုတွေ ဖြစ်ပေါ်နေလို့ ဧရာဝတီမြစ်ကြီးဟာ ရေစီးကြောင်း ပြောင်းလဲပျက်စီးမှုက တစ်နှစ်နဲ့ တစ်နှစ်မတူဘူး၊ ဒီနှစ်မှာ ပိုမြန်ဆန်လာပါတယ်" ဟု ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒေသခံတစ်ဦးက ပြောသည်။ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့ အကြားတွင်ရှိသော ဧရာဝတီမြစ်သည် ယခုနှစ်တွင် မြစ်အတွင်း သဲသောင်ခုံများ ဖြစ်ပေါ်မှုသည် များပြားလျက်ရှိလာပြီး မြစ်ရေစီးကြောင်းသည် ချောင်းရိုးသာသာသဖွယ် ဖြစ်နေကြောင်း သိရသည်။

"အရင်က ဗလမင်းထင်တံတားကြီး အောက်ဆွဲဟာ အခုလို သဲသောင်ခုံများပြားတာတွေ မရှိသေးဘူး။ ဒီနှစ်မှာ ပိုများလာတယ်။ နောက်ပြီးတော့ မြစ်ရေစီးကြောင်းစီးဆင်းမှုဟာလည်း ကျဉ်းမြောင်းလာပါတယ်။ အခုလို ဧရာဝတီမြစ်ကြောင်း ပြောင်းလဲပျက်စီး ချွတ်ယွင်းမှုတွေ ဖြစ်ပေါ်လာတာဟာ ဒေသခံတွေရဲ့ စည်းကမ်းမရှိမှုတွေလည်း ပါတယ်။

ဧရာဝတီမြစ်ကြီးကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက် ပြုပြင်ကြဖို့ရာ အားလုံးပူးပေါင်း ပါဝင်ဖို့လိုပါတယ်။ ဒါမှသာ ဧရာဝတီမြစ်ကြောင်းကြီးရဲ့ ပျက်စီးမှုဟာ ပြန်လည်ကောင်းမွန်လာမှာ ဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာတွင် နေထိုင်သူတစ်ဦးက ထပ်မံပြောပြခဲ့သည်။

ကချင်ပြည်နယ် မြစ်ဆုံအနီးတွင် ရှိသော မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့အနီးတွင်လည်း မြစ်ရေစီးကြောင်း ပြောင်းလဲပျက်စီးမှုသည် မြန်ဆန်နေ၍ မြစ်ရေစီးကြောင်း ကောင်းမွန်စေရေးအတွက် အစိုးရတွင်သာမက မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပြုပြင်ထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်သည်။ **သန်းမောင်လေး(ကချင်မြေ)**

ဂီတာဈေးကွက်တွင် စစ်ကိုင်း ဂီတာနေရာယူ

လူငယ်လူရွယ်များအကြား ဂီတာတီးခတ်မှုအပေါ် စိတ်ဝင်စားမှု များလာသည့်အတွက် ဂီတာဈေးကွက်ဖြစ်ပေါ်လာသည်။ ဂီတာဈေးကွက်တွင် စစ်ကိုင်းမြို့မှ ပြုလုပ်သည့် ဂီတာများ နေရာရလျက်ရှိသည်။

စစ်ကိုင်းမြို့တွင် ဂီတာများကို ထုံးဘိုရပ်၊ မင်းစံရပ်နှင့် နန်းဦးမြို့သစ်ရပ်များတွင် လုပ်ကိုင်လျက်ရှိပြီး ဂီတာလုပ်ငန်း ၂၀ ခန့်ရှိသည်။ ဂီတာလုပ်ငန်းတစ်ခုလျှင် အလုပ်သမား ၁၀ ဦးခန့်ဖြင့် ခေတ်နှင့် ကိုက်ညီသည့် ဆန်းသစ်သည့် ဂီတာများကို ထုတ်လုပ်လျက်ရှိသည်။

ဂီတာပြုလုပ်ရာတွင် ကျွန်း၊ တမလန်း၊ ထင်းရှူး သစ်ဝင်နှင့် အထပ်သားများကို ပြည်တွင်းမှ ရယူပြီး ဖော်မီကာ ကီးနှင့်ကြိုးများကို ပြည်တွင်းနှင့်ပြည်ပမှ မှာယူအသုံးပြု လုပ်ကိုင်လျက်ရှိသည်။

ယခင်က စစ်ကိုင်းဂီတာလုပ်ငန်းသည် လက်မှုအနုပညာသက်သက်သာဖြစ်သော်လည်း ယခုအခါ လက်မှုနှင့်အတူ စက်ပစ္စည်းများကိုပါ သုံးစွဲလုပ်ကိုင်သည့် လုပ်ငန်းဖြစ်လာသည်ကို တွေ့ရသည်။ စစ်ကိုင်းဂီတာလုပ်ငန်း လုပ်ကိုင်သူများတွင် နိုင်ငံခြားအတွေ့အကြုံရှိသူများရှိလာပြီး ဂျပန်နည်းပညာကို အသုံးပြု၍ လုပ်ကိုင်လာသည်ကိုလည်း တွေ့ရသည်။

စစ်ကိုင်းမြို့မှ ပြုလုပ်သည့် ဂီတာများသည် အသံထွက်ကောင်းခြင်း၊ ခိုင်ခံ့ခြင်းတို့ကြောင့် လူကြိုက်များပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ဟိန်းမင်းဂီတာလုပ်ငန်း တစ်ခုတည်းမှပင် တစ်လလျှင် ဂီတာ ၃၀၀ ခန့် ထုတ်လုပ်တင်ပို့ရောင်းချနေရသည်ကို တွေ့ရသည်။

ဂီတာလုပ်ငန်းသုံး ကီးများကို တံတားဦးမြို့နယ်၊ ခေါင်းကွဲရွာတွင် ထုတ်လုပ်လျက်ရှိသော်လည်း အချို့စံမမီခြင်း၊ အချို့အရည်အသွေး ပြည့်မီသော်လည်း လိုအပ်သည့် အရေအတွက် မရနိုင်ခြင်းတို့ကြောင့် ပြည်ပမှ တင်သွင်းသည့် ကီးနှင့်ကြိုးများကို အသုံးပြုနေရကြောင်းလည်း သိရသည်။ ကျွမ်းကျင်လုပ်သားများရှိနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လိုအပ်သည့် စက်နှင့်ပစ္စည်းများအသုံးပြုလာနိုင်ပါက ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့် လုပ်ငန်းတစ်ခုအဖြစ်တွေ့ရပြီး ဒေသနေကျွမ်းကျင်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် စက်မှုအခြေခံတိုးတက်မှုအတွက် အခြေအနေကောင်း ဖန်တီးပေးနိုင်သည့် လုပ်ငန်းအဖြစ် လေ့လာတွေ့ရှိရသည်။

စစ်ကိုင်းမြို့ရှိ ဂီတာလုပ်ငန်းများတွင် ဂီတာများအပြင် မယ်ဒလင်၊ ဘင်ဂျိုနှင့် တယောများကို ပြုလုပ်လျက်ရှိပြီး အရွယ်အစားမျိုးစုံ ပြုလုပ်လျက်ရှိသည်။

ဂီတာများသည် အရွယ် အစား၊ အသုံးပြုပစ္စည်းများအပေါ် မူတည်၍ ဂီတာတစ်လုံးလျှင် ငွေကျပ် ၆၀၀၀ မှ ငွေကျပ် သိန်းဂဏန်းအထိ တန်ဖိုးရှိသည်ကို တွေ့ရသည်။ လက်ရှိ လူကြိုက် များဈေးကွက်ဝင် အလားအလာကောင်းများရှိနေသည့် စစ်ကိုင်းမြို့မှ ဂီတာလုပ်ငန်းများသည် အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ (၁၄၀)

ရပ်ထားသောကားကို ဆိုင်ကယ်ဝင်တိုက်

စစ်ကိုင်း မတ် ၁၇

ကားပျက်၍ လမ်းဘေးတွင် ရပ်ထားသည့် မော်တော်ယာဉ်ကို မော်တော်ဆိုင်ကယ်က တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်လာသူ သေဆုံးသွားသည့် ယာဉ်တိုက်မှု စစ်ကိုင်းမြို့နယ် အောင်ချမ်းသာကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သွားရောက်စစ်ဆေး

ဖြစ်စဉ်မှာ မတ် ၁၂ ရက် ညနေ ၇ နာရီတွင် ဒုရဲအုပ် အောင်ဇော်ထူးရဲ ရွာသစ်ကြီးရဲစခန်းတွင် တာဝန်ဆောင်ရွက်နေစဉ် အောင်ချမ်းသာ အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ စစ်ကိုင်း-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၁၉/၃ နှင့် ၁၉/၄ အကြား တွင် ယ/.. ဒိုင်နာအဖြူရောင် ယာဉ်သည် နောက်ယာဘက် ဘီးရှပ်တန်းကျိုးသွား၍ လမ်းဘေးတွင် ညမီးထွန်းပြီး ဘေးပတ်လည်တွင် ပီပါလေးလုံးကာရံ၍ ရပ်ထားစဉ် အုန်းတောဘက်မှ စစ်ကိုင်းဘက်သို့ ချစ်ဝင်း ၂၀ နှစ် ဆိုင်ကယ်ပြုပြင်ရေး ကျောက်ဆည်ကျေးရွာ စစ်ကိုင်းမြို့နယ်နေသူ မောင်းနှင်ပြီး ကျော်ထက်(ခ) ငစော ၂၀ နှစ် ကျောက်ဆည်ကျေးရွာနေသူ နောက်မှ ထိုင်လိုက်ပါလာသော ဆိုင်ကယ် အမှတ်၂၂ယ/.. ROCCOW 125 ဆိုင်ကယ်က နောက်မှ ဝင်တိုက်မှုကြောင့် ချစ်ဝင်းသည် စစ်ကိုင်းပြည်သူ့ဆေးရုံသို့ တင်ပို့ ကုသမှုခံယူနေစဉ် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားသည်။ အဆိုပါယာဉ်တိုက်မှုနှင့် ပတ်သက်၍ ရွာသစ်ကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၁၃၇)

မူးယစ်ဆေးဖြတ်ပြီးသူများ ဘဝရပ်တည်နိုင်ရေး မော်တော်ဆိုင်ကယ်ပြုပြင်ရေးနှင့်လေထိုး၊ ကျွတ်ဖာသင်တန်းဖွင့်လှစ်

မန္တလေး မတ် ၁၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (CCDAC) လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးပြန်လည်ထူထောင်ရေးစခန်းနှင့် TREATNET II PROJECT (UNODC) တို့ ပူးပေါင်း၍ မူးယစ်ဆေးဖြတ်ပြီးသူများအား ဘဝရပ်တည်နိုင်ရေး ရည်ရွယ်ဖွင့်လှစ်သော မော်တော်ဆိုင်ကယ်ပြုပြင်ရေးနှင့် လေထိုး၊ ကျွတ်ဖာ သင်တန်းဖွင့်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြောက်ပြင်ရှိ လူငယ်သင်တန်းကျောင်း၌ မတ် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသာထွန်းက အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးသည် သုံးစွဲမိလျှင် ထပ်တလဲလဲ ပြန်လည်သုံးစွဲလိုသော ဆန္ဒကို ဖြစ်ပေါ်စေသော ဆေးဖြစ်၍ မူးယစ်ဆေးဝါးဖြတ်ပြီးသူများအား အလုပ်ပေးကုထုံးအဖြစ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသော လူငယ်များ ပတ်ဝန်းကျင်တွင် တည်တည်တံ့တံ့ ဘဝရပ်တည်နိုင်ရေး၊ မိသားစု ဝင်ငွေရရှိရေးအတွက် အဓိက အခြေခံထားပြီး အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းကာလမှာ မတ် ၁၅ ရက်မှ ဧပြီ ၄ ရက်အထိဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

အရှိန်လွန် ဆိုင်ကယ် တိမ်းမှောက်

စစ်ကိုင်း မတ် ၁၇

စစ်ကိုင်းမြို့နယ် ဆွမ်းချက်ကျေးရွာအနီး မုံရွာ-စစ်ကိုင်း ကားလမ်း မိုင်တိုင်အမှတ် ၁၈/၃နှင့် ၁၈/၄ အကြားလမ်းပေါ်တွင် မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက မုံရွာဘက်မှ စစ်ကိုင်းဘက်သို့ ကျော်သက်လွင် ဆီဆိုင်လုပ်သား အောင်ချမ်းသာကျေးရွာ စစ်ကိုင်းမြို့နယ်နေသူသည် ၁၈ယ/... စူပါကပ်ဂျာလင်း ဆိုင်ကယ်ကို မောင်းနှင်လာပြီး ရုတ်တရက် ဆွမ်းချက်ရွာ နွားပွဲဈေးဘက်သို့ အချက်ပြပြီး ချိုးကွေ့လိုက်စဉ် စစ်ကိုင်းဘက်မှ မုံရွာဘက်သို့ အောင်ထက်ဇော် ၂၂ နှစ် အရှိန်ပြင်းစွာ မောင်းနှင်လာသော ၅ယ/... လော်ဂျား ၁၁၀ ဆိုင်ကယ်နှင့် တိုက်မိပြီး ၅ယ/.. ဆိုင်ကယ်မှာ အရှိန်ဖြင့် တစ်ဖက်ယာဉ်တန်းဘက်သို့ ပြေးထွက်သွားကာ မုံရွာဘက်မှ စစ်ကိုင်း အမှတ် (၂)ရဲစခန်းမှ ဒုတပ်ကြပ် ဇော်ဝင်း မောင်းနှင်လာပြီး နောက်မှ တန့်ဆည်မြို့နယ် တောကျွင်ရဲကင်းမှ တပ်ကြပ်ကျော်အောင် ထိုင်လိုက်လာသော ဆိုင်ကယ် ၂၁ယ/... ကို ထပ်မံတိုက်မိပြီး လမ်းဘေးဝဲဘက်သို့ လဲကျသွားသည်။

အောင်ထက်ဇော်သည် စစ်ကိုင်းပြည်သူ့ဆေးရုံတွင် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရှိရသည်။ (၁၃၇)

သံဃာ့ဒါန ဆွမ်းဆန်စိမ်း လောင်းလှူပွဲ

မန္တလေး မတ် ၁၇

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၆၃ လမ်းနှင့် ၂၉ လမ်းထောင့်ရှိ သီပေါမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သည့် အရှေ့ပြင်နယ်လုံးဆိုင်ရာ နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာလောကရန်နိုမ်အောင်တော်မူ ဆုတောင်းပြည့်ဘုရား(၂၁)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးကို တပေါင်းလဆန်း ၃ ရက်တွင် အဆိုပါ ဘုရားပရိဝုဏ်အတွင်း အလှူမင်္ဂလာမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို မဟာလောကရန်နိုမ်အောင်တော်မူဘုရားကြီး၏ သက်တော် (၁၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ဘုရားအမှူးရှိသော သံဃာတော် ၁၃ပါးတို့အား နံနက် အရုဏ်ဆွမ်းနှင့် အအေးမျိုးစုံဆက်ကပ်လှူဒါန်းပြီး မွန်းလွဲ ၂ နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် လှူဖွယ်ဝတ္ထုမျိုးစုံတို့ကို လောင်းလှူပူဇော်မည်ဖြစ်ရာ ကုသိုလ်ရှင်များက ဆုတောင်းပြည့်အောင်တော်မူဘုရား အလှူခံဌာနသို့ လာရောက်လှူဒါန်းလျက်ရှိကြသည့်အပြင် သီးသန့်လှူဒါန်းလိုသည့် အလှူရှင်များအား နေရာစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ရာအလှူခံဌာနသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၀၄၀)

စာပေမြင့်မှ လူမျိုးတင့်မည်

ဆီးဂိမ်းအကြိုမြင်းစီးပြိုင်ပွဲများ ဆက်လက်ကျင်းပ တစ်ဦးချင်းအလှစီးပြိုင်ပွဲတွင် အင်ဒိုနီးရှား ပထမရရှိ

သတင်း-ဖေမြင့်ဦး
ဓာတ်ပုံ-စိုးညွန့်

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် မြင်းစီးပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိမြင်းစီးအားကစားကွင်း၌ ကျင်းပလျက်ရှိရာ တစ်ဦးချင်းအလှစီးပြိုင်ပွဲများကို မတ် ၁၇ ရက် နံနက်က ဆက်လက်ကျင်းပသည်။

နံနက် ၉ နာရီတွင် စတင်ကျင်းပသော အဆိုပါမြင်းစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခြောက်နိုင်ငံဖြစ်သည့် အိမ်ရှင်မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြိုင်ပွဲဝင် မြင်းစီးကစားသမားနှစ်ဦးစီ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲဝင် ၁၂ ဦး အနက် အင်ဒိုနီးရှားနိုင်ငံက မြင်းစီးသမား အဒ်ဟီတာအန်ဒရာဝတ်ဟာနီက ငွေလာမေမြင်းဖြင့် ပထမရွှေတံဆိပ်ဆုဆွတ်ခူးရရှိသွားသည်။ ၎င်း၏ စံချိန်မှာ ၃၄၈ ဖြစ်သည်။ ဒုတိယငွေတံဆိပ်ဆုကို ထိုင်းနိုင်ငံ မြင်းစီးကစားသမားပတ်ဂျီရာသောင်ပက်ဒီက ထိပ်ကွက် မြင်းစီး၍ ၃၄၃ ဖြင့်ရရှိသွားပြီး တတိယကြေးတံဆိပ်ဆုကို ထိုင်းကစားသမား နဂန်ကာမိုလ်စီရိက စိန်စစ်မောင်မြင်းစီး၍ ၃၄၂ ဒသမ ၅၀ ဖြင့် ရရှိသွားသည်။ မြန်မာကစားသမား နှစ်ဦးဖြစ်သည့် သက်နိုင်အောင်နှင့် အောင်သူထွန်းတို့မှာ စိန်ဝတီနှင့် စိန်မြတ်မြတ် မြင်းများစီး၍ အလှပြခဲ့သော်လည်း ဆုတံဆိပ်နှင့် ဝေးခဲ့ရသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၇

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို Green- Clean- Friendship ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားသမားတည်းခိုရေးစခန်း ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ရာသီဥတုအခြေအနေအပေါ်မူတည်၍ ဝန်ထမ်းများစနစ်တကျစုဖွဲ့ကာ အချိန်မီ ပြီးစီးစေရန် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။

စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အကွက် ၁၆ ကွက်ပိုင်းခြားကာ ပန္နက်ရိုက်ခြင်း၊ ကျင်းတူးခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ၈၃၂၀ ပင်ကို စနစ်တကျရေလောင်း၍ စိုက်ပျိုးပြီးဖြစ်သည်။ မိုးမကျမီ အပင် ၁၂၃၅၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးကာလတွင် အပင် ၇၁၃၅၀ ကို စိုက်ပျိုးသွားမည်ဖြစ်သည်။ မဟော်ဂနီ၊ ကုက္ကို၊ ခရေ၊ ရေတမာ၊ တောင်ထန်း၊ စက္ကူပန်း အစရှိသည့် အရိပ်ရပင်နှင့် ပန်းအလှပင် ၄၅ မျိုးကိုလည်း အပင်ကြီးများဖြင့် ရွှေ့ပြောင်း၍ စိုက်ပျိုးသွားမည်ဖြစ်သည်။ ပျိုးဥယျာဉ်အတွင်းရှိ ပျိုးပင်ကြီးများနှင့် မိုးမကျမီ မြေချစိုက်ပျိုးထားသည့် ပျိုးပင်များကို ရေလောင်းရန်အတွက် ရေသိုလှောင်ရန် ရေကန်များ တည်ဆောက်ခြင်း၊ ရေသယ်ယာဉ်များအသုံးပြု၍ ယာယီဖိုင်ဘာကန်များသို့ ရေပို့ဆောင်ခြင်း၊ စိုက်ပျိုးထားသည့် သစ်ပင်တစ်ပင်ချင်းအား သစ်တောဦးစီးဌာနမှ ဝန်ထမ်းကြီးကြပ်မှုဖြင့် အလုပ်သမားများအသုံးပြု၍ ရေလောင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်သုံး Solar System ကို အသုံးပြု၍ ရေပန်းများဖြင့် ပျိုးဥယျာဉ်ရှိ ပျိုးပင်များနှင့် စိုက်ကွက်အတွင်းရှိ စိုက်ပျိုးပြီးအပင်များအား ရေဖျန်းခြင်းကိုလည်း အားဖြည့် ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် မတ် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ပတ်ဝန်းကျင်၌ အားကစားပြိုင်ပွဲကျင်းပချိန်တွင် စိမ်းလန်းစိုပြည်နေစေရန်အတွက် ဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဖို မီး အခြား မီး သုံးပြီးသတိ အမြဲရှိ

သေနတ်ဖြင့်ပစ်ခတ်ထွက်ပြေးသွားသူအား ဝိုင်းဝန်းဖမ်းဆီးခဲ့ရာမှ စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၇

မတ် ၁၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ် မိုင်းဆတ်မြို့ ဆိုက်ခေါင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာချီလိတ်မူးယစ် (အထူး) အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မှ မိုင်းဆတ်သို့ မိုင်းဆတ်မြို့နယ် ကျဒယ်ရပ်ကွက်နေ ကျကျိုး ၃၅ နှစ် မောင်းနှင်ပြီး မိုင်းဆတ်မြို့နယ် ဘာထန်ရွာနေ ပါရှဲ ၄၅ နှစ် စီးနင်းလိုက်ပါလာသည့် ၄ခ/---- ဟွန်ဒါဖစ် အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးစဉ် ကျကျိုးက ပရောင်းနင်း ၃၂ ပစ္စတိုသေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့သောကြောင့် မူးယစ် (အထူး)အဖွဲ့မှ အရာရှိဖြစ်သူ ဝဲလက်ဖျံပေါက်ပြဒဏ်ရာရရှိခဲ့သည်။ ကျကျိုးသည် ထိုသို့ပစ်ခတ်ပြီး ယာဉ်ပေါ်မှ ခုန်ဆင်း၍ ဆိုက်ခေါင်ရွာဘက်သို့ ထွက်ပြေးသွားသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် ကျကျိုးက ဆိုက်ခေါင်ရွာအတွင်း တန့်ဆိုင်ရွာလမ်းခွဲအရောက် လူတစ်ဦးစီးနင်းလာသော ဆိုင်ကယ်အား သေနတ်ပြခြိမ်းခြောက်ရယူ၍ တန့်ဆိုင်ရွာဘက်သို့ ဆက်လက်မောင်းနှင့်ထွက်ပြေးခဲ့ရာ ဆိုက်ခေါင်ရွာအထွက် တံတားအနီးတွင် ဆိုင်ကယ်တိမ်းမှောက်သွား၍ ကျကျိုးကို ဖမ်းဆီးရမိခဲ့သည်။

ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ကျကျိုးတွင် ဝဲခြေသလုံးကျိုး၊ ဝဲချိုစောင်း/ညာမျက်ခုံးပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး ၎င်း၏လွယ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၇၈၀၀ အလေးချိန် ၇၈၀ ဂရမ် တန်ဖိုးငွေကျပ် ၁၉၅ သိန်း၊ ထိုင်းဘတ်ငွေ ၄၄၀၊ ယိုးဒယားနိုင်ငံလုပ် နိုကီရာဟန်းဆက်(ကတ်မပါ) တစ်လုံး၊ မြန်မာငွေကျပ် ၁၇၅၀၀၊ ပစ္စတိုသေနတ် တစ်လက်၊ ကျည်လေးတောင့်၊ ကျည်ခွံနှစ်ခုတို့ကိုလည်းကောင်း၊ ပါရှဲဝတ်ဆင်ထားသည့် သားရေ ဂျာကင်အိတ်ကပ်အတွင်းမှ ထိုင်းဘတ် ငွေ ၈၆၀၀၀၊ ၉ မမကျည် ခုနစ်တောင့်တို့ကိုလည်းကောင်း ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို မိုင်းဆတ်ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ပဆန်ဈေးကွက် ပိုမိုကျယ်ပြန့်လာသည်နှင့်အညီ ခေတ်မီဆန်စက်များ လိုအပ်လာ

မတ်လ ၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကျောဖုံး၌ "မြန်မာ့ဧည့်မထဆန်များ ဂျပန်သို့ မေလဆန်း၌ တင်ပို့မည်" ခေါင်းစီးဖြင့် သတင်းဆောင်းပါးတိုတစ်ပုဒ်ကို ဖတ်လိုက်ရသည်။

မင်္ဂလာရှိသော သတင်းကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံသို့ ပထမဦးဆုံး တင်ပို့ခွင့်ရလာသော အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

ထိုအခွင့်အရေးကို မြန်မာ့လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီက ရရှိသွားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံမှ Mitsui ကော်ပိုရေးရှင်းက တင်ဒါစနစ်ဖြင့် ခေါ်ယူ ဝယ်ယူခြင်းဖြစ်ပါသည်။

တင်သွင်းရမည့်ဆန်မှာ ဧည့်မထ ၅ မှတ်ဆန်(ဆန်ကွဲပါဝင်မှု ငါးရာခိုင်နှုန်း) ဖြစ်သည်။ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ မျှရရှိမည်ဖြစ်ပြီး တန်ချိန်အားဖြင့် ၅၀၀၀ ဖြစ်သည်။

တင်ပို့မှုအနေဖြင့် ဂျပန်နိုင်ငံသို့ အရောက်သင်္ဘောဖြင့် ပို့ပေးရမည်ဖြစ်ပြီး ဆန်၌ဓာတ်မြေသြဇာ၊ ဓာတုပိုးသတ်ဆေးအကြွင်းအကျန် ပါဝင်နေခြင်းရှိမရှိ၊ ဆန်အရည်အသွေးမှန် မမှန်ကို စစ်ဆေးပြီး မေလဆန်းမှသာ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ဆန်ဈေးကွက်တွင် လက်ရှိကာလ၌ မြန်မာ့ဧည့်မထ ၂၅ မှတ်ဆန်(ဆန်ကွဲပါဝင်မှု ၂၅ ရာခိုင်နှုန်း) ကို မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ခန့် ဈေးရှိနေပြီး အဓိကအားဖြင့် တရုတ်၊ အာဖရိက နိုင်ငံများသို့သာ ပို့ဆောင်လျက်ရှိသည်။ တန်းမြင့်ဆန်ကိုမူ ဥရောပ၊ စင်ကာပူ၊ သြစတြေးလျ၊ ရုရှား၊ တောင်ကိုရီးယားနိုင်ငံများသို့သာ အသင့်အတင့် ပို့ဆောင်မှုရှိနေကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ပသို့ မြန်မာ့ဆန်တင်ပို့မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ တန်ချိန် ရှစ်သိန်းကျော်သာ ပို့ဆောင်နိုင်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဧပြီမှ မတ်လ စောစောပိုင်းအထိ ဆန်တန်ချိန် ၁ ဒသမ ၂၄၉ သန်း တင်ပို့နိုင်ပြီးဖြစ်ရာ နှစ်ပေါင်း ၆၀ အတွင်း အမြင့်ဆုံးစံချိန်တစ်ရပ် ဖြစ်လာမည်ဖြစ်ပြီး ဆန်တင်ပို့မှုမှနိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ခန့် ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

နယ်အသီးသီးမှ ဆန်များ ရန်ကုန်သို့ ဝင်ရောက်လာမှုကို တွေ့ရစဉ်။

စီးပွားရေးမူဝါဒများ ပြောင်းလဲလာသည်နှင့်အမျှ ပြည်တွင်းဆန်များ နိုင်ငံခြားဈေးကွက်သို့ ပိုမိုကျယ်ပြန့်စွာ ပို့ဆောင်နိုင်တော့မည် ဖြစ်သည်။ ပို့ဆောင်ခွင့်ရလာသည်နှင့်အညီ နိုင်ငံတကာဈေးကွက်၌ ဈေးနှုန်းနှင့် အရည်အသွေးများကို ယှဉ်ပြိုင်ရောင်းချနိုင်ရန်အတွက် ထုတ်လုပ်မှုအပိုင်းတွင် ခေတ်မီဆန်စက်ကြီးများလည်း အမှန်တကယ်လိုအပ်လာတော့မည် ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ - တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံ ပြည်တွင်း၌ လက်ရှိဆန်စက်များအနေဖြင့် သက်တမ်း ၆၅ နှစ်အထက် ဆန်စက်ပေါင်း ၈၅လုံး၊ သက်တမ်း ၃၀ နှင့်အထက် ဆန်စက်ပေါင်း ၄၈၃ လုံး၊ စက်ကြိတ်စွမ်းရည်အားဖြင့် တန် ၄၀နှင့်အထက် ဆန်စက် ၁၂၇ လုံးသာရှိသည်။

လိုအပ်ချက်များ

ယခုနောက်ပိုင်း၌ အထူးပြုကုမ္ပဏီကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ခေတ်မီဆန်စက်များတည်ဆောက်မှု ရှိနေသော်လည်း လိုအပ်ချက်များရှိနေသေးသည်မှာ အမှန်ပင်ဖြစ်ပါသည်။

အဖြေတစ်ရပ်

ယခုအချိန်အခါသည် စီးပွားရေးအခွင့်အလမ်းများလည်း ပွင့်လန်းလာပြီဖြစ်ရာ မြန်မာ့ဆန်များပြည်ပဈေးကွက်သို့ ဖြန့်ခင်းရာ၌ ရှိပြီးသားဆန်စက်များကို အဆင့်မြှင့်တင်ကြရန်နှင့် အထွက်နှုန်းကောင်းပြီး အရည်အသွေးမီ ဆန်စက်ကြီးများ မဖြစ်မနေလိုအပ်လာပြီဖြစ်ကြောင်း မြန်မာ့ဆန်စက်နှင့် လယ်ယာထုတ်ကုန်ပြပွဲသို့ ရောက်ခဲ့ရင်း အဖြေတစ်ရပ်ထုတ်မိခဲ့ခြင်း ဖြစ်ပါသည်။

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း ၁၀ နှစ်ပြည့် အထိမ်းအမှတ် ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၇

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ ၁၀ နှစ်ပြည့်အထိမ်းအမှတ်နှင့် ဗုဒ္ဓသာသနာ လူငယ်ယဉ်ကျေးမှုသင်တန်းများကူညီထောက်ပံ့ရေး အလှူတော်ဓမ္မသဘင်ကို ရန်ကုန်မြို့ အလုံမြို့နယ် စကားစိမ်းလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာသနာ့အလင်းရောင်ဓမ္မာရုံ၌ မတ် ၂၄ ရက်မှ ၂၇ရက်အထိ ညစဉ် ည ၇ နာရီတွင်ကျင်းပမည်ဖြစ်ပြီး မတ် ၂၃ ရက်တွင် မွန်ကျောင်းဆရာတော် အရှင်ပညာသိရီ (မေတ္တာရှင် ကြယ်တစ်ပွင့်)၊ မတ် ၂၄ ရက်တွင် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ၊ မတ် ၂၅ ရက်တွင် ပဥ္စနိကာယ်ကျောင်းတိုက်ဆရာတော် အရှင်ပညာသီဟာဘိဝံသ၊ မတ် ၂၆ ရက်တွင် မိုးကုတ်ဝိပဿနာ ဇမ္ဗူမေတ္တာကျောင်းဆရာတော် အရှင်ပဏ္ဍိတ၊ မတ် ၂၇ ရက်တွင် ညောင်ပင်သာဆရာတော် အရှင်မာလာစာရတို့က ဟောကြားမည်ဖြစ်ကြောင်း မတ် ၂၄ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

ရေစီးရေလာကောင်းမွန်ရေးမြောင်းဖောက်ပေးစေလို

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရပ်ကွက် (၈)နယ်မြေ(၁၃) သိန်းနီလမ်းနှင့်ဘုန်းကြီးလမ်းထောင့် မြေကွက်ရှိ လေးထပ်တိုက်သည် ရေမြောင်းပြုလုပ်ထားခြင်းမရှိသည့်အတွက် လူနေဈေးဆိုင်ခန်းများမှ နေ့စဉ်သုံးစွဲလျက်ရှိသော ရေဆိုးရေညစ်များ လမ်းမပေါ်သို့ စီးဆင်းလျက် ရှိနေပါသည်။ နေ့စဉ်ဆိုင်ကယ်များ၊ ကားများသည် ညစ်ညမ်းနံစော်နေသောရေပုပ်များကို ဖြတ်သန်းမောင်းနှင်ရမှုကြောင့် လမ်းသွားလမ်းလာများကို ရေပုပ်များစဉ်ခြင်း၊ ပတ်ဝန်းကျင်အိမ်များလည်း အနံ့အသက်ဆိုးများ ခံစားနေရခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရေမြောင်းဖောက်လုပ်၍ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(လားရှိုးသား)**

မုန့်ကြော်အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

သံဖြူဇရပ်မြို့နယ် ကြွံခိုင်ရေးရပ်ကွက် အောင်ဆန်းလမ်းမကြီး သံဖြူဇရပ်မှ ကျိုက္ခမီသို့သွားသော ကားလမ်းဘေးရှိ နေအိမ်တစ်အိမ်သည် စီးပွားဖြစ်မုန့်ကြော်ခြင်း၊ ဆူညံခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်နေရပါသဖြင့် ယင်းမုန့်ကြော်လုပ်ငန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(ရပ်ကွက်သား)**

ကြက်၊ ဘဲ လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်

ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက် ရွှေသို့လမ်းသွယ်အတွင်း ကြက်၊ ဘဲများသတ်၍ ရောင်းဝယ်ခြင်းဖြင့် စီးပွားရှာနေပါသည်။ အနံ့အသက်များလည်း မခံနိုင်ပါ။ စွန့်ပစ်ပစ္စည်းများ ရေမြောင်းနှင့် လမ်းပေါ်တွင် ပြန့်ကျဲနေခြင်း၊ ကြက်၊ ဘဲခြင်းများကို လမ်းပေါ်တွင် ပုံထားခြင်းကြောင့် ကလေးလူကြီးများကို ကျန်းမာရေး ထိခိုက်စေပါသဖြင့် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူရပ်ကွက်သားများ

ဂက်စ်ဖြည့်ခြင်းနှင့် အရောင်းဆိုင်ရှင်းလင်းပြီး

လှည်းကူးမြို့ ရိပ်သာရပ်ကွက် ရုံးဟောင်းလမ်းရှိ ဂက်စ်ဖြည့်ခြင်းနှင့် အရောင်းဆိုင်များကို ၁၈-၂-၂၀၁၃ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးဖယ်ရှားရှင်းလင်းပြီး ဖြစ်ပါသည်။ **(လှည်းကူးစည်ပင်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးစိုးလပြည့် ၁/ဝမန(နိုင်)၀၄၃၃၅၁ပိုင်ဆိုင်သော GSM တယ်လီဖုန်းအမှတ် ၀၉-၅၄၁၃၆၂၁၊ ၀၉-၄၄၈၀၁၀၈၂၁၊ ၀၉-၄၂၁၁၀၂၃၀၂ ၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ဆက်သွယ်ပေးပို့ပါရန်။ တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၂၁၂၉၂

အထူးကျေးဇူးဆပ်ပါမည်

ဒေါ်ခင်ခင်ဆွေ ၁၂/လသန(နိုင်)၀၁၁၀၃၉ နှင့် မနန္ဒာဝင်း ၁၂/လသန(နိုင်)၀၀၁၈၈၅၏မှတ်ပုံတင်နှစ်ခုသည် ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၌ ၁၃-၃-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းသို့ ဆက်သွယ်ကူညီပေးပါရန်။

ဖုန်း-၀၉-၅၅၂၂၇၀၀

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူး ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃) ရာထူးများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။
(ဂ) ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရသူဖြစ်ရမည်။
(ဃ) လျှောက်ထားသူများသည် ၂၀၁၃ခုနှစ် ဇွန် ၃ရက်တွင် အသက်(၄၀)ထက်မကြီးသူ ဖြစ်ရမည်။
(င) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ပထမဆင့်အနေဖြင့် နေ့စား လပေးအဖြစ် ခန့်ထားမည်ဖြစ်ပြီး တာဝန်ကျသည့်ဒေသတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ် ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် ခန့်အပ်မည်ဖြစ်သည်။
(စ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ခုနှစ်၊ ဇွန်လ ၃၀ရက် နောက်ဆုံးထားတင်ပြရမည်။
(ဆ) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအဖြစ် လျှောက်ထားသူများသည် နိုင်ငံတော်မှဒေသစရိတ်ခံစားခွင့်ရှိသော မြို့နယ်၊ မြို့နယ်ခွဲ(၁၀၉)ခုမှ ဖြစ်ပါက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများလည်း လျှောက်ထားခွင့်ပြုမည်။

၂။ ၂၀၁၃ခုနှစ်၊ ဧပြီ ၉ရက် နံနက် ၉နာရီမှ ၁၀နာရီအထိ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။
၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ်၊ မတ်လ ၃၁ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့်မြို့နယ် ပညာရေးမှူး ရုံးများတွင် စုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူး
ခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် --
၂။ နိုင်ငံသားစိစစ်ရေးအမှတ် --
၃။ အဖအမည်နှင့် နေရပ်လိပ်စာ --
၄။ ပညာအရည်အချင်း --
၅။ မွေးသက္ကရာဇ်/အသက် --
၆။ လူမျိုး/ဘာသာ --
၇။ မွေးဖွားရာဇာတိ --
၈။ ဇနီး၊ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ --
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် --

၁၀။ အမြဲတမ်းနေရပ်လိပ်စာ --

၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ --
လက်မှတ် --
အမည် --

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အထွေထွေလုပ်သားရာထူး(အမျိုးသားများသာ) ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများတွင် နေ့စား လပေး အထွေထွေလုပ်သား ရာထူးနေရာခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူ (အမျိုးသား)များ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။(ခန့်ထားခံရသူများသည် မူလတန်းစာပေးစာယူသင်တန်းသို့တက်ရောက်ရမည်။)
(ဂ) ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက်တွင် အသက် (၄၀)ထက်မကြီးသူဖြစ်ရမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင်လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ် ဇွန်လ ၃၀ရက် နောက်ဆုံးထား၍ တင်ပြရမည်။

၂။ ၂၀၁၃ခုနှစ်၊ ဧပြီ ၉ရက် နံနက် ၉နာရီမှ ၁၀နာရီအထိ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။
၃။ မိမိနှင့်သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ်၊ မတ်လ ၃၁ရက် ထက်နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံး များတွင် စုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အထွေထွေလုပ်သားရာထူး(အမျိုးသားများသာ) ခန့်ထားရေးအတွက်
ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် --
၂။ နိုင်ငံသားစိစစ်ရေးအမှတ် --
၃။ အဖအမည်နှင့် နေရပ်လိပ်စာ --
၄။ ပညာအရည်အချင်း --
၅။ မွေးသက္ကရာဇ်/အသက် --
၆။ လူမျိုး/ဘာသာ --
၇။ မွေးဖွားရာဇာတိ --
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့် နေရပ်လိပ်စာ --
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် --

၁၀။ အမြဲတမ်းနေရပ်လိပ်စာ --

၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ --
လက်မှတ် --
အမည် --

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများအတွက် နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူ (အမျိုးသား၊ အမျိုးသမီး)များ လျှောက်ထားနိုင်သည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်တန်းအောင်မြင်သူဖြစ်ရမည်။
(ဂ) ၂၀၁၃ခုနှစ်၊ ဇွန်လ ၃ရက်တွင် အသက်(၄၀)ထက်မကြီးသူဖြစ်ရမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင်လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ရက် နောက်ဆုံးထား၍ တင်ပြရမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီ ၉ရက် နံနက် ၉နာရီမှ ၁၀နာရီအထိ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။
၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ် မတ်လ ၃၁ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူး ရုံးများတွင် စုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရေးအတွက်
ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် --
၂။ နိုင်ငံသားစိစစ်ရေးအမှတ် --
၃။ အဖအမည်နှင့် နေရပ်လိပ်စာ --
၄။ ပညာအရည်အချင်း --
၅။ မွေးသက္ကရာဇ်/အသက် --
၆။ လူမျိုး/ဘာသာ --
၇။ မွေးဖွားရာဇာတိ --
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့် နေရပ်လိပ်စာ --
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် --

၁၀။ အမြဲတမ်းနေရပ်လိပ်စာ --

၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ --
လက်မှတ် --
အမည် --

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး ဝန်ထမ်းများခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများရှိ အောက်ဖော်ပြပါ ရာထူးနေရာများခန့်ထားရန်အတွက် လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်-

(က)	**စာကူးစက်လှည့်အကူ**	**- ကျား**	**(င)**	**သန့်ရှင်းရေးအကူ**	**- ကျား/မ**
(ခ)	**စက်မောင်း-၅**	**- ကျား**	**(စ)**	**အစောင့်(ကျောင်း/ရုံး)**	**- ကျား**
(ဂ)	**လုပ်သားသိပ္ပံခန်း**	**- ကျား/မ**	**(ဆ)**	**လုပ်သား(ဥယျာဉ်)**	**- ကျား**
(ဃ)	**ကျောင်း/ရုံးအကူ**	**- ကျား/မ**			

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ရက်တွင် အသက် (၄၀)ထက် မကြီးသူဖြစ်ရမည်။

၃။ ၂၀၁၃ခုနှစ်၊ ဧပြီ ၉ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအထိ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။
၄။ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ် မတ်လ ၃၁ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံး များတွင် စုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာကျောင်း/ရုံးများတွင် နေ့စား လပေး ဝန်ထမ်းခန့်ထားရေးအတွက်
ဆန္ဒပြုလွှာ
(စာကူးစက်လှည့်အကူ၊ စက်မောင်း(၅)၊ လုပ်သားသိပ္ပံခန်း၊ ကျောင်း/ရုံးအကူ၊ သန့်ရှင်းရေးအကူ၊ အစောင့်(ကျောင်း/ရုံး)၊ လုပ်သား(ဥယျာဉ်)

ဓာတ်ပုံ

၁။ အမည် --
၂။ နိုင်ငံသားစိစစ်ရေးအမှတ် --
၃။ အဖအမည်နှင့် နေရပ်လိပ်စာ --
၄။ ပညာအရည်အချင်း --
၅။ မွေးသက္ကရာဇ်/အသက် --
၆။ လူမျိုး/ဘာသာ --
၇။ မွေးဖွားရာဇာတိ --
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့် နေရပ်လိပ်စာ --
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် --

၁၀။ အမြဲတမ်းနေရပ်လိပ်စာ --

၁၁။ လျှောက်ထားသည့် ဦးစားပေးရာထူး (က) -------------------- (ခ) --------------------
(ဂ) -------------------- (ဃ) --------------------
(င) -------------------- (စ) --------------------
(ဆ) --------------------
၁၂။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၃။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ --
လက်မှတ် --
အမည် --

နိုင်ငံတကာအားကစားသတင်း

မန်ယူတို့ အောင်ပွဲခံပြီး မန်စီးတီးတို့ ရှုံးပွဲကြုံ

ပရီမီယာလိဂ်ပွဲစဉ်တွေကို မတ် ၁၆ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူတို့နိုင်ပွဲရခဲ့ပေမယ့် ပြိုင်ဘက် မန်စီးတီးတို့က အဲဗာတန်ရဲ့ ချေမှုန်းခြင်းကို ခံခဲ့ရတာမို့ ပရီမီယာလိဂ်ဖလားအိပ်မက်တွေ ပျောက်ဆုံးမတတ်ဖြစ်သွားခဲ့ရပါတယ်။ ဒါကြောင့် မန်ယူက တန်းစီဇယားကို ထိပ်ဆုံးက ပြတ်ပြတ်သားသား ဦးဆောင်နေဆဲဖြစ်ပြီး ဒုတိယနေရာက မန်စီးတီးနဲ့ ပွဲတူ ၁၅ မှတ် ကွာခြားနေပြီဖြစ်ပါတယ်။

မန်ယူ ၁ - ၀ ရက်ဒင်း

အိမ်ကွင်းမှာဆိုပေမယ့် မန်ယူတို့ လူစုံထုတ်ကစားပြီး ပွဲရလဒ်ကို အာရုံစိုက်နေဆဲဖြစ်ကြောင်း ပြသခဲ့ပါတယ်။ မန်ယူဟာ အပေးအယူအချိတ်အဆက် မိမိနဲ့ကစားခဲ့ပေမယ့် ရက်ဒင်းတို့က တုံ့ပြန်မှုမာကျောတာမို့ ဂိုးရရှိဖို့ ကြိုးစားအားထုတ်ခဲ့ရပါတယ်။ မန်ယူအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၁ မိနစ်မှာ ရွှန်းနေကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ရက်ဒင်းတို့ ချေပဂိုး ရရှိရေး ကြိုးစားခဲ့ပေမယ့် ဒုတိယပိုင်းပွဲချိန်ပြည့်တဲ့အထိ ဂိုးမသွင်းနိုင်ခဲ့လို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီး တန်းဆင်းဇုန်အတွင်းမှာပဲ ရှိနေဆဲဖြစ်ပါတယ်။

အဲဗာတန် ၂ - ၀ မန်စီးတီး

အဲဗာတန်ရဲ့ အကွက်မြင်မှု၊ ထိုးဖောက်နိုင်တဲ့ စွမ်းရည်မြင့်မားမှုတွေကြောင့် မန်စီးတီးတို့ ဘယ်လိုမှ ချေပဂိုးမသွင်းနိုင်ဘဲ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပါတယ်။ အဲဗာတန်ရဲ့ အိုစမန်က ပွဲချိန် ၃၂မိနစ်မှာ အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ အဲဗာတန်ဟာ မန်စီးတီးတိုက်စစ်ကို ဟန့်တားနိုင်ခဲ့ပြီး ပြန်လည်ထိုးဖောက်ကစားခဲ့တဲ့အခါ ပွဲချိန်မိနစ် ၉၀ မှာ ဂျီလာဗစ်က တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ပွဲအပြီးမှာ မန်စီးတီးတို့နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါတယ်။

ဗီလာ ၃-၂ ကျူပီအာ

ဗီလာတို့အိမ်ကွင်းမှာ အနိုင်ရအောင် ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ ဧည့်သည် ကျူပီအာတို့က အဖွင့်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၂၃မိနစ်မှာ ဂျီနက်စ်က ဂိုးသွင်းယူခဲ့ပြီး ပွဲကိုဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပထမပိုင်း ပွဲချိန် ပြည့်ခါနီး ၄၅မိနစ်မှာ ဗီလာရဲ့ အဘွန်လဟောက ချေပဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင်ပွဲချိန် ၅၉မိနစ်မှာ ဝီမန်းက တစ်ဂိုးသွင်းယူခဲ့လို့ ဗီလာတို့နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ပွဲချိန် ၇၃မိနစ်မှာ တွန်ဆန်က ဂိုးသွင်းချေပခဲ့လို့ နှစ်ဂိုးစီဖြစ်နေခဲ့ပြန်ပါတယ်။ ဒါပေမယ့် အနိုင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့တဲ့ ဗီလာတို့ဟာ ပွဲချိန် ၈၁မိနစ်မှာ ဘန်တီကီက ဦးဆောင်ဂိုး သွင်းယူပေးခဲ့လို့ ပွဲအပြီးမှာ ဗီလာတို့သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဆောက်သမ်တန် ၃-၁ လီဗာပူး

ကြိုးစားအားထုတ်မှု ကောင်းပြီး ခြေစွမ်းပြနိုင်ခဲ့တဲ့ ဆောက်သမ်တန်ဟာ ပွဲချိန် ၆ မိနစ်မှာပဲ ချီဒါလင်းရဲ့ ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ လီဗာပူးဟာ စောစီးစွာ ဂိုးပေးလိုက်ရလို့ ချေပဂိုးပြန်သွင်းနိုင်ရေးကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး၊ ပွဲချိန် ၃၃ မိနစ်မှာ လမ်းဘတ်ကတစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ဆောက်သမ်တန်တို့ နှစ်ဂိုးရရှိခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၄၅ မိနစ်မှာ ကူတင်ဟိုရဲ့ ဂိုးကြောင့် လီဗာပူးတို့ ချေပဂိုး ရရှိခဲ့ပေမယ့် ဒုတိယပိုင်းပွဲချိန် မိနစ် ၈၀မှာ ရိုဒရီကွက်ဇ်က တစ်ဂိုးသွင်းခဲ့တာမို့ ပွဲအပြီးမှာ ဆောက်သမ်တန်ကသုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- မန်ယူအသင်းကအသက် ၂၃ နှစ်အရွယ်ရှိ စပါးတောင်ပံနှင့် ကွင်းလယ်ကစားသမားဂါရက်ဘေးလ်အား ခေါ်ယူရန်စောင့်ကြည့်လျက်ရှိသည်။
- မန်စီးတီးအသင်းသည် ပရီမီယာလိဂ် စံချိန်တင်ပြောင်းရွှေ့ခအဖြစ် အက်သလက်တီကိုမက်ဒရစ်မှ တိုက်စစ်မှူး ဖယ်ကာအိုအားပြောင်းရွှေ့ကြေးပေါင် ၅၂ သန်းဖြင့် ဝယ်ယူရန်အသင့်ရှိနေပြီဖြစ်သည်။
- ဝက်စ်ဘရွန်းအသင်းက ကွင်းလယ်ကစားသမား ဂရာဟမ်ဒေါရန်ကို စာချုပ်သက်တမ်း ထပ်မံချုပ်ဆိုရန် စီစဉ်လျက်ရှိသည်။
- အဲဗာတန်အသင်းသည် လက်ရှိနည်းပြ ဒေးဗစ်မိုယက်စ် ထွက်ခွာခဲ့ပါက ဝီဂန်နည်းပြမာတီနက်စ်ဖြင့် အစားထိုးရန် စီစဉ်လျက်ရှိသည်။
- ရက်ဒင်းနည်းပြ မက်ဒါမော့က မန်ယူအသင်းသည်ထိပ်တန်းအသင်းနှင့် ထိုက်တန်သောခြေစွမ်းပိုင်ဆိုင်ထားကြောင်းထုတ်ဖော်ပြောကြားသည်။
- မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ဖလားကို လက်လျှော့လိုက်သည့် အခြေအနေမျိုး မရောက်သေးကြောင်း ပြောကြားသည်။
- ဆန်းဒါးလန်း ကစားသမားများအား ထောက်ပံ့မှုနှင့် ဖြည့်ဆည်းမှုများ နည်းပါးလျက်ရှိကြောင်း နည်းပြမာတင်အိုနေးလ်က ထုတ်ဖော်ပြောကြားသည်။

ရှာရာပိုဗာနှင့် ဝေါ့ဇ်နီယာစကီ ဗိုလ်လုမည်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ အင်ဒီးယန်းဝဲလ် အမည်ရှိ တင်းနစ်ပြိုင်ပွဲတစ်ရပ် ကျင်းပလျက်ရှိရာ ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နီယာစကီနှင့်ရှာရာပိုဗာတို့ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည်။

ဝေါ့ဇ်နီယာစကီက အိန်ဂျယ် လစ်ကာဘာကို ၂-၆၊ ၆-၄၊ ၇-၀ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲတက်လာသည်။ ထို့အတူ ရှာရာပိုဗာကလည်း ကင်လန်ဗိုအား ၆-၄၊ ၆-၃ ဖြင့်နိုင်ခဲ့သည်။ အသက် ၂၅ နှစ်ရှိ ရှာရာပိုဗာနှင့် ကမ္ဘာ့နံပါတ် ၂ ရှိ ဝေါ့ဇ်နီယာစကီတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စီးရီးအေပြိုင်ပွဲ ဂျူဗင်တပ်စ် ၁၂ မှတ်အသာရ

အီတလီစီးရီးအေပြိုင်ပွဲများကို မတ် ၁၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဂျူဗင်တပ်စ်က ဘိုလော့နာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားကာ ရမှတ် ၁၂ မှတ်အသာဖြင့် အမှတ်ပေးဇယားတွင် ဦးဆောင်လျက်ရှိသည်။ ဂျူဗင်တပ်စ်အတွက် အနိုင်ဂိုးများကို ဒုတိယပိုင်းတွင်ပူစီနစ်နှင့် မာခရစ်စီယိုတို့က သွင်းယူနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်တို့ မာယော့ကာကိုအနိုင်ရ

စပိန်လာလီဂါပြိုင်ပွဲများကို ကျင်းပရာ ရီးရဲမက်ဒရစ်က မာယော့ကာကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သဖြင့် ဘာစီလိုနာနှင့် အမှတ်ကွာဟမှု ၁၀ မှတ်သာရှိတော့သည်။

မာယော့ကာအနေဖြင့် အစောပိုင်းတွင် နှစ်ဂိုးအသာရပြီး ရီးရဲမက်ဒရစ်ကို ခြိမ်းခြောက်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရီးရဲမက်ဒရစ်တို့ တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ငါးဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။

ကောင်းမြတ်သူ - ရေးသားသည်

Shwe Mine Yoon Travels & Tours Company Limited
ရှမ်းပြည်နယ်တောင်ပိုင်းမြောက်ပိုင်းအဆင့်မြင့်အထူးသီးသန့်ခရီးစဉ်
March 23, April 17, May 23
(5 Days & 4 Nights)
(120000) Ks
April 12
(8 Days & 7 Nights)
(300000) Ks

ချမ်းသာ CAR RENTAL
09 8632043

RUBY
519100
09-51-77212, 535100

708342, 0949219404, 373275

သန်းဒွေးနှင့်ရောင်းရင်းများ
Mar : 15/22/25/29, Apr : 5/11/12/17/26
Ph : 241863, 380141, 09-43043109

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇ဒီ၊ မြေကွက်အမှတ် ၆၆၊ မြေကွက်တည်နေရာ အမှတ်-၄၇၊ ဦးရွှေဝွန်းလမ်း၊ ၇ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဦးမြမောင် အမည်ပေါက် နှစ်၉၀ ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးမြမောင်၊ (မိခင်) ဒေါ်ခင်ဖြူ (သမီး) ဒေါ်ခင်စန်းရီ ၄င်း၏ခင်ပွန်း ဦးလှအေး၊ (သမီး)ဒေါ်ခင်စန်းကြည်၊ ၄င်း၏ခင်ပွန်း ဦးဇော်ဝင်း၊ (သား)ဦးအောင်ဆန်းမောင်၊ (သား)ဦးအောင်ဆန်းထွန်း(လူပျိုကြီးဘဝ)ဖြင့် အသီးသီး ကွယ်လွန်သဖြင့် သမီးများဖြစ်သော ဒေါ်ခင်စန်းသီ ၁၂/ပဇတ(နိုင်)၀၁၀၂၉၉၊ ဒေါ်ခင်စန်းမော် ၁၂/ပဇတ(နိုင်)၀၁၀၄၄၃၊ ဒေါ်နွယ်နီ မြမောင်(ခ)ဒေါ်ခင်စန်းနွဲ့ ၁၂/ပဇတ(နိုင်) ၀၂၆၂၉၈၊ (မြေး) ဒေါ်ထားထားဆွေ ၁၂/ပဇတ(နိုင်)၀၀၉၄၆၁၊ မြေးများဖြစ်သော ဦးအောင်မျိုး ၁၂/ပဇတ(နိုင်) ၀၀၁၈၇၁၊ ဒေါ်အေမီအောင် ၁၂/ပဇတ(နိုင်)၀၀၄၃၅၀၊ ဒေါ်သန္တာ ၁၂/ဒဂန(နိုင်) ၀၀၂၄၀၅၊ ဒေါ်ချိုမာ ၁၂/ဗဟန(နိုင်) ၀၀၁၁၀၆၊ ဒေါ်သင်ဇာ ၁၂/ဗဟန(နိုင်) ၀၀၁၁၀၇၊ ဒေါ်နွယ်မာ ၁၂/ဗဟန(နိုင်) ၀၀၁၁၀၈၊ ဦးမောင်မောင်(ခ)ဝဏ္ဏဒွေး ၁၂/ဒဂန(နိုင်)၀၂၃၅၃၅၊ ဦးအောင်ကျော်ဇော် ၁၂/ဒဂန(နိုင်)၀၂၃၅၃၄တို့က သမီး၊ ချွေးမ၊ မြေးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာများ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

အမြန်ပြန်လာပါ

တစ်စုံတစ်ဦး၏ ဖြားယောင်းသွေးဆောင်မှုကြောင့် မခင်ဖုန်းပြည့် (ခ) ပိုးကလေး ၉/တကန(နိုင်)၁၇၁၇၇၃ (အပေါ်ပုံ)သည် နေအိမ်မှ ၁၅-၃-၂၀၁၃ ရက်တွင် ထွက်သွားပါသည်။ အမြန်ပြန်လာပါ။ အားလုံးခွင့်လွှတ်သည်။ ဖြားယောင်းသွေးဆောင်ထားသူနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်။ သတင်းပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၀၄၇၈၁၈၊
၀၉-၄၂၀၇၃၇၃၃၂

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဘိလပ်မြေစက်ရုံ (နေပြည်တော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

- Kiln Capacity — 300 Clinker Ton/Day
- Process System — Wet Process System (Rotary Kiln)
- Cooler Type — Grate Cooler

Fax-

လူပျောက်ကြေညာခြင်း

(ဘ) ဦးကျော်ကျော်ဦး၏ သမီး မရူပါကျော်ဦး အသက် (၁၇)နှစ်သည် ၁၅-၃-၂၀၁၃ရက်တွင် နေအိမ်မှ ဒဂုံတက္ကသိုလ်သို့ စာစဉ်သွားတင်စဉ် ပျောက်ဆုံးသွားပါသဖြင့် သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၇၃၁၇၁၆၂၈၊
၀၉-၄၂၀၁၇၂၂၈၈

DTEC, J.O, L.O

စာအုပ်စာပေ လူ့မိတ်ဆွေ

မျိုးဆက်သစ်တို့၏ဘူမိနက်သန်ဖြစ်သည့် ပိန်းဇလုပ်ကျေးရွာဘောလုံးကွင်းလေး ဖော်ထုတ်ပေးစေချင်

မြန်မာ့ဘောလုံးလောက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ် လူငယ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးသည် အဓိကကျပေသည်။

မျိုးဆက်သစ်တို့ ပေါ်ထွက်ရန် ဘူမိနက်သန်ကျသည့် ရပ်ကွက်၊ ကျေးရွာ ဘောလုံးကွင်းများ ဖော်ဆောင်ရန် လိုအပ်သည်။ ရပ်ကွက်၊ ကျေးရွာများတွင် မျိုးဆက်သစ်များ အမှန်တကယ် ကစားနိုင်သည့် ဘောလုံးကွင်းများ ပျောက်ဆုံးလျော့နည်းရှားပါးခြင်းသည် ၁၉၈၀ ခုနှစ် ကျော်လွန်နှစ်များအတွင်းကပင် ဆင့်ကဲဆင့်ကဲဖြစ်စဉ်များ အစပြုလာကြောင်း တွေ့မြင်ကြားသိ ဖတ်ရှုနေရသည်။

ယင်းသို့ ဘောလုံးကွင်းများ ပျောက်ဆုံးရှားပါးခြင်းဖြစ်ပေါ်လာမှုထဲတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စုလည်းအပါအဝင်ဖြစ်နေသည်။ အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိပြီးသား ဘောလုံးကွင်းများ ပျောက်ကွယ်သွားပြီးနောက် ယခုအခါ လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်းရှိ ကျဉ်းမြောင်းလှသော မြေကွက်လေး၌ နံနက်နှင့်ညနေ အချိန်များတွင် ကျေးရွာအတွင်းရှိ ဘောလုံးဝါသနာရှင်ကလေးများ ဘောလုံးကစားနေရသည်မှာလည်း နေ့စဉ်လိုလိုဖြစ်နေသည်။

ယခင့်ယခင်က ထိုကျေးရွာအုပ်စု၏ မြောက်ပိုင်းရပ်ကွက်၌ ဘောလုံးကွင်းတစ်ကွင်းရှိသည်။ ယင်း ဘောလုံးကွင်းနေရာတွင် ရဲတပ်ဖွဲ့ စခန်းတည်ဆောက်လိုက်၍ ဘောလုံးကွင်းပျောက်ကွယ်ခဲ့ပြီးနောက် ပိန်းဇလုပ်ကျေးရွာအဝင် ကားလမ်းမကြီးဘေးတွင် ဘောလုံးကွင်းတစ်ကွင်း ထပ်မံစီစဉ်ထားရာမှ ၁၉၇၈ ခုနှစ်တွင် တိုက်နယ်ဆေးရုံ တည်ဆောက်ခဲ့ပြန်သဖြင့် နောက်တစ်ကြိမ် ဘောလုံးကွင်း ဆုံးရှုံးခဲ့ရပြန်သည်။ ထို့ကြောင့် ကျေးရွာအတွင်း ကစားရန်အခက်အခဲများ ကြုံတွေ့ခဲ့ရပေသည်။

ယင်းသို့ အခက်အခဲဖြစ်နေမှုကြောင့် ၂၀၀၀ ပြည့်နှစ်ခန့်က ပိန်းဇလုပ်ကျေးရွာအဝင် ကားလမ်းမကြီးဘေး ရေနံ့သာ ချောင်းတောင်ဘက်ကွင်း အမှတ် ၁၁၁-ခ ကျွန်းကုန်းရွာကွင်း ဦးပိုင်အမှတ် ၆/၁ ရှိ လယ်ယာမြေ ငါးဧကကို လယ်လုပ်သူတောင်သူကြီးနှင့်ကျေးရွာအာဏာပိုင်အဖွဲ့အစည်း၊ ရပ်မိရပ်ဖများ ညှိနှိုင်းသဘောတူ စီစဉ်မှုဖြင့် ဘောလုံးကွင်း မြေနေရာသစ် ထပ်မံပေါ်ထွက်လာ နိုင်စေရန် အဆိုပါ လယ်ယာမြေကို ဘောလုံးကစားကွင်း မြေအဖြစ် အသုံးပြု နိုင်ရေး လျှောက်ထား တင်ပြခဲ့ရာ ယနေ့အချိန်အထိ ဘောလုံးကွင်းမြေအဖြစ် အသိအမှတ်ပြုသတ်မှတ်ဖော်ထုတ်ချထားပေးခြင်းမရှိသေးပေ။

သို့ဖြစ်ရာ မျိုးဆက်သစ်ဘောလုံးသမားများပေါ်ထွက်ရာ ဘူမိနက်သန်ကျသည့် ရပ်ကွက်၊ ကျေးရွာ ဘောလုံးကွင်းများတွင် အပါအဝင်ဖြစ်သည့် အဆိုပါ ကျေးရွာ ဘောလုံးကွင်း မြေနေရာသစ်ကို အမှန်တကယ်ကစားနိုင်သည့် ကွင်းများအဖြစ် အကောင်အထည်ဖော်နိုင်ရေး ဒေသခံကျေးရွာနေ ပြည်သူများက အထူးလိုအပ်လျက်ရှိနေပါကြောင်း ပြောကြားနေမှုများကို ကြားသိရ၍ ဥပဒေနှင့်အညီ ဘောလုံးကွင်းမြေနေရာကို အတည်ပြု ပြောင်းလဲ ဖော်ထုတ်ချထားပေးနိုင်ရန် ဤစာစုလေးဖြင့် မှတ်တမ်းပြုရေးသား တင်ပြလိုက်ရပါသည်။

ပိန်းဇလုပ်-သိန်းညွန့်

ပိန်းဇလုပ်ကျေးရွာအတွင်း ဘောလုံးကွင်းပျောက်ကွယ်မှုကြောင့် လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း ကျဉ်းမြောင်းလှသော မြေကွက်လေးပေါ်၌ ကျေးရွာနေကလေးများ ဘောလုံးကန်နေမှုမြင်ကွင်းကို ဤသို့တွေ့မြင်ရသည်။

ပြည်တွင်းသတင်း

ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ လွိုင်လင်၌ အသိပညာပေးဟောပြော

လွိုင်လင် မတ် ၁၇

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေ ဦးဆောင်သည့် အဖွဲ့ဝင်များသည် မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးအစည်းအဝေးခန်းမ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ဒေါ်ကြည်ကြည်ဝေက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာစိုင်းမြတ်သူရက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းကိုလည်းကောင်း၊ ငှက်ဖျားအင်စပက်တော် ဦးခွန်စံညွန့်က တီဘီနှင့်ငှက်ဖျားရောဂါအကြောင်းကိုလည်းကောင်း ဟောပြောသည်။ ထို့နောက်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အသိပညာပေးဟောပြောပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

လွိုင်လင်

ရေနံချောင်းမြို့ စည်ပင်သာယာရေးအတွက် ဝင်ငွေခွန်ငါးရာခိုင်နှုန်း လွှဲပြောင်းပေးအပ်

ရေနံချောင်း မတ် ၁၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေခွန်ကဏ္ဍ ပြည်သူတစ်ဦးချင်းထံမှ ကောက်ခံရရှိငွေ၏ ငါးရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ချောစုကြည်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသင်းဦးထံ ဝင်ငွေခွန်စည်ပင်ဝေစုငွေ ၃၅၅၂၃၉၃ ကျပ်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အခွန်ထမ်းလုပ်ငန်းရှင်ကြီးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အခွန်)

နတ်မောက်မြို့နယ်မှနွားများ ကူးစက်ဝမ်းရောဂါဖြစ်ပွား

နတ်မောက် မတ် ၁၇

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်ရှိ တောင်သူများမွေးမြူထားသော ခိုင်းနွားများ၊ နို့စားနွားများတွင် ကူးစက်ဝမ်းရောဂါတစ်မျိုး ဖြစ်ပွားလျက်ရှိကြောင်း သိရှိရသည်။ ဖြစ်ပွားပုံမှာ တပေါင်းလအတွင်းက စတင်၍ ရောဂါဖြစ်ပေါ် လာကြောင်း၊ ရောဂါဖြစ်ပွားသည့် နွားများတွင် ပင်ပန်းနွမ်းနယ်သည့် လက္ခဏာများ ပြသကြောင်း၊ အချို့ တောင်သူများက ၎င်းရောဂါအတွက် ဒေသအခေါ် ရုံးပင်မှ အရွက်ကို အရည်ကျို၍ အအေးခံတိုက်ကျွေး ကုသကြောင်း၊ အချို့ကအင်္ဂလိပ်ဆေး တက်ထရာဆိုက် ကလင်းဆေးတောင့်နှင့် ကလိုရိုဖင်နီကောလ် ဆေးတောင့်များ တိုက်ကျွေးကုသကြောင်း သိရသည်။

အိမ်တစ်အိမ်တွင် နွားတစ်ကောင် ရောဂါဖြစ်လျှင် နောက်ထပ်တစ်ကောင်သို့ ကူးစက်မှုမြန်ကြောင်း၊ သို့သော် သေဆုံးသည်အထိမဖြစ်ကြကြောင်း၊ ကူးစက်တတ်သောဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်နိုင်ကြောင်း မွေးမြူရေးအတွေ့အကြုံရှိသူများက သုံးသပ်ကြသည်။ ယခုအခါ မြို့နယ်အတွင်းရွာအချို့တွင် နွားဝမ်းရောဂါဖြစ်နေသဖြင့် သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သင့်ကြောင်း တောင်သူတစ်ဦးကပြောကြားသည်။

(၁၂၇)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်သူလူထု ပူးပေါင်းပါဝင်မှုကြောင့် တရားမဝင်သစ်ဖမ်းဆီးရေး ပိုမိုအောင်မြင်လာ

ကသာ မတ် ၁၇

ကသာခရိုင်သစ်တောဦးစီးဌာန အနေဖြင့် တရားမဝင်သစ်ခိုးယူ ခုတ်လှဲသယ်ဆောင်နေမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ တာဝန်သိ ပြည်သူများ၏ သတင်းပေးမှုကြောင့် လုပ်ငန်းပိုမိုအောင်မြင်မှုရရှိခဲ့ကြောင်း ခရိုင်သစ်တောတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း တာဝန်သိ ပြည်သူများ၏ သတင်းပေးချက် ၅၁၄ခုလက်ခံရရှိခဲ့ပြီး သတင်းအရ စုံစမ်းဖော်ထုတ်ခဲ့ရာ တရားမဝင်သစ်ပမာဏ ၂၆၂၄ တန်၊ သစ်သယ်ဆောင်သည့် မော်တော်ယာဉ်မျိုးစုံ ၁၁စီး၊မော်တော်ရေယာဉ်မျိုးစုံ ၄၉စင်း၊ သစ်စက် ၆၂လုံး၊ ချိန်းဆောစက်လွှ သုံးလက်တို့ကို ဖမ်းမိသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

တရားမဝင် သစ်ထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ ကသာခရိုင် သစ်တောဦးစီးဌာန ဖုန်း-၀၇၅-၂၅၀၈၆ နှင့် မြို့နယ်သစ်တောဦးစီးဌာန ဖုန်း-၀၇၅-၂၅၀၈၇သို့ သတင်းပေး တိုင်ကြားရန် သစ်တောရုံးရှေ့တွင် ဆိုင်းဘုတ် စိုက်ထူကြေညာထားသည်ကို တွေ့ရှိရသည်။ တရားမဝင်သစ်ခိုးယူ ခုတ်လှဲ သယ်ဆောင်နေမှုများကြောင့် နိုင်ငံတစ်ဝန်းသစ်တောများ ပြုန်းတီးလာခြင်း၊ ဂေဟစနစ်များ ပျောက်ကွယ်၍ ရာသီဥတုပူနွေးလာခြင်း၊ ရေအရင်းအမြစ်များ လျော့နည်း ခန်းခြောက်လာခြင်းတို့အပြင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ဆုံးရှုံးနစ်နာရသဖြင့် ပြည်သူအများက တာဝန်သိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း သိရှိရသည်။

စမ်းဦး(ကသာ)

အလက(၁)မအူပင်မြို့ ယခင်(ယမုံနာ)ကျောင်း ဆဋ္ဌမအကြိမ် အာစရိယမြတ်ဆရာပူဇော်ပွဲကျင်းပမည်

မအူပင်မြို့၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ ယခင်(ယမုံနာ) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယမြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ ခုနှစ် မတ် ၂၇ ရက် (ဗုဒ္ဓဟူးနေ့) တပ်မတော်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ အလက(၁) ယမုံနာကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပေးပါရန်နှင့် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအနေဖြင့် အပူဇော်ခံကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

အလက(၁) ကျောင်း ဖုန်း-၀၄၅-၃၀၄၇၂၊ ဦးမြင့်သိန်း(ခ)ဦးနီ ဖုန်း-၀၉-၈၅၈၆၅၀၇၊ ဦးမွေရန်း ဖုန်း-၀၉-၈၅၄၀၄၅၂၊ ဦးထိုက်ထိုက် ဖုန်း-၀၉-၅၁၇၁၆၁၉၊ ဦးမင်းသိန်း ဖုန်း-၀၉-၄၂၂၅၂၁၂၀၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

တာချီလိတ်မြို့၊ ဆန်ဆိုင် (ထက်)ရပ်ကွက်၊ အမှတ် (၅/၆၈)ဟုခေါ်တွင်သော အလျား ၅၈ပေနှင့် ၅၂ပေ၊ အနံ ၃၉ပေနှင့် ၃၆ပေအကျယ်အဝန်းရှိမြေကွက်အား လက်ရှိပိုင်ရှင် ကျွန်တော် ဦးစိုင်းအွန် ၁၃/တခလ(နိုင်)၀၀၃၈၃၃က သက်ဆိုင်ရာတွင် မြေစာရင်းပုံစံ ၁၀၅လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့် အတူ ယခုကြော်ငြာပါရှိသည်မှ ရက်သတ္တပတ်တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။

ဦးစိုင်းအွန်
၁၃/တခလ(နိုင်)၀၀၃၈၃၃

တရားဝင်ဇနီးမယားဖြစ်ကြောင်း

ကိုစိုင်းခမ်းပန် ၁၃/လခတ(နိုင်)၀၂၅၀၉၅နှင့် ကျွန်မအေးအေးအောင် ၁၃/ပလန(နိုင်) ၀၇၄၉၈၉တို့သည် ၁၃-၁၁-၂၀၀၈ရက်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ရာ သားစိုင်းခွန်ဆိုင်နွံဖ ထွန်းကားခဲ့သည်။ ယနေ့အချိန်ထိ ကျွန်မသာလျှင် တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မအေးအေးအောင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၈၂၁၂၈ Luojia 110 m/c၊ ယာဉ်လက်ဝယ်ရှိသူ ဦးကွမ်းဝင်(ခ)ကျော်အောင် ၁၃/လရန(နိုင်)၀၅၅၄၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၆၃၃၇၁ ဂျာလင်း JL 90၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ရှင်းမောင် ၅/မမတ(နိုင်)၀၀၂၃၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (စစ်ကိုင်း)

အထွေထွေကိုယ်စားလှဲအပ်လွှာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဦးကိုဦး(ဘ)ဦးချစ် ၁၃/ကတန(နိုင်)၀၀၈၀၇၃က ဦးအုံးကိုကို(ဘ)ဦးသန်းငြွေ ၁၃/ကတန(နိုင်)၀၀၄၂၇၂အား လွှန်ခဲ့သော ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်က မန္တလေးမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၆၆၆/၂၀၁၃)ဖြင့် ပေးအပ်ထားသော အထွေထွေကိုယ်စားလှဲအပ်လွှာအား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ညွှန်ကြားချက်အရ-
ဦးကြည်ဖေစိန် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၂၀)
ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့

သန့်စင်ပြီး/အရောက်ပို့
01-512443 ပွဲတော်အုပ် 09-73017656
ဗျာပုံပေါ်ဆန်းမွှေး - 26000 Ks
ပုသိမ်ပေါ်ဆန်းမွှေး(ဗွယ်)- 28000 Ks

အမည်မှန်

ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာနေ ဦးမောင်လှထွန်း၏သမီး မမိုးမိုးလှိုင် ၁၁/ရသတ(နိုင်)၀၅၇၂၉၁၏ အမည်မှန်မှာ မခင်လှဲ့နွယ် ဖြစ်ပါသည်။

မခင်လှဲ့နွယ်

လူပျောက်ကြော်ငြာ

ဆွာမြို့နေ ဦးကျော် ၇/ရတရ(နိုင်)၀၁၁၂၇၁၏သား ဦးတင်ဝင်း ၇/ရတရ(နိုင်)၀၇၈၂၈၀ စိတ်ဝေဒနာရှင် (၄၁) နှစ်သည် ၁၀-၃-၂၀၁၃ရက်တွင် ကျိုက်ထီးရိုးဘုရားဖူးစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၃၅၁၅၄၁၊
၀၉-၄၉၄၃၅၃၇၀၊ ၀၅၄-၇၀၀၈၇

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မမြင့်သူဇာခိုင်(ခ)မစု ၁/မကန(နိုင်)၁၉၂၆၂၉သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘနှင့် မိသားစုဝင်များ၏ ခွင့်ပြုချက်မရှိဘဲ ငွေကြေးကိစ္စရပ်များဆောင်ရွက်ခြင်းများ အကြိမ်ကြိမ် ဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါ သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်ဒေါ်လှရွှေ ၁/မကန(နိုင်)၀၁၇၇၃၈
ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့

ကြော်ငြာ

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်း(အမ်ဘီအေ) အမှတ်စဉ်(၁၀) သင်တန်းနှင့်
(ခ) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်း(အမ်ပီအေ)အမှတ်စဉ်(၁၀)သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်သူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်း တက်ရောက်ရန် ခွင့်ပြုချက် တင်ပြနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ၂၅-၃-၂၀၁၃ ရက်မှစ၍ သင်တန်းရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။

၅။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ မဟာဘွဲ့(အမ်ဘီအေ) သင်တန်းနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာ မဟာဘွဲ့(အမ်ပီအေ)သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၃-၅-၂၀၁၃ ရက် နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ မဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ) သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၈-၅-၂၀၁၃ ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ဒုတိယပါမောက္ခချုပ်ရုံးခန်း ဖုန်း-၀၆၄-၃၉၂၈၅၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ခ) ဌာနမှူး၊သင်တန်းရေးရာဌာန ဖုန်း-၀၆၄-၃၉၂၇၈၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ဂ) မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

အေးဇော်
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ပလတ်စတစ်စက်ရုံခွဲ(မော်ဘီ)မှ ပလတ်စတစ်ပစ္စည်းများရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့် ပစ္စည်းအမည်** - ရက်ပလတ်စတစ်အိတ်နှင့် အိတ်ကျို့များ
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၃-၂၀၁၃ ရက် ၁၆း၀၀ နာရီ
၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၀၈၃၈၁

မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အထက(၃)ဗဟန်း ယခင် (Y.M.B.A အလက-၄)ဗဟန်းကျောင်း)၏ ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ၁၉၆၁ ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ရိုသေဂါရဝတရားရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာမရရှိခဲ့သော ကန်တော့ခံဆရာကြီး ဆရာမကြီးများအနေဖြင့် ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများမှလည်း အတူတကွ ပါဝင်ပူဇော်နိုင်ရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - အထက(၃)၊ ဗဟန်း(အောင်ဆန်းခန်းမ)
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

(မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ)

အလှူငွေ ဆက်သွယ်လှူဒါန်းရန် - ဒေါ်နော်ထွေးခင် ဖုန်း-၀၁-၅၅၅၂၂၂၊ ဦးကိုကိုကြီး (ဆင်မင်း-ဆပ်ပြာ) ဖုန်း-၀၉-၅၀၉၃၂၃၉၊၆၈၄၀၇၈၊ ဦးလှထွေး(ရှီမို)စားသောက်ဆိုင် ဖုန်း-၀၉-၅၁၆၂၉၁၉၊ ဦးမြင့်စိုး(တော်ဝင်မြင့်မြတ်သူ)ကုမ္ပဏီ ဖုန်း-၀၉-၅၁၀၁၄၇၂

မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာဝင်များ မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပပြုလုပ်မည့်ရက် - ၆-၄-၂၀၁၃ရက် (စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - နံနက် ၉ နာရီ
ကျင်းပပြုလုပ်မည့်နေရာ - MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်မြို့

အစုရှယ်ယာမှတ်ပုံတင်ခြင်းကိစ္စများကို ၆-၃-၂၀၁၃ ရက်မှစ၍ ၆-၄-၂၀၁၃ရက် ညနေပိုင်းအထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ ဖိတ်စာများ ပေးပို့ထားပါသည်။

ဒါရိုက်တာအဖွဲ့

ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၂ လမ်းရှိ မြေညီထပ်မှ ဒါဘာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။
(သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးနှင့်ကပ်လျက်)
အဆင့်မြင့်ပြင်ဆင်ပြီး လူနေရန်အသင့်ဖြစ်သည်။
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇

သကြၤန်အကြို ကုန်စည်ပြပွဲကြီး နှင့် ကားပြပွဲကြီး

နေ့ရက်-(23.3.13 မှ 26.3.13)နေရာ-မြို့မကွင်း၊ဦးဝိစာရလမ်း၊ရန်ကုန်မြို့။ ပြခန်းစုံစမ်းရန်-SMART GROUP. PH:01-656875,667473

မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ဖြင့် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ပူဇော်တတ်ရန်၊ မိဘ ဆရာသမားတို့ကို ရိုသေလေးစား ကျေးဇူးသိတတ်ရန်၊ ယဉ်ကျေးလိမ္မာသော သားကောင်း သမီးမွန်များဖြစ်စေရန်၊ ကိုယ်ကျင့်သီလကောင်းမွန်စေရန်၊ ဘဝနေနည်းနှင့် နည်းမှန်လမ်းမှန်နေထိုင်ဆက်ဆံတတ်ရန်၊ ပစ္စုပ္ပန်ဘဝကောင်းစားရေးသာမက သံသရာ၌လည်း ချမ်းသာစေနိုင်ရန် စသည်တို့ကို မျိုးဆက်သစ် သားငယ်သမီးငယ်တို့ စိတ်နှလုံး၌ဖြစ်ပေါ်တည်ရှိ၍ မိမိတိုင်းပြည်နှင့် အမျိုး ဘာသာ သာသနာအကျိုး သယ်ပိုးရွက်ဆောင်နိုင်ရန်၊ လူတော်လူကောင်းများဖြစ်လာကြ၍ မိဘတို့ ပြုစုပျိုးထောင်ရကျိုးနပ်စေရန် ရည်သန်လျက်. . . ယဉ်ကျေးလိမ္မာသားငယ်သမီးငယ်များအတွက်

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာလက်စွဲ

သစ္စာဝါဒီဦးမြင့်အောင်စုဆောင်းပြုစုသည်
ရောင်စုံသရုပ်ဖော်ပုံများစွာဖြင့် တန်ဖိုး = ၁၅၀၀ကျပ်
တော်ဝင်မြို့မစာအုပ်တိုက် ဖုန်း ၀၉၄၉၅၀၈၈၃၄

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ (၆၅)နှစ်မြောက် သင်းလုံးကျွတ် နှစ်ပတ် လည် အစည်းအဝေးကို ၁၃၇၄-ခုနှစ်၊ တပေါင်းလဆုတ် (၅)ရက် (၃၁-၃-၂၀၁၃) (တနင်္ဂနွေနေ့) မွန်းလွဲ(၁)နာရီ အချိန်တွင် ကျင်းပမည် ဖြစ်ပါ၍ အသင်းသားများ မပျက်မကွက် တက်ရောက်ကြ ပါရန် ဖိတ်ကြားအပ်ပါသည်။ အကြံပြု လိုသော အချက်များရှိပါက (၂၅-၃-၂၀၁၃)နေ့၊ ညနေ (၃) နာရီ နောက်ဆုံး ထား၍ စာဖြင့် ရေးသား ပေးပို့နိုင်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏(၅၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို ၂၀၁၃ခုနှစ် မတ် ၂၄ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၃ ရက်) (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်း ၃ လမ်းရှိ အသင်းတိုက်တွင် ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသက်(၇၅)နှစ်အထက် သက်ကြီးကန်တော့ခံပုဂ္ဂိုလ်များ၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာရည်ထူးချွန်သော(အသင်းသူအသင်းသားများ၏ သားသမီးများ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ အမှတ်စာရင်းမိတ္တူနှင့်အတူ အသင်းတိုက် ဖုန်း-၀၉-၇၃၁၈၇၆၅၉၊ ဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း -၀၉-၅၀၀၀၁၅၉၊အတွင်းရေးမှူး ဦးမြင့်အောင် ဖုန်း-၀၉-၅၀၀၉၅၉၂ တို့သို့ ၂၀၁၃ခုနှစ် မတ် ၂၀ ရက်အမီ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် နိုးဆော်အပ်ပါသည်။

ရန်ကုန်မြို့တွင်ရှိသော အသင်းသူအသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် နွေးထွေးရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)

မင်္ဂလာဦးဆွမ်းကျွေးပွဲကျင်းပပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမြင့်ဆွေဝင်း-ဒေါက်တာ ဒေါ်စုစုခင်တို့၏သား
မောင်အောင်ဖြိုးမြင့် B.E (Mechanical)
Uniteam Marine Ltd.
နှင့်
ရန်ကုန်မြို့နေ ဦးစိုးသိမ်း-ဒေါ်အေးအေးသောင်း တို့၏သမီး
ဒေါက်တာမွန်မွန်စိုး
M.B.,B.S (Ygn), M.Med.Sc (Microbiology)
အဏုဇီဝဗေဒဆရာဝန်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး

တို့သည် နှစ်ဖက်သော မိဘများ၏သဘောတူညီချက်အရ ၄-၃-၂၀၁၃ရက်တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီး၍ ၁၇-၃-၂၀၁၃ရက်တွင် မင်းကွန်းတိပိဋကရွှေရတုကျောင်းတော်ကြီး၌ မင်္ဂလာဦးဆွမ်းကျွေးပွဲကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဖြိုးမြင့်-ဒေါက်တာမွန်မွန်စိုး

ဦးမောင်မောင်အုန်းမြိုင် (ဆရာအုန်း)၏

(၁) အင်္ဂလိပ် ⟺ မြန်မာ ဘာသာပြန်လုပ်ငန်းဌာန
(၂) ဘာသာပြန်ဆိုနည်းသီးသန့်သင်တန်း
➤ ၉၉(အနော်ရထာလမ်းနှင့် ၃၈-လမ်းထောင့်)၊ရန်ကုန်မြို့။
ဖုန်း-၀၉၄၃၀၇၄၈၁၅နှင့်၀၁-၃၈၉၃၃၉

ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေး အသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ လိုင်စင်လျှောက်ခြင်း၊ L/C, TT, သင်္ဘောတင်ခြင်း၊ အကောက်ခွန်နှင့် အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့်...

ပြည်ပပို့ကုန်၊သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

အပတ်စဉ်(၄၃)

Section A	:	23-3-2013	နေ့များတွင် စမည်။
Section B	:	23-3-2013	
Section C	:	26-3-2013	

အလင်းသစ်စာပေ
အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-ဂ၇-၀၃ဂ၄ဂ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ချမ်းအေးအနောက် ၊ မြေကွက်အမှတ်၆၄၊ ဧရိယာ ၀ဒသမ၀၆၂၉ဧကရှိ ဦးစံဖူး(မီးလောင်ပြင် ပြန်လည်နေရာချထားရေး) အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည်ဒေါ်ဆွေဆွေလှဲ (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၁၆၀၂၈ (ဘ)ဦးမိုးညိုက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ ကွင်းအမှတ် (၅၃-အေ)၊ မြန်မာနန်းကွက်သစ်၊ မြေကွက်အမှတ် (၂၆၈)၊ မြေဧရိယာ အလျား(ပေ၆၀×အနံပေ၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ရှင် ဒေါ်တင်တင်အေးထံမှ ဒေါ်ထွေးထွေးငယ်သည် အထူးကိုယ်စားလှယ်လွှဲစာရရှိထားသောသူ ဖြစ်ပါသည်။ ဒေါ်ထွေးထွေးငယ်ထံမှ ဦးဌေးလွင်သည် လွန်ခဲ့သော ၂၀၀၇ခုနှစ် ကတည်းက နှစ်ဦးသဘောတူစာချုပ်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသောမြေကွက် ဖြစ်ပါသည်။

အဆိုပါမြေကွက်ကို မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဌေးလွင် ၁၂/ဥကမ(နိုင်)၁၃၂၄၆၂ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချင်း (LL.B)
အထက်တန်းရှေ့နေ
(စဉ်-၃၁၂၅၂)
မိဋ္ဌာန်အောင်ဘုရားလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ဖုန်း-၀၉-၄၂၅၀၁၂၃၄၁

ကြော်ငြာ

ပတ္တမြားရတု မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် ချစ်ဖေဖေဝဏ္ဏကျော်ထင် **ဦးညဏ်ထွန်းအောင်**နှင့် ချစ်မေမေ**ဒေါ်ဝေဝေ**တို့၏ ၁၈-၃-၂၀၁၃ရက်တွင် ကျရောက်သော နှစ် (၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သောသားသမီးမြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝအတူလျှောက်လှမ်းနိုင်ပြီး ဘာသာ၊သာသနာအကျိုးဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ကိုဥက္ကာထွန်း (Unique Value Co., Ltd.)-မမျိုးကလျာထွေး
ချစ်သမီးကြီး - မစန္ဒီထွန်း (Ever Right Trading Co., Ltd.)
ချစ်သမီးလတ်- Capt ကိုကိုယု(M.A.I)-မဖြူသန့်ထွန်း (M.A.I)
ချစ်သမီးငယ် - မယဉ်မင်းထွန်း (Golden New Idea Co., Ltd.)
ချစ်မြေးများ - မဆုမြင့်မိုရ်ထွန်း(ခ)ဖွေးဖွေး၊ စွမ်းသုတထွန်း(ခ)သျှိုင်းသျှိုင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်
ဓာတ်ပုံနှင့်ဆိုင်ခန်းများကြီးကြပ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး၊ ကမာရွတ်နှင့် လှိုင်နယ်မြေ)တို့တွင် စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချရေးနှင့် (ရွာသာကြီး၊ ကမာရွတ်နယ်မြေ)တို့တွင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းများအား တစ်နှစ်ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ငွေစာရင်းဌာနတွင်ရယူပြီး ၂၈-၃-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း-၅၈၅၀၇၀၊ ၅၈၅၀၇၁တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံနှင့်ဆိုင်ခန်းများကြီးကြပ်ရေးအဖွဲ့
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ မြေကွက်အမှတ် ၃၇၄၊ အမည်ပေါက်ဦးမူနီပါး၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်ရွှေ ၁၂/ကတန(နိုင်) ၀၀၉၅၈၈ က မြေကွက်စလစ်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ ဆေးဝါးစက်ရုံများအတွက် ဆေးဝါးကုန်ကြမ်း ၁၆၄ မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၈-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၃-၂၀၁၃ ရက် ညနေ ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြ၊ ငါးဇင်ရပ်ကွက်နေ ဦးချစ်လှိုင် ၁၄/ဘကလ(နိုင်)၀၄၀၉၉၆၊ ဒေါ်လဲ့လဲ့ ၁၄/မမက(နိုင်)၀၃၀၁၅၅ တို့၏သား မောင်ကိုကိုလတ်အား မောင်ဝင်းထက်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အင်းစိန်မြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၇

ဦးလှအောင် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ကျင်) **နှင့်**

၁။ ဒေါ်ကြည်ကြည်
အမှတ်(၉၈)၊ ခြေလျင်တပ်ရင်း၊ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

၂။ ဒေါ်ပြုံးချို(ခ)ဒေါ်ခင်ပြုံး
မ/၂၆၊ မင်္ဂလာလမ်း၊ နံ့သာကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

၃။ ဒေါ်အုန်းမေ
အမှတ်(၆၁/က)၊၁၄ လမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ဒေါ်ခင်စန်း
၁ လမ်း၊ ၁လမ်းသွယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဦးစိုးသိန်း
မှတစ်ဆင့် ဒေါက်တာဝင်းမြင့် အနန်းပင် ရွာဆေးတိုက်၊ လေတပ်ဘူတာအနီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တရားလို　　　　**တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များဖြစ်သော (၁)ဒေါ်ကြည်ကြည်၊ (၂) ဒေါ်ပြုံးချို(ခ) ဒေါ်ခင်ပြုံး၊ (၃) ဒေါ်အုန်းမေ၊ (၄) ဒေါ်ခင်စန်း၊ (၅) ဦးစိုးသိန်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ အင်းစိန်မြို့နေ ဦးလှအောင်က သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၃၉အရ မမှန်မကန် လိမ်လည်ဖော်ပြချုပ်ဆိုသော ဟန်ဆောင်စွန့်လွှတ်စာချုပ်များအား ပယ်ဖျက်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် မတ် ၂၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်လွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
အင်းစိန်မြို့နယ်တရားရုံး

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

☎ - ၀၉-၄၄၈၀၂၅၇၄၂
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၆၅

ကျေးဇူးဆပ်ပါမည်

ဒေါ်ကေသီကျော် အမည်ပေါက် ၆က/၄၇၄၁ ကား စာရွက်စာတမ်းများ ၂၂၆ ဘတ်စ်ကားပေါ် မေ့ကျန်ပျောက်နေသည်။ ပြန်ပေးသူအား ကျေးဇူးဆပ်မည်။

ဖုန်း-၀၉-၄၄၈၀၀၂၉၂၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၊ မြေကွက်အမှတ် ၁၅၀၊ မြေကွက်တည်နေရာ ၄၀၁၊ အောင်သိဒ္ဓိလမ်း၊ ဇေယျာသီရိ ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးကြံမောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြံမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်သိန်းလှ ၁၂/ဒပန(နိုင်)၀၀၄၃၄၀က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ဒေါ်သိန်းလှထံမှ G.P ၂၅၀၀/၁၃ရသူ ဦးစံမြင့် ၁၂/သကတ(နိုင်)၁၆၁၀၈၀ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ မြေကွက်အမှတ် ၄၂ အမည်ပေါက် ဦးကုလယ်ဘုရား၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းတင့် ၁၂/ကတန(နိုင်)၀၇၄၅၂၃ ကမြေကွက်စလစ်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၁၀၈၅၊ အမည်ပေါက် ဦးမြင့်စိန် ၁၂/သလန(နိုင်) ၀၂၉၃၄၄ ၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးသိန်းစိုးလွင် ၉/မထလ(နိုင်)၁၇၃၃၇၈ က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	လျှောက်ထားသည့် မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးငွေးဝင်း	၁၂/ဥကမ(နိုင်)၀၈၈၆၅၈	မြောက်ဥက္ကလာ	င	၁၀၃ဂ⁄၂	ဒေါ်သန်းကြည်	၁၀၃ဂ⁄၂၊ သုဓမ္မာလမ်း၊ (င)ရပ်ကွက်	မြေပုံကူး
၂။	ဒေါ်မြကြည်	၁၂/သဃက(နိုင်)၀၅၄၅၅၀	သဃ်န်းကျွန်း	စံပြ	၂၀၀	ဒေါ်မြကြည်	၂၀၀၊ စံပြ(၄)လမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၃။	ဦးအောင်မြတ်	၁၂/ဥကတ(နိုင်)၀၂၃၀၃၉	အလုံ	၂၄A	၄A⁶ - ၄F⁶	ဦးသိန်းမောင်+၂	၁၅၂၊ ဒုတိယသီရိရိပ်သာ	အမည်ပြောင်း
၄။	ဒေါ်မေသန်းဝင်း+၁	၁၂/တမန(နိုင်)၀၇၇၉၂၇	သဃ်န်းကျွန်း	၁၆/၃	၃၃၇	ဦးမျိုးဝင်း	၃၃၇၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်	အမည်ပြောင်း
၅။	ဦးမြင့်ဦး+၂	၁၂/ကမတ(နိုင်)၀၃၇၉၆၂	ကြည့်မြင်တိုင်	၂၆ F⁵	၆၃	ဦးသိုက်+၁	၈၇၊ သရက်တော(၃)လမ်း၊	အမည်ပြောင်း
၆။	ဒေါ်မေရီဝင်း	၅/ရဥန(နိုင်)၀၀၀၈၆၀	ဒဂုံအရှေ့	၁၅	၇၆၄	ဗိုလ်မှူးမောင်ထွေး	၇၆၄၊ ကုန်းဘောင်လမ်း၊ (၁၅)ရပ်ကွက်	အမည်ပြောင်း
၇။	ဦးမျိုးနိုင်ဘို	၁၂/ဥကတ(နိုင်)၀၅၆၀၃၇	တောင်ဥက္ကလာ	၁၀	၄၆၄/က	ဒေါ်သန်း	၄၆၄/က၊ (၁၄)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၈။	ဦးမျိုးလှိုင်ဦး	၁၂/ဥကတ(နိုင်)၁၂၆၀၂၅	တောင်ဥက္ကလာ	၇	၁၀၅၃(ခ)	ဦးထွန်းတင်	၁၀၅၃/ခ၊ ရာဇသူရလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၉။	ဦးမျိုးလှိုင်ဦး	၁၂/ဥကတ(နိုင်)၁၂၆၀၂၅	တောင်ဥက္ကလာ	၁၄/၂	၃/၁	ဒေါ်စန်းစန်းမြင့်	၃/၁၊ သံသုမာလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၀။	ဒေါ်တင်တင်စော(ခ)ဒေါ်စွယ်	၁၂/ဥကတ(နိုင်)၀၅၁၂၇၂	တောင်ဥက္ကလာ	၁၀	၁၂	ဒေါ်ဝင်းတင်+ဦးချစ်လှိုင်	၁၂၊ (၁)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၁။	ဒေါ်နိုင်ဆွေသက်	၁၂/ဒဂန(နိုင်)၀၃၁၄၉၅	တောင်ဥက္ကလာ	၁၃	၅၄၆	ဦးမြတ်စံ၊ ဒေါ်ကြင်သောင်း	၅၄၆၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၂။	ဒေါ်လှဆင့်	၁၂/သကတ(နိုင်)၀၂၀၂၂၇	သာကေတ	၅	၇၇	ဦးသန်းအေး	၇၇၊ သီရိ(၂)လမ်း၊ (၅)ရပ်ကွက်၊ သာကေတ	အမည်ပြောင်း
၁၃။	ဒေါ်နွယ်နီဝင်း+၁	၁၂/မရက(နိုင်)၀၅၂၄၉၈	ဒဂုံတောင်	၁၄၅	၈၉၁	တပ်ကြပ်ကြီးတင်အောင်	မြေကွက်အမှတ် ၈၉၁၊ (၁၄၅)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၄။	ဒေါ်ခင်နီလာအောင်	၉/မခန(နိုင်)၁၂၀၀၂၁	သဃ်န်းကျွန်း	ထိုးရိပ်	၆၈၄	ဦးအေးစန်း	၆၈၄၊ ထိုးရိပ်(၃)လမ်း၊ ထိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း	အမည်ပြောင်း
၁၅။	ဒေါ်ဇင်သူသူဝင်း	၁၂/ပဘတ(နိုင်)၀၃၂၀၂၁	မြောက်ဥက္ကလာ	၅	၆၀၃	ဒေါ်သဇင်ဦး	၆၀၃၊ သုဓမ္မာလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာ	အမည်ပြောင်း
၁၆။	ဦးကျော်ဝင်း	၁၂/ဒဂန(နိုင်)၀၀၃၁၂၇	တောင်ဥက္ကလာ	၃	၂၃၂/ခ	ဒေါ်လှမြင့်၊ ဦးစံရွှေမောင်	၂၃၂(ခ)၊ (၇)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၇။	ဒေါ်ခင်သန်းကြည်	၉/မရမ(နိုင်)၀၆၈၁၁၄	ဒဂုံမြောက်	၄၆	၁၃၄၀	ဦးသောင်းဟန်	၁၃၄၀၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၈။	ဒေါ်ခင်သန်းကြည်	၉/မရမ(နိုင်)၀၆၈၁၁၄	ဒဂုံမြောက်	၄၆	၁၃၃၉	ဦးသိန်းဇော်လင်း	၁၃၃၄၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၉။	ဒေါ်ကြည်ကြည်မိုး	၁၂/အစန(နိုင်)၀၃၉၄၄၄	အင်းစိန်	မြို့သစ်(ခ)	၂၆၇(ခ)	ဒေါ်ဝါဝါရွှေ	၂၇၃/ခ/ဂလမ်း	အမည်ပြောင်း
၂၀။	ဦးဇော်မင်း	၁၂/တမန(နိုင်)၀၀၁၁၆၇	ဒဂုံတောင်	၁၀၇	၂၇၂/က	ဒေါ်သင်းပပ	၂၇၂/က၊ ဥက္ကာ(၂)လမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်း

နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်း

(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၄ ခုနှစ် လ ရက်

(၂၀၁၃ ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နေပြည်တော်စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ကြေညာသည့် နယ်နိမိတ်ကိုဆိုသည်။

(ခ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၃ အရဖွဲ့စည်းသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဂ) **ကော်မတီဝင်** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အဖွဲ့ဝင်ကိုဆိုသည်။

(ဃ) **ရုံးအကြီးအမှူး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကိုဆိုသည်။

(င) **ဌာနမှူး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနတစ်ခုခုအား ကြီးကြပ်ကွပ်ကဲရသော အရာရှိကိုဆိုသည်။

(စ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(ဆ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးကို ကြီးကြပ်ကွပ်ကဲရသော ဝန်ထမ်းကိုဆိုသည်။

(ဇ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရ သော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရသော်လည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောလုပ်ငန်း၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းနှင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော လုပ်ငန်းတို့ကို ဆိုသည်။

(ဈ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့်အခွန်ကို ဆိုသည်။ ယင်း စကားရပ်တွင် အခွန်၊ အခနှင့် အကောက်တို့ပါဝင်သည်။

(ည) **ဝန်ဆောင်ခွန်** ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်းနှင့် ရေလိုင်း ဆက်သွယ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းကြပ်ကောက်ခံသော အခွန်များပါဝင်သည်။ ယင်းစကားရပ်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက်သတ်မှတ်သော အခွန်များလည်းပါဝင်သည်။

(ဋ) **ရေခွန်** ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဌ) **မီးခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊တံတားများတွင် မီးထွန်းစရိတ် ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသောအခွန်ကိုဆိုသည်။

(ဍ) **အမှိုက်နှင့်အညစ်အကြေးခွန်** ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများစုစည်း သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့်ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့် စရိတ်များအားကျခံနိုင်စေရန်စည်းကြပ်သည့်အခွန်ကိုဆိုသည်။

(ဎ) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး** ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံကို မည်သည့်အသုံးအဆောင်ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကိုဆိုသည်။ယင်းစကားရပ်တွင် ပစ္စည်းခွန် စည်းကြပ်မည့် မြေနှင့် အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

(ဏ) **အငှားယာဉ်** ဆိုသည်မှာ ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(တ) **အငှားယာဉ်မောင်းသူ** ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ သို့မဟုတ် မောင်းသူကို ဆိုသည်။

(ထ) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်နှင့်ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ် ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ဒ) **အရန်မြေ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပြည်ထောင်စုအစိုးရက အနာဂတ်စီမံကိန်းများ ဆောင်ရွက်ရန် သတ်မှတ်ထားသော မြေကို ဆိုသည်။

အခန်း (၂)

ဖွဲ့စည်းခြင်း

၃။ နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စည်ပင်သာယာရေး လုပ်ငန်းများကိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတ-

(က) ကော်မတီကို သင့်လျော်သော နိုင်ငံသားများဖြင့် အဖွဲ့ဝင် အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦးအထိ ရွေးချယ်ခန့်ထားသော နည်းလမ်းဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မတီကို ဖွဲ့စည်းရာတွင် ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းသတ်မှတ်ရမည်။

(ဂ) နိုင်ငံတော်သမ္မတသည် ကော်မတီ၏ အဖွဲ့ဝင်ဦးရေကို အခါအားလျော်စွာ သင့်လျော်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် နေပြည်တော်၏ မြို့တော်ဝန်ကဆောင်ရွက်ရမည်။

၅။ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌသည် နေပြည်တော်၏ ဒုတိယမြို့တော်ဝန်ဖြစ်သည်။

၆။ ရုံးအကြီးအမှူးသည် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သည်။

၇။ ကော်မတီသည် နိုင်ငံတော်သမ္မတအား တိုက်ရိုက်တာဝန်ခံရမည်။

၈။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့်တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

အခန်း (၃)

ကော်မတီ၏ လုပ်ငန်းတာဝန်များ

၉။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပြုရမည်-

(က) မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် မြို့သစ်များ တည်ထောင်ခြင်း၊

(ခ) မြေများကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့်လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်း၊

(င) လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက် စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံများကို ဖယ်ရှားခြင်းနှင့်ဖယ်ရှားစေခြင်း၊

(ဆ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုစည်းကမ်းများသတ်မှတ်ခြင်း၊ ရပ်ကွက်နှင့် လမ်းများ၏အမည်ကို သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ်သတ်မှတ်ခြင်း၊

(ဇ) ယာဉ်နှင့်အငှားယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်း၊ မြို့တွင်းနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဈ) သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာရေး၊ လှပရေး၊ စိမ်းလန်းရေးနှင့် စိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်နှင့် အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လုံခြုံရေးမီးနှင့် မီးအလှထွန်းခြင်း၊ အချက်ပြမီးများတပ်ဆင်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း၊

(ဎ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဏ) ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(တ) စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေး၊ သင့်တင့်မျှတသော ရာသီဥတုအခြေအနေ ထိန်းညှိစေနိုင်ရေးအတွက် မိုးရေကန်များသို့မဟုတ် လျှိုပိတ်ဆည်များ တည်ဆောက် ထိန်းသိမ်းခြင်း သို့မဟုတ် တည်ဆောက် ထိန်းသိမ်းစေခြင်း၊

(ထ) မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဒ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဓ) ကော်မတီပိုင်ဈေးများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(န) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ပ) အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဖ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဗ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဘ) မီးဘေး၊ ရေဘေး၊ လေဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(မ) ပြည်တွင်းခရီးသည်များသာ တည်းခိုမည့် တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ယ) စည်ပင်သာယာရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးခြင်း၊

(ရ) ကူးတို့လုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများနှင့် ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(လ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို သတ်ဖြတ်ခွင့်ပြုခြင်းနှင့်အသားရောင်းချခြင်းကို စည်းကမ်းများ သတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဝ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(သ) သတ်မှတ်ထားသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်းနှင့် လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဟ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ အနာကြီးရောဂါစွဲကပ်သူနှင့် တောင်းရမ်း စားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံခြင်း၊

(ဠ) သုသာန်များ သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ သင်္ဂြိုဟ်ခွင့်ပြုခြင်း၊ သင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(အ) သတ်မှတ်ထားသော အစိုးရရုံးများ၊ နိုင်ငံတော်ပိုင်အိမ်ရာ အဆောက်အအုံများကို ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများအား ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း၊

(ကက) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများတွင် နေထိုင်သူများ လိုက်နာရန်စည်းကမ်းချက်များ ထုတ်ပြန်ခြင်း၊ စိစစ်ကြပ်မတ်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စစ်ဆေးအရေးယူခြင်း၊

(ခခ) နိုင်ငံတော်ပိုင်အိမ်ရာ အဆောက်အအုံများနှင့် တိုက်ခန်းများအား ထိန်းသိမ်းခြင်း၊ နေရာချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဂဂ) နိုင်ငံတော်ပိုင်အိမ်ရာ အဆောက်အအုံများနှင့် တိုက်ခန်းများအတွက် ငှားရမ်းခသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဃဃ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ငင) နိုင်ငံတော်သမ္မတကအခါအားလျော်စွာ သတ်မှတ်ပေးသည့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

အခန်း(၄)

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၁။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်ကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကော်မတီပိုင်ရန်ပုံငွေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အခွန်အခနှင့် အခွန်အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့်ကောက်ခံခြင်း၊

(ဃ) ကော်မတီပိုင်အဆောက်အအုံနှင့်မြေများကိုငှားရမ်းခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ်ဖောက်ဖျက်သောအငှားယူသူများကိုဖယ်ရှားနှင်ထုတ်ခြင်း၊

(င) အဆောက်အအုံနှင့် မြေများငှားရမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေရရှိသည့်ငွေများကို တည်ဆဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင်သာယာရေးကို အထောက်အကူပြုသော လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှ ဖြစ်စေ၊ ချေးငွေရယူခြင်းနှင့်အထောက်အပံ့များရယူခြင်း၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းများအလိုက် လိုအပ်သော ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဈ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီတိုးတက်သည့် နည်းပညာနှင့် နည်းစနစ်များကို အသုံးပြုဆောင်ရွက်ခြင်း၊

(ည) နေပြည်တော်၏ စည်ပင်သာယာရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်စေရန်အတွက် မိမိ၏ ကော်မတီဝင်များနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားတိုးတက်စေရန် ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်းနှင့် လေ့လာရေးခရီးများ စီစဉ်စေလွှတ်ခြင်း၊

(ဋ) နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာမြို့တော်ကြီးများမှ သင့်လျော်သည့် မြို့တော်အား ညီအစ်မမြို့တော်အဖြစ် သတ်မှတ်၍ ကော်မတီအချင်းချင်း အတွေ့အကြုံများ၊ နည်းပညာများ၊ နည်းစနစ်များ နှီးနှောဖလှယ်ခြင်း၊ လိုအပ်သည့် လုပ်ငန်းရပ်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) အရန်မြေတွင် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ယင်းအရန်မြေပေါ်တွင် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရသော စီမံကိန်းလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲခြင်း၊

(ဍ) ကော်မတီပိုင်မြေတွင် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဎ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် သစ်တောနယ်မြေ နယ်နိမိတ်သတ်မှတ်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် တပ်မြေ နယ်နိမိတ် သတ်မှတ်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ နိုင်ငံတော်ပိုင်အိမ်ရာများတွင် စိုက်ပျိုးထားသော နှစ်ရှည်သီးပင်စားပင် အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများတွင် စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(ထ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်ဆောက်လုပ်ခြင်းမရှိစေရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(ဒ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့်သို့မဟုတ် နိုင်ငံတော် လုံခြုံရေးနှင့်သက်ဆိုင်သည့် အဆောက်အအုံမှအပ နိုင်ငံပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း၊

(ဓ) နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သံတမန်ဇုန်၊ ဝန်ထမ်းဇုန်၊ ဟိုတယ်ဇုန်၊ ကျောက်မျက်ဇုန်၊ စက်မှုဇုန်၊ စိုက်ပျိုးရေးဇုန်၊ စီးပွားရေးဇုန်စသည့် လုပ်ငန်းသဘောသဘာဝ တူညီရာများ စုစည်း

စာမျက်နှာ ၈ သို့

ဥပဒေကြော်ငြာ

စာမျက်နှာ (၄) မှ

တည်ရှိစေသည့် နယ်ပယ်ဒေသများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် စီစဉ်ဖော်ထုတ် သတ်မှတ်ခြင်း၊ ကော်မတီက စီမံခန့်ခွဲခြင်း သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက စီမံခန့်ခွဲစေခြင်း၊

(န) နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊

အခန်း(၅)

အခွန်စည်းကြပ်ကောက်ခံခြင်း

၁၂။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည်-

(က) အဆောက်အအုံနှင့် မြေခွန်၊

(ခ) ရေခွန်၊ မီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ နေအိမ်တွင် အလှမွေးသည့် တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ နေပြည်တော်အတွင်း ဝင်ရောက်ဖြတ်သန်းသွားလာရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေအရ ခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၃။ ကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည်-

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ ၁၀ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ရေခွန်၊ မီးခွန်၊အမှိုက်နှင့် အညစ်အကြေးခွန်စသည့် ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင်ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့် မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့်မြေမှ ဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်။

၁၄။ ကော်မတီသည်ပစ္စည်းခွန်များ စည်းကြပ်ကောက်ခံရန်အဆောက်အအုံနှင့် မြေ၏ နှစ်စဉ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၅။ ကော်မတီသည် အောက်ပါတို့အပေါ် နိုင်ငံခြားသုံးငွေဖြင့် ပစ္စည်းခွန်များ စည်းကြပ်ကောက်ခံနိုင်သည်-

(က) နိုင်ငံခြားသုံးငွေဖြင့် ငှားရမ်းခရယူ၍ အငှားချထားသော လူနေအိမ်ခန်း၊ မြေနှင့်အဆောက်အအုံများ၊

(ခ) နိုင်ငံခြားသုံးငွေဖြင့် အခန်းခ၊ ဝန်ဆောင်ခရယူလျက်ရှိသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာ စသည့်အလားတူအဆောက်အအုံများနှင့် မြေများ၊

(ဂ) ရာခိုင်နှုန်းပြည့် နိုင်ငံခြားသုံးငွေ ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများနှင့် သက်ဆိုင်သည့် မြေနှင့် အဆောက်အအုံများ၊

(ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်သည့်လုပ်ငန်းများအတွက် အသုံးပြုသည့် မြေနှင့်အဆောက်အအုံများ။

၁၆။ ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခများ၊ ကော်မတီပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၇။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊လျော်ပစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသောအခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း၊ လျော်ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၁၈။ ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူသည် အခွန်ကြွေးကျန်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

အခန်း(၆)

စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၁၉။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားဆောင်ရွက်နိုင်သည်-

(က) နေပြည်တော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်၊ရပ်ကွက်၊လမ်း သို့မဟုတ် နယ်မြေဒေသသတ်မှတ်၍ ဆောက်လုပ်ရမည့် သို့မဟုတ် မဆောက်လုပ်ရမည့် အဆောက်အအုံအမျိုးအစား၊ ပုံစံ၊အထပ်၊ အနိမ့်၊ အမြင့်၊ ဆေးရောင်တို့ကို သတ်မှတ်ထားရှိနိုင်သည်။

(ခ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာမှုအတွက် ဒဏ်ကြေးငွေတပ်ရိုက်ပြီး ဖြိုဖျက်ခြင်း၊ ဆောင်ရွက်ခကုန်ကျစရိတ်ကို သက်ဆိုင်သူက ကျခံစေခြင်း။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်များအပေါ်တွင် အဆောက်အအုံ ဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ၊ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာမှုအတွက် ဒဏ်ကြေးငွေတပ်ရိုက်ပြီး ဖယ်ရှားခြင်း၊ ဆောင်ရွက်ခကုန်ကျစရိတ်ကို သက်ဆိုင်သူက ကျခံစေခြင်း၊

(ဃ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာမှုအတွက် ဒဏ်ကြေးငွေတပ်ရိုက်ပြီး ဖျက်သိမ်းဖယ်ရှားခြင်း၊ ဆောင်ရွက်ခ ကုန်ကျစရိတ်ကို သက်ဆိုင်သူကကျခံစေခြင်း၊

(င) အန္တရာယ်ရှိနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံအစိတ်အပိုင်းကို ဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားခြင်း၊ ကော်မတီ၏ ညွှန်ကြားချက်ကို လိုက်နာရန် နှောင့်နှေးကြန့်ကြာနေပါက ကော်မတီ၏အစီအစဉ်ဖြင့် ဖြိုဖျက်ပြီး ကုန်ကျစရိတ်ကို အဆောက်အအုံပိုင်ရှင်က ကျခံစေခြင်း၊

(စ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး၊ ထုံး သို့မဟုတ် ရေနံသုတ်စေခြင်း၊

(ဆ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း၊ ဝင်းခြံကို နေပြည်တော်၏ အင်္ဂါရပ်နှင့် အညီဖြစ်စေရန် ပြင်ဆင်တည်ဆောက်စေခြင်း၊

(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်း၊ သပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ထွက်ပေါ်လာသည့် အမှိုက်သရိုက်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း။

၂၀။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) မြို့တွင်းလမ်းဟောင်းများ၏ ကျဉ်းမြောင်းသည့် အခြေအနေအရလည်းကောင်း၊ နေပြည်တော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ မြေအောက် သို့မဟုတ် မြေပေါ်ရေမြောင်းဖောက်လုပ်မှုလုပ်ငန်းရပ်တွင် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင်တို့ ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်တို့တွင် ပါဝင်ဆောင်ရွက်စေခြင်း၊

(ခ) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို အန္တရာယ်မရှိစေရန်နှင့် ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ဂ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့်သက်ဆိုင်သော လမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းစသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံတို့မှ ထွက်ရှိသည့် ရေဆိုးများကို လမ်းဘေးရေမြောင်း၊ မြစ် ချောင်းအင်းအိုင်တို့သို့ စီးဝင်စေခြင်းမရှိစေဘဲ မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှု မရှိစေရန် မိမိပိုင်ခြံဝင်းအတွင်း၌ ရေဆိုးစုကန်အား ကွန်ကရစ်ဖြင့် တည်ဆောက်၍ ရေဆိုးများအား စုစည်းထားရှိပြီး ရေပုပ်စုပ်ယာဉ် သို့မဟုတ် အလားတူယာဉ်ဖြင့် စုပ်ယူ၍ ကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်နေရာတွင် စွန့်ပစ်စေခြင်း သို့မဟုတ် ရေဆိုးများကို သန့်စင်၍ ကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး လမ်းဘေးရေမြောင်း၊ မြစ်ချောင်းများသို့ စွန့်ထုတ်ခြင်း၊

(စ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့မှ ရေကောင်းမွန်စွာ ထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊

(ဆ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊

(ဇ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲ ဖြစ်စေ၊ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဈ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကို ဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ည) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း။

၂၁။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်နှင့် နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်အိတ်၊ အမှိုက်ပုံး၊ အမှိုက်ကန် စသည်များ စီမံထားရှိစေခြင်း၊

(ခ) အမှိုက်ကို သတ်မှတ်ထားသည့် အမျိုးအစားအလိုက် ခွဲခြားသိမ်းဆည်း စွန့်ပစ်နိုင်ရန် စီစဉ်ထားရှိစေခြင်း၊

(ဂ) ကျန်းမာရေးနှင့် မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့် သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေသုံးစွဲနေမှုတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဃ) ပြည်တွင်းခရီးသည်များသာတည်းခိုသော ဧည့်ရိပ်သာ၊ တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(င) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန်၊ မီးဘေးလုံခြုံရေးရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကြိုတင်ကာကွယ်နိုင်စေရန် ဆောင်ရွက်ပေးခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲ နေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

၂၂။ ကော်မတီသည် အသုံးပြုရန် မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ပြုနိုင်သည်-

(က) သုသာန်မြေကို ဆက်လက် အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

၂၃။ ပြောင်းရွှေ့ဖျက်သိမ်းလိုက်သည့် သုသာန်ဟောင်းနေရာကို နေပြည်တော်စည်ပင်သာယာရေးလုပ်ငန်းများအတွက် ကော်မတီက သင့်လျော်သလို အသုံးပြုနိုင်သည်။

အခန်း(၇)

အနေးယာဉ်များ စီမံခန့်ခွဲခြင်း

၂၄။ ကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ သတ်မှတ်ခြင်း၊

(ခ) အနေးယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်းလိုင်စင် သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အနေးယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အနေးယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အနေးယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၅။ ကော်မတီက ထုတ်ပေးသော အနေးယာဉ်လိုင်စင်ရရှိသူသာ အနေးယာဉ် တည်ထောင်လုပ်ပိုင်ခွင့်ရှိပြီး ကော်မတီက ထုတ်ပေးသော အနေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေးယာဉ်မောင်းခွင့်ရှိသည်။

၂၆။ အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း(၈)

ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၇။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကူးတို့လုပ်ငန်းကြီးကြပ်သူနှင့် အုပ်ချုပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း သို့မဟုတ် လုပ်ကိုင်ခွင့်ပြုခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်း လိုင်စင်များကို ပြန်လည်လေလံတင်ရောင်းချခြင်း၊

(ဆ) ကူးတို့လုပ်ငန်းကြီးကြပ်အုပ်ချုပ်ခြင်း၊

(ဇ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ည) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဋ) တာဝန်ဖြင့် ခရီးသွားလာသော တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကင်းလွတ်ခွင့်ပြုခြင်း၊

(ဌ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၂၈။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၂၉။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကော်မတီက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၀။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာနှင့်စပ်လျဉ်း၍လည်းကောင်း ကော်မတီက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၁။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့အကြား တည်ရှိသည့် ကူးတို့လုပ်ငန်းတို့အတွက် ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ လိုအပ်ပါက နေပြည်တော်ကောင်စီမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ဆုံးဖြတ်နိုင်သည်။

၃၂။ ကော်မတီသည် ကူးတို့လုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို သင့်လျော်သည့် ဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၃။ ကူးတို့လုပ်ငန်းဆိုင်ရာ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာနမှူး၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီထံ တင်ပြအယူခံဝင်နိုင်သည်။

၃၄။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၉)

တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃၅။ ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ ကော်မတီပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

စာမျက်နှာ (၆) သို့

18-3-2013 (F).pmd 1 3/16/2013, 10:51 PM

ဥပဒေကြမ်း

စာမျက်နှာ (၈) မှ

၃၆။ ကော်မတီသည် မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၃၇။ ကော်မတီသည် ကျွဲ၊ နွား၊ တိရစ္ဆာန်သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံးကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၈။ ကော်မတီသည် တိရစ္ဆာန်သတ်ဖြတ်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၃၉။ ပုဒ်မ ၃၅ သို့မဟုတ် ၃၆ အရ ခွင့်ပြုချက်ရရှိသူသာလျှင်-

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့် သားရေကို လက်ဝယ်ထားခြင်းပြုနိုင်သည်။

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းပြုနိုင်သည်။

အခန်း (၁၀)
ကြီးကြပ်ခြင်း

၄၀။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရုံးအကြီးအမှူး သို့မဟုတ် ဌာနမှူး သို့မဟုတ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၁။ ရုံးအကြီးအမှူးသည် ဌာနမှူးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး ကော်မတီသို့ တင်ပြရမည်။

၄၂။ ရုံးအကြီးအမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၃။ ဌာနမှူးသည် မိမိဌာနနှင့် သက်ဆိုင်သည့် စည်ပင်သာယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ရေးဆွဲတင်ပြလာသော နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကိုစိစစ်၍ လည်းကောင်း၊ မိမိဌာနအတွက် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို ရေးဆွဲ၍လည်းကောင်း ရုံးအကြီးအမှူးထံ တင်ပြခြင်း၊

(ခ) ရသုံးမှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ရုံးအကြီးအမှူးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများ စစ်ဆေးတွေ့ရှိချက်ကို ရုံးအကြီးအမှူးထံ တင်ပြခြင်း၊ မိမိဌာနက တာဝန်ခံဆောင်ရွက်သည့်လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို ကော်မတီက တာဝန်ပေးအပ်သူ၏ စစ်ဆေးချက်ကိုခံယူခြင်း၊

(င) ဥပဒေနှင့် မညီညွတ်သော မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက်၊ ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ရုံးအကြီးအမှူးထံ တင်ပြခြင်း။

အခန်း(၁၁)
အယူခံဝင်ခြင်း

၄၄။ ပုဒ်မ ၁၄၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)၊ (ဃ)၊ (ဆ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ဃ)၊ (စ)၊ (ဈ)၊ (ည)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ)၊ (စ)၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)တို့အရ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သို့မဟုတ် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာဌာနမှူးထံ အယူခံဝင်နိုင်သည်။

၄၅။ ပုဒ်မ ၄၄ အရ သက်ဆိုင်ရာဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ရုံးအကြီးအမှူးထံ အယူခံဝင်နိုင်သည်။

၄၆။ အယူခံမှုနှင့်စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

(ခ) ရုံးအကြီးအမှူးသည် အယူခံမှုများကို ကော်မတီသို့တင်ပြ၍ သဘောတူညီချက်ရယူဆုံးဖြတ်ရမည်။

(ဂ) ရုံးအကြီးအမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၂)
ဘဏ္ဍာရေး

၄၇။ ကော်မတီသည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ လိုအပ်ပါက ဖြည့်ဆည်းလိုသော ရန်ပုံငွေအတွက် ပြည်ထောင်စုအစိုးရထံမှ အထောက်အပံ့ရယူနိုင်သည်။

၄၈။ ကော်မတီသည် ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများကို မိမိရန်ပုံငွေစာရင်းသို့ ထည့်သွင်းနိုင်သည်။

၄၉။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ ထို့ပြင် မိမိ၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

၅၀။ ကော်မတီသည် ရန်ပုံငွေကိုတိုးပွားစေရန် တည်ဆဲဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၅၁။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်သည်။

၅၂။ ကော်မတီသည်-

(က) ရုံးအကြီးအမှူးကရေးဆွဲတင်ပြလာသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး နိုင်ငံတော်သမ္မတထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထို့ပြင်ပြည်ထောင်စုအစိုးရထံမှ အထောက်အပံ့ရယူရန် လိုအပ်သော ရန်ပုံငွေအတွက် နေပြည်တော်ကောင်စီမှတစ်ဆင့် ပြည်ထောင်စုအစိုးရထံ တင်ပြရမည်။

(ခ) ကော်မတီသည် ရသုံးမှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ လေးလတစ်ကြိမ် နိုင်ငံတော်သမ္မတထံ တင်ပြအတည်ပြုချက်ရယူရမည်။

(ဂ) နှစ်စဉ် မိမိဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

အခန်း(၁၃)
ဝန်ထမ်းဖွဲ့စည်းပုံ

၅၃။ ကော်မတီသည် လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၅၄။ ကော်မတီသည် ပုဒ်မ ၅၃ အရ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲထားရှိရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါ ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံတွင် ထည့်သွင်းနိုင်သည်-

(က) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သောဝန်ထမ်းများ၊

(ခ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်ကိုဆောင်ရွက်သော ဝန်ထမ်းများ၊

(ဂ) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေးရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ။

၅၅။ ကော်မတီသည်-

(က) တည်ဆဲစည်းမျဉ်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားပိုင်ခွင့်ရှိသည်။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူပြီး စည်ပင်သာယာဝန်ထမ်းအဖြစ် ခန့်ထားနိုင်သည်။

၅၆။ ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ကော်မတီသည်ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ရုံးအကြီးအမှူးအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၁၄)
ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၅၇။ ကော်မတီသည် ရုံးအကြီးအမှူးက စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

၅၈။ ရုံးအကြီးအမှူးသည်-

(က) ကော်မတီက သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းများပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း(၁၅)
တားမြစ်ချက်များ

၅၉။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင်ဖြစ်စေ၊ အရန်မြေ၊ ကော်မတီပိုင်မြေ၊ ကော်မတီက စီမံခန့်ခွဲသောမြေတွင်ဖြစ်စေ ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ချိတ်ဆွဲခြင်း၊ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း၊ စုပုံထားခြင်းမပြုရ။

၆၀။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ။

(ခ) လမ်းနယ်မြေတွင် ယာဉ်များမောင်းနှင်သွားလာခြင်း၊ ထားရှိခြင်းနှင့်သတ်မှတ်ထားသော တိရစ္ဆာန်များ မောင်းနှင်သွားလာခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်းမပြုရ။

(ဂ) လမ်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း၊ ပိတ်ဆို့၍ စားပွဲ၊ ခုံ တန်းလျား၊ သေတ္တာ၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ။

(ဃ) အမှိုက်၊ မိလ္လာအညစ်အကြေးစသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ။

(င) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်း သို့မဟုတ် လူသွားစင်္ကြံလမ်း ဖောက်လုပ်ခြင်း မပြုရ။

(စ) လမ်းမြေကို တူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း၊ မြေအနေအထား ပြောင်းလဲစေခြင်း၊ လမ်းထက်မြင့်သော ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းထက်မြင့်သော မြောင်းကျော်တံတား၊ ခုံးကျော်တံတားတည်ဆောက်ခြင်းမပြုရ။

(ဆ) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ။

၆၁။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံတစ်ခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းမပြုရ။

(ခ) ကော်မတီပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကို ရယူသုံးစွဲခြင်းမပြုရ။

(ဂ) ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်၊ ရေကူးကန်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(င) အရိပ်ရနှစ်ရှည်ပင်ကြီးများနှင့် သစ်ပင်၊ ပန်းပင်များအား ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ မြက်ခင်းများကို ဖျက်ဆီးခြင်းမပြုရ။

၆၂။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ။

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ။

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရ။

၆၃။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ပြည်တွင်းဧည့်သည်များအတွက် တည်းခိုခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) ကိုယ်ပိုင်ကျောင်းများ၏ ဘော်ဒါဆောင်မှအပ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ဂ) အစားအသောက်ဆိုင်ရာလုပ်ငန်းများနှင့် လမ်းဘေးဈေးဆိုင်များ ဖွင့်လှစ်ခြင်း မပြုရ။

(ဃ) ပေါင်မုန့်၊ မုန့်မျိုးစုံလုပ်ငန်း၊ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၄။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ်ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင်-

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကိုလုပ်ကိုင်ခြင်းမပြုရ။

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ။

၆၅။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) သတ်မှတ်ထားသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရ။

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၆။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ်ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်း၊အမိန့်များနှင့်ဖြစ်စေညီညွတ်မှုမရှိလျှင်-

(က) ကိုယ်ပိုင်ဈေး၊ အဆင့်မြင့်ဈေးတို့ကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားနေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ။

(ခ) မမှန်ကန်သည့် အလေးချိန်ခွင်၊အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ။

(ဂ) ကော်မတီပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ။

(ဃ) ကျွဲ၊နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ရောင်းချခြင်းမပြုရ။

(င) ရေခဲနှင့်အချိုရည်စက်ရုံများ၊ ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၆၇။ မည်သူမျှ နေပြည်တော်စည်ပင်သာယာနယ်နိမိတ်အတွင်း-

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန်ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော ကော်မတီဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းနှင့်ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

အခန်း (၁၆)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၆၈။ (က) အောက်တွင် ဖော်ပြထားသည့် ပုဒ်မ၊ ပုဒ်မခွဲတို့အရ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်တို့နှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် အမိန့်များကိုဖြစ်စေ ပထမအကြိမ် လိုက်နာရန် ပျက်ကွက်သူ၊ ဖောက်ဖျက်ကျူးလွန်သူသည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကိုခံရမည်-

ပုဒ်မ ၁၉ ပုဒ်မခွဲ (စ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (က)၊ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၃၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၀ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ ပုဒ်မ ၆၁ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၆၅ ပုဒ်မခွဲ (က)၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊

(ခ) ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူသည် ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ ထိ ချမှတ်နိုင်သည်။

(ဂ) ပြစ်မှုကျူးလွန်သူသည် ဤဥပဒေအရ ထုတ်ပေးသော လိုင်စင်ရရှိသူ၊ မှတ်ပုံတင်လက်မှတ်ရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက အောက်ပါ အရေးယူမှုတစ်ရပ်ရပ် ချမှတ်ခြင်းကိုလည်းခံရမည်-

(၁) သတိပေးခြင်း၊

(၂) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(၃) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၆၉။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အရ ချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

စာမျက်နှာ (၉) သို့

ဥပဒေကြော်ငြာ

စာမျက်နှာ (ဆ) မှ

အခန်း(၁၇)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၀။ (က) မည်သူမဆို ဤဥပဒေ၏ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လျှင် ကော်မတီ၏ရဲတပ်ဖွဲ့က မေးမြန်းသည့်အခါ မိမိ၏ အမည်၊ နေရပ်များကို ထုတ်ဖော်၍ မပြောဆိုလျှင်ဖြစ်စေ၊ ပြောဆိုသော်လည်းမမှန်ကန်ဟုထင်မြင်ရန် အကြောင်းရှိသည့် အမည်၊ နေရပ်များကို ပြောဆိုလျှင်ဖြစ်စေ ထိုသူအား ဖမ်းဆီး၍ သက်ဆိုင်ရာတရားရုံးသို့ အပ်နှံနိုင်သည်။

(ခ) ထိုသို့ ဖမ်းဆီးခံရသူကို သက်ဆိုင်ရာတရားသူကြီး၏ အမိန့်မရဘဲ သက်ဆိုင်ရာ တရားရုံးသို့အပ်နှံရန် ၎င်းကိုဖမ်းဆီးသည့်အချိန်မှ ၂၄ နာရီထက် မကျော်လွန်စေဘဲ ထိန်းသိမ်းထားနိုင်သည်၊ အကယ်၍ တရားရုံးပိတ်ရက်များနှင့် တိုက်ဆိုင်နေပါက ဖမ်းဆီးခြင်းခံရသူအား ချိန်းဆိုသည့်နေ့တွင် သက်ဆိုင်ရာ တရားရုံးသို့ လာရောက်ရန် ကိုယ်တိုင်ခံဝန် သို့မဟုတ် အခြားသင့်လျော်သော ခံဝန်ဖြင့် အာမခံပေးနိုင်သည်။

၇၁။ ဤဥပဒေအရ စွဲဆိုသောအမှုများကို ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၇၂။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည်။ ထို့ပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်း တစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၇၃။ မည်သူမဆို အထက်ပါပြဋ္ဌာန်းချက်မှအပ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ (က) ပုဒ်မ ၇၃ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါနည်းဥပဒေ တစ်ရပ်ရပ်ကိုဖြစ်စေ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

(ခ) အကယ်၍ နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်မှုသည် အဆောက်အအုံ တစ်စုံတစ်ရာကို ကျူးကျော်ဆောက်လုပ်သည့် ပြစ်မှုဖြစ်ပါက ကျူးကျော်အဆောက်အအုံကို ပြစ်မှုကျူးလွန်သူက ခုနစ်ရက်အတွက် ကိုယ်တိုင်ဖျက်သိမ်းဖယ်ရှားစေရန်နှင့် ယင်းသို့ ပြစ်မှုကျူးလွန်သူက သတ်မှတ်ချိန်အတွင်း ဖျက်သိမ်းဖယ်ရှားခြင်း မပြုပါက ကော်မတီ အစီအစဉ်ဖြင့် ဖျက်သိမ်းဖယ်ရှားစေရန် အမိန့်ချမှတ်ရမည်။

၇၅။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ (က) ပုဒ်မ ၇၅ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါတားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ်ကျပ်ငါးသောင်း အထိ ချမှတ်ရမည်။

(ခ) အကယ်၍ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်မှုသည် အဆောက်အအုံတစ်စုံတစ်ရာကို ကျူးကျော်ဆောက်လုပ်သည့် ပြစ်မှု ဖြစ်ပါက ကျူးကျော်အဆောက်အအုံကို ပြစ်မှုကျူးလွန်သူက သုံးရက် အတွင်း ကိုယ်တိုင်ဖျက်သိမ်းဖယ်ရှားစေရန်နှင့် ယင်းသို့ ပြစ်မှုကျူးလွန် သူက သတ်မှတ်ချိန်အတွင်း ဖျက်သိမ်းဖယ်ရှားမှု မပြုပါက ကော်မတီ အစီအစဉ်ဖြင့် ဖျက်သိမ်းဖယ်ရှားစေရန် အမိန့်ချမှတ်ရမည်။

အခန်း(၁၈)
အထွေထွေ

၇၇။ အများပြည်သူနှင့် ဝန်ထမ်းများသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုထိန်းသိမ်းရန် တာဝန်ရှိသည့်အလျောက် ကော်မတီက ထုတ်ပြန်ထားသည့် အမိန့်၊ စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၇၈။ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို ကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၇၉။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရာတွင် မူဝါဒသဘောပါရှိသော လုပ်ငန်းများကိုလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီမံကိန်းများကိုလည်းကောင်း နိုင်ငံတော်သမ္မတ၏ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရမည်။

၈၀။ ကော်မတီသည် မိမိပိုင်မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို နိုင်ငံတော်သို့ လွှဲပြောင်းပေးရသည့်အတွက် သင့်တင့်မျှတသော တန်ဖိုးရရှိခြင်းမရှိပါက တာဝန်ရှိသည့်ဌာနနှင့် အဖွဲ့အစည်းများအား တရားစွဲဆို၍တောင်းခံနိုင်ခွင့်ရှိသည်။

၈၁။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းကမ်းများနှင့်အမိန့် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုသည့် စည်ပင်သာယာမှုခင်းများကို မြန်မြန်ဆန်ဆန် စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း သင့်လျော်သည့်နေရာများတွင် တရားရုံးနှင့် ဥပဒေရုံးများဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

၈၂။ ပုဒ်မ ၆၈ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၈၃။ ကော်မတီသည် စည်ပင်သာယာလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နေပြည်တော်စည်ပင်သာယာရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၄/၂၀၀၉)နှင့် စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေ၏ ရည်ရွယ်ချက်သဘောထားများနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၈၄။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယခင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် ရန်ပုံငွေများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဆက်ခံရမည်။

၈၅။ (က) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများချုပ်ဆိုရာတွင် အခွန်တံဆိပ်ခေါင်းထမ်းဆောင်ရမည့်ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ ထမ်းဆောင်ရမည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးအပြင် သတ်မှတ်သည့်ရာခိုင်နှုန်းကို တိုးမြှင့်ထမ်းဆောင်ရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရ တိုးမြှင့်ထမ်းဆောင်သည့် အခွန်တံဆိပ်ခေါင်း တန်ဖိုးကို လွှဲပြောင်းရယူရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၈၆။ ကော်မတီသည် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ သတ်မှတ်ခွင့်ပြုသော ဝင်ငွေများကို ကော်မတီ၏ ရန်ပုံငွေစာရင်းသို့ ထည့်သွင်းနိုင်သည်။

၈၇။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာနတစ်ခုခုကိုဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၈၈။ ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၈၉။ ကော်မတီသို့မဟုတ် ကော်မတီ၏ ဝန်ထမ်းသည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်စသည်တို့နှင့်အညီ မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သဘောရိုးဖြင့် ကျင့်သုံးဆောင်ရွက်ခြင်းအတွက် ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခံရခြင်းမရှိစေရ။

၉၀။ (က) ကော်မတီ သို့မဟုတ် ကော်မတီ၏ ဝန်ထမ်းသည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်အရ ဆောင်ရွက်ရန် ကြံရွယ်၍ ပြုလုပ်မှု တစ်စုံတစ်ရာသည် ပေါ့တန်သောဆောင်ရွက်မှု သို့မဟုတ် မှားယွင်းဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုဖြစ်သည့်အတွက် မိမိတွင် ဆုံးရှုံးနစ်နာမှုရှိသည်ဟု ယူဆပါက ယင်းပြုမူဆောင်ရွက်မှုအား ပြန်လည်စိစစ်သုံးသပ်ပြီး မိမိ၏ ဆုံးရှုံးနစ်နာမှုကို ဖြည့်ဆည်းပေးရန် ကော်မတီသို့ စာဖြင့် တင်ပြနိုင်သည်။

(ခ) ထိုသို့တင်ပြခြင်းသည် တင်ပြသည့်ဆောင်ရွက်မှု ပြုလုပ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တင်ပြခြင်းဖြစ်ရမည်။

(ဂ) ကော်မတီသည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို ပုဒ်မခွဲ(ခ)အရ ကန့်သတ်ထားသည့်ရက်အတွင်း လက်ခံရရှိပါက ထိုတင်ပြချက်အား စနစ်တကျပြန်လည်စိစစ်သုံးသပ်ပြီး တင်ပြချက်သည်မှန်ကန်ပါက တင်ပြသူ အမှန်တကယ်ဆုံးရှုံးနစ်နာသည့်ငွေကြေးကို ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကော်မတီ၏ရန်ပုံငွေမှ ကျခံထုတ်ပေးရသည်။

၉၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) မြို့တော်ဝန် သို့မဟုတ် ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၂။ ဤဥပဒေဖြင့် ရုပ်သိမ်းမည့် နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းထားသော နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် ဤဥပဒေအရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၉၃။ နေပြည်တော်စည်ပင်သာယာရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၀၉)အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (၄၉)ကြိမ်မြောက် ဓာတ်ပုံပြိုင်ပွဲ ပြပွဲ ဆုပေးပွဲကျင်းပမည်

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာပြည်တစ်ဝန်းမှ ဓာတ်ပုံပညာ အနုပညာသည်များအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ဓာတ်ပုံအနုပညာအမြင်ချင်း အပြန်အလှန်ဖလှယ်နိုင်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှကြီးမှူးကာ ဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲနှင့် ဆုပေးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

ယခုနှစ်၏ (၄၉)ကြိမ်မြောက် အဖြစ် ပြပွဲ၊ ပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို မတ် ၁၈၊ ၁၉၊ ၂၀ ရက်များတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်(ပတ္တမြားခန်းမ)၌ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ပြပွဲတွင် ရှုခင်းစဖွယ်(အဖြူအမည်း)ကဏ္ဍ၊ ရှုခင်းစဖွယ် (ဆေးရောင်စုံ)ကဏ္ဍ၊ လူပုံကဏ္ဍ၊ ဒီဂျစ်တယ်ကဏ္ဍနှင့် လူနှင့်ပတ်ဝန်းကျင်ကဏ္ဍအလိုက် ဆုရဓာတ်ပုံများ၊ သုံးလပတ် ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံများ၊ လစဉ်သင်တန်းသားများ၏ Outdoor နှင့် Model ပြိုင်ပွဲဓာတ်ပုံများကိုပါ ပြသထားမည်ဖြစ်သည်။ ထို့အပြင် ဓာတ်ပုံပညာရှင်များ၊ ရုပ်ရှင်ပညာရှင်များက ဓာတ်ပုံအနုပညာရပ်ဆိုင်ရာများကို ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ရာ မတ် ၁၈ ရက် နံနက်တွင် ဦးဖေမြင့်ဦးက (Knowledge Shareng)၊ မွန်းလွဲပိုင်းတွင် ဦးကျော်ကျော်ဝင်းက (Photo Essays) ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ ၁၉ ရက် နံနက်ပိုင်းတွင် ဒါရိုက်တာ ပန်းချီ စိုးမိုးက (The Art of Photograpy)၊ မွန်းလွဲပိုင်းတွင် အေဝမ်းသိန်းထွန်းက(ရုပ်ရှင်ဓာတ်ပုံပညာအကြောင်း) ခေါင်းစဉ်ဖြင့်လည်းကောင်း မတ် ၂၀ ရက် နံနက်ပိုင်းတွင် ဦးကျော်ဝင်း-လှဂုဏ်ရည်က ဓာတ်ပုံပညာရှင်ကြီးများ ကြိုးပမ်းခဲ့သော (GRAIN)၊ မွန်းလွဲပိုင်းတွင် ဦးထိန်ဝင်းက (Photo Copyrisht) ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

လူနှင့် ပတ်ဝန်းကျင်ကဏ္ဍ၌ မြင့်အောင် (စက်မှုဆေးဝါး)၏ ဆုရဓာတ်ပုံကိုတွေ့ရစဉ်။

ဖြူး မတ် ၁၇

ဖြူးမြို့နယ် ဆန်ဈေးကွက်ဈေးနှုန်းတက်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် လယ်ယာထွက်ကုန် အများဆုံးစိုက်ပျိုး ထုတ်လုပ်သည့် မြို့နယ်တစ်ခုဖြစ်သည်။

၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီတွင် မိုးစပါး ၁၅၄၃၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဈေးကွက်ဝင် မတ်ပဲ ၉၉၁၄၃ ဧက စိုက်ပျိုးခဲ့ကြသဖြင့် တစ်မြို့လုံး ပျမ်းမျှ မိုးစပါးအထွက်နှုန်းတင်းပေါင်း ၄၆ ပေါင်ကိုက် ကိုးသန်း နှစ်သိန်းကျော်နှင့် မတ်ပဲပိဿာ ၂၀ ဝင် ပျမ်းမျှတင်းပေါင်း ခြောက်သိန်း ကိုးသောင်းကျော်ခန့် ထွက် ရှိခဲ့သည်။

ဖြူးမြို့နယ်တွင် မိုးစပါးများကို နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် စပါးများကို ရိတ်သိမ်းကြပြီး စပါးများ လှိုင်လှိုင်ပေါချိန် ဆန်ဈေးမှာ တက်ရိပ်မရှိဘဲ အကျဘက်ကိုသာ ဦးတည်ခဲ့ပြီး ယခုမတ်လထဲတွင် လယ်သမားများ၏လက်ထဲ၌ စပါးလက်ကျန် အလွန်နည်းပါးသည့်အချိန်ကျမှသာ ဆန်ဈေးမှာ တရိပ်ရိပ်တက်လျက် ဧမထအုပ်စုဝင်ဆင်းသုခ၊ ပျော့ထွန်းဆန်ပိဿာသုံးဆယ်ဝင်တစ်တင်းခွဲ၊ (တစ်အိတ်) ကျပ်တစ်သောင်းခွဲမှ ကျပ်တစ်သောင်းငါးထောင်ငါးရာ၊ ယခင် ဖေဖော်ဝါရီလတွင် ကျပ်တစ်သောင်းနှစ်ထောင်မနောထွန်း ဆန်တစ်တင်းခွဲအိတ်(တစ်အိတ်) တစ်သောင်းသုံးထောင်ငါးရာမှ တစ်သောင်းလေးထောင်၊ ယခင် ဖေဖော်ဝါရီလတွင် ကျပ်တစ်သောင်း တစ်ထောင်ဝန်းကျင် သုခ(၂) တစ်တင်းခွဲအိတ်(တစ်အိတ်) ကျပ်တစ်သောင်းခွဲ၊ ယခင် ဖေဖော်ဝါရီလတွင် ကျပ်တစ်သောင်းနှစ်ထောင်ဝန်းကျင်ရှိခဲ့ပြီး ဆန်ချောတောင်ပြန် တစ်တင်းခွဲ (တစ်အိတ်) ကျပ်နှစ်သောင်းနှစ်ထောင်၊ ဘေးကြားဆန်တစ်တင်းခွဲ(တစ်အိတ်) ကျပ်တစ်သောင်းခြောက်ထောင်မှ တစ်သောင်းခုနစ်ထောင်ကျပ်ဖြင့် ဆန်ပွဲရုံများနှင့် ဆန်စက်များတွင် အရောင်းအဝယ်ဖြစ်နေကြကြောင်း စုံစမ်းသိရှိရသည်။

ဖြူး-မြင့်ဦး

အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးမည်

ရန်ကုန် မတ် ၁၇

အသေးစား၊ အလတ်စားလုပ်ငန်းရှင်များနှင့် လုပ်ငန်းသစ်စတင်လုပ်ကိုင်မည့်သူများအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ အေစီလီဒါ အမ်အက်ဖ်အိုင် မြန်မာကုမ္ပဏီ (ACLEDA MFI Myanmar Co., Ltd.)မှ အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့် စီအီးအိုဖြစ်သည့် Mr.Kim Bunso-cheat က အသေးစား၊ အလတ်စား လုပ်ငန်းရှင်များနှင့် လုပ်ငန်းသစ်လုပ်ကိုင်မည့်သူများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးမှာဖြစ်ကြောင်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းက ပြဋ္ဌာန်းထားသည့်အတိုင်း ငွေချေးပေးပြီး အလွယ်တကူ ငွေချေးလို့ရအောင် မြို့နယ်များမှာ ရုံးခွဲများ မကြာခင်ဖွင့်လှစ်သွားမှာဖြစ်ကြောင်း၊ စီးပွားရေး၊ လူမှုရေး တိုးတက်မြင့်မားရန်အတွက် ရည်ရွယ်ပြီး ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

မင်းနေ

ကြော်ငြာ

ဒေါ်အေးမြင့် (စစ်ပင်ကွင်း-သန်လျင်)
အသက်(၈၃)နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ရွှေဝါလမ်းသွယ်၊ အမှတ် ၂၈နေ (ဦးထွန်းတင်-ဒေါ်သိန်းညွန့်)တို့၏သမီး၊ (ဦးခင်တင့်)-ဒေါ်ညွန့်၊ (ဦးအုန်းရွှေ)-ဒေါ်သန်းသန်း၊ (ဦးခင်အောင်)-ဒေါ်အေးသိန်း၊ဒေါ်လှနွဲ့၊ဒေါ်သန်းနွဲ့တို့၏အစ်မ၊ ဦးဟံအေး (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)-ဒေါ်မြင့်မာ (ကုန်းတန်း၊ မူလွန်)တို့၏မိခင်၊ မနန်းအေးဟံ(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ခန့်သူရိန်ဟံ၊ မသန့်သီရိဟံတို့၏အဘွားသည် ၁၇-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်မှ စစ်ပင်ကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရင် (တမိုက်သာရွာ၊ တောင်သာမြို့)
အသက်(၈၃)နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးမောင်မောင်ချို၏မိခင် ဒေါ်သန်းရင် အသက်(၈၃)နှစ်သည် ၁၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးထွန်းနန္ဒ
ဦးစီးအရာရှိ(စက်မှု)နှင့် စက်မှုဝန်ထမ်းများ
ကွန်းချောင်းရေလွှဲဆည်စီမံကိန်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၃-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၂၀	MRTV -4 သတင်း
၅း၄၀	**သံသရာလည်ပုံထွက်ပုံ တရားတော်** (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၉း၅၀	အထက(၆)ဗိုလ်တထောင် (စိန့်ဝေါလ်)၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၃၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၃)
၂း၀၀	MRTV -4 သတင်း
၃း၀၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၇)
၃း၄၀	ဂီတသရုပ်ပြခန်း (လိမ္မော်သီး)
၅း၁၀	Minute to Win It
၆း၀၀	MRTV -4 သတင်း
၆း၁၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၈)
၇း၀၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love (Season-3) **အချစ်သင်္ကေတ** (အပိုင်း-၁)
၈း၀၀	MRTV -4 သတင်း
၈း၁၅	For Tunes Lyrics Contest
၈း၄၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **လေးညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၅၂)
၉း၃၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၄)
၁၀း၅၀	World of Knowledge (KnightsofMayham;Threat To The Throne)
၂း၄၀	သွေးချင်းတို့ဌာနေ နမ့်ခမ်းမြေ
၃း၀၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၃၅	တောင်ပေါ်သဘာဝနှင့် လက်ဖက်ရွာ
၄း၄၅	ထူးထူးခြားခြား ပဲခူးမြို့မှမြွေဘုရား

Spain Laliga ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
12:30	Osasuna - Atletico Madrid	(Star Sports)

တောင်ပိုင်းစွန်းဒေသများ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ မင်းဘူးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဒေါ်နွယ် (ပုသိမ်)
အသက်(၁၀၀)

ပုသိမ်မြို့နေ (ဦးရှောင်ရွှေ)၏ဇနီး၊ ရန်ကုန်မြို့နေ (ဒေါ်စန်းရီ)၊ ဒေါ်ခင်စန်းဝေ၊ ဒေါ်ရှုချင့်(ခွန်မိန်မြို့)၊ ဝမ်ရှီဖန်(မကာအို)၊ ဝပ်အာအင်း(မကာအို)၊ ဒေါ်စန်းဝင်း၊ (ဦးဝင်းမော်)-ဒေါ်ဘိဝါ၊ ဒေါ်ခင်စန်းအေး၊ ဒေါ်ခင်စန်းဝင်းတို့၏မိခင်၊ ဒေါ်ခင်ချိုပြုံး၊ ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်ထွေး၊ မကျော့ကျော့ခိုင်၊ ကိုအောင်ထွန်း၊ ကိုကျော်သူရ၊ မြေး ၁၄ယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် အမှတ် ၉၁၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးတရုတ်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ အသိမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ငြိမ်း (မော်ဘီမြို့)
အသက်(၈၇)နှစ်

မော်ဘီမြို့၊ မြို့မ(၃)ရပ်ကွက်၊ သရက်တောလမ်းနေ (ဦးဘိုးအောင်-ဒေါ်ငွေရှင်)တို့၏သမီး၊ မော်ဘီဈေးရှေ့၊ အမှတ် ၃၈၃၊ ၃၈၄နေ (ဦးထွန်းခင်)-ဒေါ်ခင်သန်း (ပဒေသာစတိုး)တို့၏အစ်မ၊ ဗိုလ်မှူးကြီးစိုးသိန်း(ငြိမ်း) (ကကယာ)-ဒေါ်ဖြူဖြူဝင်း၊ ဦးဝင်းလှိုင် (ဒုတိယညွှန်ချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) - ဒေါ်မူမူသန်း၊ ဦးသိန်းဇော်(C/E, GEWIN)-ဒေါ်အေးဝင်းသိန်း၊ ဦးဝင်းမော်-ဒေါ်သောင်းရင် (ပဒေသာ အီလက်ထရွန်နစ်)တို့၏အဒေါ်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၆-၃-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပဒေသာစတိုးနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သိန်းကြည် (ပင်လောင်းမြို့)
အသက်(၈၅)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့အနောက်ရပ်၊ အမှတ် န/၂၄၂နေ (ကျောင်းဆရာကြီး ဦးတင်-ဒေါ်အုန်းပွင့်)တို့၏ဒုတိယသမီး၊ (ဒေါ်သိန်းနု-ဦးဘစိန်)တောင်ကြီးမြို့တို့၏ညီမ၊ ဒေါ်ရီရီသိန်း-ဦးခင်မောင်လေး(ခ)ဖိုးသောကြာ (ခေတ်+မိုး)၊ ကျောင်းဆရာမ ဒေါ်သိန်းသီ-ဦးတင်ငွေတို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးကျော်စိုးမြင့်-ဒေါ်သန်းနွဲ့၊ ဒေါ်လှလှဝင်း-ဦးခိုင်ထွန်းအောင်၊ ပင်လောင်းမြို့နေ ဒေါ်လှလှနှင်း-ဦးဖေခင်၊ ဒေါ်လှလှအေး (တွဲဖက်ပါမောက္ခ/ဌာနမှူး၊ ရန်ကုန်သူနာပြုတက္ကသိုလ်)-ပါမောက္ခ ဦးမောင်မောင်(ပါမောက္ခ/ဌာနမှူး၊ ငြိမ်း)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇း၀၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန္ဒာအောင်
ဆသရ(ငွေစာရင်း-ငြိမ်း)
B.Sc (Zoo)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၁၈၁နေ (ဦးငွေအောင်-ဒေါ်မြသန်း)တို့၏သမီး၊ (ဦးအောင်မြင့်)-ဒေါ်သောင်းခင်တို့၏သမီးချွေးမ၊ ဒေါက်တာဇော်မြင့် (အောင်ဇမ္ဗူဆေးခန်း)၏ဇနီး၊ ဒေါက်တာမျိုးနန္ဒအောင်(ခေတ္တဗဟိုဝန်ထမ်း တက္ကသိုလ်၊ ဖောင်ကြီး)၊ မောင်မျိုးဇော်မင်းတို့၏မိခင်သည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဦးသိန်းညွန့် (ပခုက္ကူ)
(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)
အသက်(၇၄)နှစ်

ပခုက္ကူမြို့နေ (ဦးအောင်သန်း-ဒေါ်တင်အေး)တို့၏သား၊ (ဦးတုတ်-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ပခုက္ကူမြို့၊ ကမ္ဘစ်ပြကျေးရွာနေ ဦးစိုးလွင်-ဒေါ်ခင်စန်းဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ဗိုလ်ချုပ် ၃လမ်း၊အမှတ် ၁၃၃၃နေ (ဒေါ်ခင်ပို)၏ခင်ပွန်း၊ ဦးစန်းယုသိန်း-ဒေါ်နီလာမော်၊ဦးမြတ်မိုး၊ဦးစိုင်းအုန်းမြင့်-ဒေါ်နွယ်နွယ်သိန်း၊ ဦးဝင်းမင်းသိန်း (လ/ထ ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန) - ဒေါ်လွင်မာအေးတို့၏ ဖခင်၊ မအိအိမိုး၊ မသဲနုညိမ်း၊ မသဲစုညိမ်း၊ မောင်ရဲခန့်လူ၊ မယွန်းလေပြည်မင်းတို့၏ အဘိုးသည် ၁၆-၃-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) တွင် ဒလမြို့နယ် ခနိတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရီရီငွေ(ခ)ဒေါ်ဖြူတုတ်
ထုံးဘုရင်မ ထုံးလုပ်ငန်း(ဒေးဒရဲ)
အသက်(၅၀)

ဒေးဒရဲမြို့၊ အမှတ် ၄၅၊ ဘုရားလမ်းနေ (ဦးကြည်အေး) - ဒေါ်ခင်စိန်တို့၏သမီး၊ (ဦးထွန်းလွင်)-ဒေါ်ယဉ်စိန်ဖြူတို့၏သမီးချွေးမ၊ ဦးအောင်ဝင်းလွင်၏ဇနီး၊ ဦးဇော်မြင့်-ဒေါ်ကြင်ငွေ၊ဦးကျော်နိုင်-ဒေါ်ခင်စောမာ၊ ဒေါ်စိန်ငွေ (စိန်မေတ္တာ မျက်စိဆေးခန်း)၊ ဦးကျော်စိုး-ဒေါ်ဝင်းနွယ်အောင်တို့၏ညီမ၊ ဦးမြတ်မင်းရွှေ - ဒေါ်ဆွေဇင်မျိုး(ဇော်ဘုရင်)၊ ဦးအောင်ဇော်နိုင် - ဒေါ်နော်မို့မို့အောင် (ကျေးဇူးတော်ဆေးခန်း)၊ဦးကျော်ထက်-ဒေါ်ခိုင်ခိုင်ခန့် (ထုံးဘုရင်-ကျော်ထက်)၊ ဦးမောင်မောင်ဇော် - ဒေါ်နီနီလင်းတို့၏အစ်မ၊ တူ/တူမ ၁၅ယောက်တို့၏အဒေါ်သည် ၁၆-၃-၂၀၁၃ရက် (စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၁၁၂၀၊ မာန်ပြေ ၅လမ်း၊ သာကေတမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည်
(ဦးစိန်စတိုး၊ သိမ်ကြီးဈေး ဘီရုံ)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊အမှတ် ၉၉/၁၀၁၊ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်နေ(ဦးမြန်-ဒေါ်အေးချို)တို့၏သား၊ ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း၊ [ဒေါ်ကြင်စွမ်(ခ)ဒေါ်ခင်စွမ်]၏ဦးလေး၊ (မစန်းစန်းမြင့်)၊ မစန်းစန်းတင့်၊ မဝင်းဝင်းတင်၊ မောင်ကြီးမြင့်၊ မောင်အောင်မြင့်၊ မောင်ကြီးစိန်၊ မောင်အောင်ဝင်းထွဋ်တို့၏ဖခင်သည် ၁၆-၃-၂၀၁၃ရက် နံနက် ၁၁း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်စိန်(ခ)ဦးမျက်ခုံး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ တိုက် ၁၄၅နေ (ကိုအေးသောင်း-မချိုချို)၊ကိုကျော်နိုင်-မစန်းစန်းအေး၊ မောင်ဝင်း(ခ)ကိုဝင်းလှိုင်-(မသန်းသန်းငွေ)၊ ကိုထွန်းထွန်းဝင်း-မမြင့်မြင့်သန်း၊ ကိုမျိုး(ခ)ကိုမျိုးညွန့်-မလွင်လွင်အေးတို့၏ဖခင်၊ မြေး ၁၇ယောက်၊မြစ်သုံးယောက်တို့၏အဘိုး၊ ဒေါ်ခင်ရီ၏ခင်ပွန်းသည် ၁၇-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၃ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးစိုးမောင်
(ပျော်ဘွယ်မြို့နယ်၊ ရှမ်းစုရွာ)
အသက်(၈၀)

ပျော်ဘွယ်မြို့နယ်၊ ရှမ်းစုရွာ၊ မင်္ဂလာဦးဘုရားဒါယကာကြီး (ဦးသက်ရှည်-ဒေါ်လေး)တို့၏မြေး၊ (ဦးတင်-ဒေါ်ငွေညွှန့်)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်စိုးရှင်)၊(ဦးစိန်ဆိုင်-ဒေါ်စိုးရှင်)တို့၏မောင်၊ (ဦးမင်းစိုး)-ဒေါ်ခင်ရီ၊ (ဦးအောင်ကျော်)-ဒေါ်ဝင်းရှိန်တို့၏အစ်ကို၊(ဦးချစ်လှိုင်)-ဒေါ်ထွန်း၊ ဦးလှဦး-ဒေါ်စန်းနွဲ့၊ (ဦးအောင်ကြည်) - ဒေါ်သန်းသန်းငွေ၊ ဒေါ်အေးအေးနွဲ့၊ ဦးငွေဝင်း၊ ဒေါ်ငွေငွေနွဲ့၊ ဒေါ်အေးအေးသိန်းတို့၏ဦးလေး၊ တူ၊တူမ ၂၆ယောက်၊ မြေး ၂၃ယောက်တို့၏အဘိုးသည် ရန်ကုန်မြို့၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၅၁နေအိမ်၌ ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမိုးမင်းလှိုင်(ကိုမိုးကြီး)
Cameraman Supervisor
Up To Date Channel
(Sky Net)
အသက်(၄၂)နှစ်

အမှတ် ၂၃၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ စာရေးဆရာ ပျဉ်းမနားမြင့်လှိုင် - ဒေါ်စမ်းမြင့်မြင့်တို့၏သား၊ မဉမ္မာလှိုင်၏မောင်၊ မန္တလေးမြို့နေ ဦးထွန်းဝေ - ဒေါ်တုတ်တုတ်တို့၏သားသမက်၊မသင်းသင်းဦး၏ခင်ပွန်း၊ မသွန်းရတီလှိုင်၏ဖခင်သည် ၁၇-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)နံနက် ၄း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးနန္ဒိယ (သီတဂူယောဂီ)
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၁၄)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၃၈၀နေ အရာခံဗိုလ်မြသာဒွန်း-ဒေါ်နန်ပုတ်ခမ်း၊ တောင်တွင်းကြီးမြို့နေ (ဦးတင်ဝင်း)-ဒေါ်မာမာအေး၊ ဦးဇော်ဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သဒ္ဓမ္မသီတဂူ မဟာစည်ရိပ်သာတွင် သီတင်းသုံးတော်မူသော ဦးနန္ဒိယ အရှင်သူမြတ်သည် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၆ရက်) ၁၇-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၉-၃-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန လောင်တိုက်မီးပူဇော်ပွဲကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ဒါယကာ၊ ဒါယိကာမများ

ဗိုလ်ကြီးမင်းသိန်း (ငြိမ်း)
(ရေ/၃၃၆၂)၊ မြိတ်မြို့
အသက်(၈၄)နှစ်

မအူပင်မြို့၊ ညောင်ပိုင်းကျေးရွာနေ (ဦးမောင်ဟန်-ဒေါ်ရွှေတယ်)တို့၏သား၊ ဒေါ်သန်းဝါ(ဝါဝါမင်းစာပေ)၏ခင်ပွန်း၊ (ဦးမင်းကိုကို)၊ ဆရာမဒေါ်အေးအေးမင်း (ထ-၁၊ မြိတ်)၊ ဦးစိုးမင်းသိန်း-ဒေါ်အေးနှင်းဖြူ၊ ဦးစိုးမင်းသန်း၊ ဦးညီညီမင်းတို့၏ဖခင်၊ မောင်ခိုင်မြဲမောင်၊ မနွေးနေချိုခိုင်၊ မောင်ကျော်မျိုးဖြူ၊ မမေနှင်းဖြူ၊ မောင်စိုးနှင်းချစ်ဖြူတို့၏အဘိုးသည် ၁၇-၃-၂၀၁၃ရက် နံနက် ၂း၅၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်းမောင်(ခ)ဦးမြင့်သိန်း
အသက်(၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ ဒုံရမ်းကျေးရွာနေ(ဦးဖိုးလှိုင်-ဒေါ်မယ်ရင်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ် ၅၄နေ ဒေါ်စန်းရင်၏ခင်ပွန်း၊ ဦးခင်ငွေ(လက်ထောက်ညွှန်မှူး၊ လဝကဝန်ကြီးရုံး)-ဒေါ်ခင်ခင်ဆွေ(လဝကရုံးချုပ်)၊ ဦးဟန်ငွေ(MJY Co., Ltd.)-ဒေါ်စန်းစန်းတင်၊ ဦးခင်မောင်လတ်(TWJS Co., Ltd.)-ဒေါ်ခင်ဝေပြုံး(MMSE ရုံးချုပ်)၊ ဦးမျိုးသန့်(TWJS Co., Ltd.)-ဒေါ်စန်းစန်းဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၆-၃-၂၀၁၃ရက် (စနေနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးညိုလှဦး (သတင်းစာကိုယ်စားလှယ်)
အသက်(၇၄)နှစ်

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်နေ ဒေါ်မြရီ(မြ သတင်းနှင့်စာနယ်ဇင်း ဖြန့်ချိရေး)၏ခင်ပွန်း၊ ဦးသိန်းရွှေ-ဒေါ်ခင်သန်းနု၊ (ဦးကျော်သိန်း)-ဒေါ်အေးသန်း၊ (ဦးလှရွှေ)-ဒေါ်ခင်သိန်းနု၊ ဦးမောင်သိန်းကျော်-ဒေါ်ခင်သိန်းယဉ်၊ ဦးဖြူသာကျော်-ဒေါ်ခင်သိန်းမေ(အမက၊ ဖိုးသာရွာ)၊ (မောင်နီ)၊ (မောင်အေးသိန်း)၊ မောင်ထွန်းအောင်သိန်း (ရွှေဖခင်မြေ ဆောက်လုပ်ရေးကုမ္ပဏီ)တို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၇-၃-၂၀၁၃ရက် နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစောဟားနေ
(လက်ထောက်အင်ဂျင်နီယာ၊ ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့)
အသက်(၅၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးစောဟားနေသည် ၁၄-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အင်ဂျင်နီယာများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန္ဒာအောင်
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၁၈၁နေ ဒေါက်တာဦးဇော်မြင့် (အောင်ဇမ္ဗူဆေးကုခန်း)၏ဇနီး၊ ဦးသန့်ဇင်-ဒေါ်ချိုချိုမြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းနုကျော်၊ ဦးမြင့်သိန်း-ဒေါ်နီလာအောင် (စက်မှုသီးနှံ၊ တောင်ကြီး)တို့၏ညီမ၊ ဒေါက်တာမောင်မောင်အောင်-ဒေါက်တာမေသက်ဦး(U.S.A)၊ ဦးရဲထွဋ် - ဒေါ်ဝေဝေမြင့်တို့၏အစ်မသည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးသန်း
(စမ်းချောင်း)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၃၂(A)ခေါင်းရင်း၊ ပထမထပ်၊ ဗားဂရာလမ်း၊ စမ်း/မြောက်ရပ်ကွက်နေ (ဦးအေးမောင်)-ဒေါ်လှတင်တို့၏သမီးလတ်၊ ဦးစိုးမြင့်-ဒေါ်ဖြူဖြူဝင်းတို့၏ညီမ၊ ဦးတင်လှိုင်-ဒေါ်လှလှမြင့်တို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၆-၃-၂၀၁၃ရက်(စနေနေ့) ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို မြင်းစီးပြိုင်ပွဲကျင်းပပြီးစီး နိုင်ငံအလိုက်တွင် အင်ဒိုနီးရှားဗိုလ်စွဲ၊ ထိုင်းဒုတိယရ

နေပြည်တော် မတ် ၁၇

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် ကျင်းပခဲ့သော မြင်းစီးပြိုင်ပွဲ နောက်ဆုံးနေ့အဖြစ် မတ် ၁၇ ရက် ညနေ ၄နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြင်းစီးကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ညနေ ၄ နာရီတွင် တစ်ဦးချင်းတန်းခုန် မြင်းစီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စင်ကာပူနိုင်ငံ မြင်းစီးကစားသမား ကလာရီခူးက ပုဂံမင်းသမီးမြင်းဖြင့် ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသွားသည်။ ထိုင်းမြင်းစီးကစားသမား နဂန်ကာမိုလ်စီရီက စိန်ဆင့်မောင်မြင်းဖြင့် ဒုတိယရရှိပြီး ထိုင်းနိုင်ငံကပင် မြင်းစီးကစားသမားဖြစ်သည့် ဆာဂျင်မနာဆွန်ကာတုတ်က ထိပ်ကွက်မြင်းဖြင့် တတိယရရှိသည်။

ယခုကျင်းပသည့် တစ်ဦးချင်း တန်းခုန်ပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယားစသည့် ပြိုင်ပွဲဝင်ခြောက်နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးဦးသောင်းထိုက်တို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ပြိုင်ပွဲများအားလုံး ပြီးစီးသည့်အချိန်တွင် အင်ဒိုနီးရှားက ရွှေနှစ်ခု၊ငွေတစ်ခုဖြင့်ပထမရရှိခဲ့ပြီး ထိုင်းနိုင်ငံက ရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် ဒုတိယရရှိကာ မလေးရှားနိုင်ငံက ရွှေတစ်ခု၊ ကြေးတစ်ခုဖြင့် တတိယရခဲ့သည်။ စင်ကာပူက ရွှေတစ်ခုဖြင့် စတုတ္ထ၊ ကမ္ဘောဒီးယားက ငွေတစ်ခုဖြင့် ပဥ္စမ၊ အိမ်ရှင်မြန်မာက ကြေးတစ်ခုဖြင့် ဆဋ္ဌမအဆင့်တွင် ရပ်တည်ခဲ့ကြောင်း သိရသည်။ **(စိုးညွန့်)**

ထိုင်းနိုင်ငံမှ မြင်းစီးကစားသမား နဂန်ကာမိုလ်စီရီ ဆုယူပြီး အောင်ပွဲခံနေစဉ်။

သူတို့ပြောသည့်အပျော်များ၊ သူတို့ပျော်သည့်အပြောများ

သတင်း-ဖေမြင့်ဦး၊ ဓာတ်ပုံ-စိုးညွန့်

နေပြည်တော် မတ် ၁၇

လာမည့်ဒီဇင်ဘာလတွင် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည်ဖြစ်သည်။ ထိုပြိုင်ပွဲကြီးတွင် အောင်ပွဲဆင်နိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ အသီးသီးတို့မှာ အဘက်ဘက်မှ ကြိုးစားပြင်ဆင်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ ထိုသည်များအနက် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် နိုင်ငံတကာပြိုင်ပွဲတစ်ရပ်ကို မတ် ၁၆၊ ၁၇ ရက်များတွင် ဝဏ္ဏသိဒ္ဓိ မြင်းစီးအားကစားကွင်း၌ ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ မြန်မာအပါအဝင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မတ် ၁၅ ရက် နံနက်ပိုင်းတွင် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပြီး မတ် ၁၆ ရက်တွင် ခရီးရှည်တာဝေးစီးပြိုင်ပွဲ၊

အင်ဒိုနီးရှားမြင်းစီးကစားသမား အဒ်ဟီတာအန်ဒရာနှင့် မီနာယန်အယ်လ်ဖဲရီ။

အသင်းလိုက် အလှစီးပြိုင်ပွဲနှင့် အသင်းလိုက်တန်းခုန်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။ ပြိုင်ပွဲဒုတိယနေ့နှင့် နောက်ဆုံးနေ့ဖြစ်သည့် မတ် ၁၇ ရက်တွင် တစ်ဦးချင်း အလှစီးပြိုင်ပွဲနှင့် တစ်ဦးချင်းတန်းခုန်ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

ပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသည်ဆိုသော်လည်း ကစားသမားများသာလာပြီး မြန်မာနိုင်ငံမှမြင်းများဖြင့် ပြိုင်ရသဖြင့် မြင်းစီးပြိုင်ပွဲမှာ စိတ်ဝင်စားစရာကောင်းခဲ့သည်။ မြင်းနှင့်လူ ရင်းနှီးကျွမ်းဝင်မှု၊ အထာသိမှုတို့ လိုအပ်သောနည်းဖြစ်ရာ ပြည်ပပြိုင်ပွဲဝင်များအတွက် အခက်အခဲတစ်စုံတစ်ရာရှိနိုင်သည်ဟု ယူဆစရာ ဖြစ်ခဲ့သော်လည်း ပထမ၊ ဒုတိယ၊ တတိယဆုများကို ပြိုင်ပွဲဝင် ပြည်ပနိုင်ငံများက အများဆုံး ဆွတ်ခူးသွားကြသဖြင့် မြင်းစီးကစားနည်းမှာ ပို၍ပင် စိတ်ဝင်စားဖွယ်ကောင်းလာသည်။ သို့ဖြစ်ရာ မတ် ၁၇ ရက် နံနက်ပိုင်း သူတို့တွေ အားလပ်သောအချိန်များတွင် သိလိုသည်များကို စပ်စုမေးမြန်းကြည့်မိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❁

မြန်မာနိုင်ငံ၌ ပင်လယ်စာနှင့် ဟင်းသီးဟင်းရွက်ထုတ်ကုန်လုပ်ငန်းများ စင်ကာပူက ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်

သတင်းမှတ်စု-ဝေယံဦး

နေပြည်တော် မတ် ၁၇

ပြည်ပနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများလာသော မြန်မာနိုင်ငံအား နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားမှုများပြားလာလျက်ရှိရာ ကုန်ထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံများ တည်ဆောက်မှုနှင့် သယံဇာတ အရင်းအမြစ်ထွက်ကုန်များ ထုတ်ယူမှုစသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာလျက်ရှိသည့်အပြင် ယခုအခါ စင်ကာပူနိုင်ငံက ပင်လယ်စာနှင့်ဟင်းသီးဟင်းရွက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"စင်ကာပူနိုင်ငံက ပင်လယ်စာနဲ့ ဟင်းသီးဟင်းရွက်ထုတ်ကုန်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားပြီး လေ့လာမှုတွေပြုလုပ်နေတယ်။ သူတို့အနေနဲ့ စင်ကာပူဈေးကွက်ကိုတင်ပို့ဖို့အပြင် ဥရောပဈေးကွက်အထိ တင်ပို့နိုင်ရေးအထိ မျှော်မှန်းလုပ်ကိုင်ဖို့ လေ့လာနေတာ ဖြစ်ပါတယ်" ဟု ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ပင်လယ်စာထုတ်ကုန်များတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ပြည်တွင်းကုမ္ပဏီများ ၂၀ ကျော်ရှိသော်လည်း ထုတ်ကုန်နည်းပညာပိုင်းနှင့် တင်ပို့ကုန်များ အရည်အသွေး ထိန်းသိမ်းမှုအပိုင်းတို့တွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများမီရန် ကြိုးစားနေရဆဲ အနေအထားရှိသည်။ ဟင်းသီးဟင်းရွက်ထုတ်ကုန်များတွင် ငရုတ်၊ ကြက်သွန် စသည့် စိုက်ပျိုးရေးထုတ်ကုန်များ စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်နှင့် ငါးအမျိုးမျိုးနှင့် ပုစွန်ကဲ့သို့သော ပင်လယ်စာများကိုလည်း စင်ကာပူဈေးကွက်အပြင် အခြားအာရှ၊ ဥရောပနိုင်ငံများဈေးကွက်အထိ တင်ပို့နိုင်ရေး စီစဉ်လျက်ရှိသည်။

(မြန်မာ့အလင်း)

ယနေ့မာတိကာ

အဖွဲ့၏ အဓိကရည်ရွယ်ချက်သည်ကား အဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်

ခေါင်းကြီး စာမျက်နှာ-၂

ကလေးဘဝ စိတ်ဓာတ်ကျဆင်းခဲ့သူများ ဘဝနောက်ပိုင်းတွင် ဆိုးကျိုးများရှိ

စာမျက်နှာ-၅

ဂီတာဈေးကွက်တွင် စစ်ကိုင်းဂီတာ နေရာယူ

စာမျက်နှာ-၁၀

ရှာရာပိုဗာနှင့် ဝေါ့ဇ်နီယာစကီ ဗိုလ်လုမည်

စာမျက်နှာ-၁၄

အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ဥပဒေကြမ်းပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နေပြည်တော် စည်ပင်သာယာရေးဥပဒေကြမ်း (င)မှ (ဈ)အထိ ပါရှိပါသည်။